# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ - ၇၈)


၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၁ ရက် ၂၀၂၄ ခုနှစ်၊ အောက်တိုဘာ ၂၈ ရက်၊ တနင်္လာနေ့ အတွဲ (၆၄)၊ အမှတ် (၀၂၈)


**ယနေ့ ဖတ်စရာ**

## မြန်မာနိုင်ငံ အခြေခံပညာရေး ဖွံ့ဖြိုးတိုးတက်မှုနှင့် ဆရာများ၏ အခန်းကဏ္ဍ


ဆောင်းပါး စာ ၁၀


## ကြိုတင်မျှော်လင့်မထားသော အခြေအနေ အားလုံးအတွက် . . .


ဆောင်းပါး စာ ၁၁


## အပူပိုင်းမုန်တိုင်း ထရာမီကြောင့် ဖိလစ်ပိုင်၌ သေဆုံးသူ ၉၀ ရှိပြီး ၃၆ ဦး ပျောက်ဆုံး




နိုင်ငံတကာသတင်း စာ ၁၃


## ကမ္ဘာ့မီဒီယာဇာတ်ခုံပေါ်မှာ ဆွေးနွေးခဲ့ကြတဲ့ AI ခေတ်ရဲ့ သတင်းမီဒီယာတွေနဲ့ အနာဂတ်စိန်ခေါ်မှုတွေ




သတင်းဆောင်းပါး စာ ၁၄


## စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၆၃၂၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ


ပြည်တွင်းသတင်း စာ ၁၅


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲ တစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



အမျိုးသား + အမျိုးသမီး (၁၀) တက်လှော် မီတာ ၅၀၀ ပြိုင်ပွဲတွင် ပထမ(ရွှေတံဆိပ်)ဆုရ မြန်မာအသင်း။

## ကမ္ဘောဇလား နဂါးလှေလှော်ပြိုင်ပွဲတွင် မြန်မာလှေလှော် အားကစားအဖွဲ့ ရွှေတံဆိပ်နှစ်ခုနှင့် ငွေတံဆိပ်တစ်ခု ထပ်မံဆွတ်ခူးရရှိ

ရန်ကုန် အောက်တိုဘာ ၂၇

အပြည်ပြည်ဆိုင်ရာ ကနူးလှေလှော်အဖွဲ့ချုပ် (ICF)က ကြီးမှူးကျင်းပသည့် ကမ္ဘောဇလား နဂါးလှေလှော်ပြိုင်ပွဲနှင့် ၂၀၂၅ ခုနှစ်တွင် ချန်ဒူး၌ ကျင်းပမည့် ကမ္ဘာ့အားကစားပြိုင်ပွဲ၏ လက်ရည်စစ်ပြိုင်ပွဲ ချန်ပီယံရှစ် နဂါးလှေလှော်ပြိုင်ပွဲတွင် မြန်မာလှေလှော် အားကစားအဖွဲ့ ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိရာ ယနေ့တွင် ရွှေတံဆိပ်နှစ်ခုနှင့် ငွေတံဆိပ်တစ်ခု ထပ်မံဆွတ်ခူးရရှိကြောင်း သိရသည်။ *စာမျက်နှာ ၄ ကော်လံ ၁ ❍*

## ဆောင်းရာသီကာလ (၂၀၂၄ ခုနှစ် နိုဝင်ဘာလမှ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလအထိ) အတွက် ယေဘုယျ မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက်

နေပြည်တော် အောက်တိုဘာ ၂၇

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်း ငါးကြိမ် ဖြစ်ပေါ်နိုင်ပြီး နှစ်ကြိမ်တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်ပါသည်။ ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းတွင် တိမ်အနည်းငယ် ဖြစ်ထွန်းနိုင်ပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနိုင်သည်။

**မိုးအခြေအနေ**

မိုးရွာသွန်းမှုအခြေအနေမှာ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**ညအပူချိန်**

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် တောင်ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် ဆောင်းရာသီကာလ

*စာမျက်နှာ ၅ ကော်လံ ၁ ●*

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားတွင် အကအလှများဖြင့် ဖျော်ဖြေတင်ဆက်ကြမည့် ကျောင်းသူများ ကြိုတင်လေ့ကျင့်နေမှုကြည့်ရှုအားပေး

**နေပြည်တော် အောက်တိုဘာ ၂၇**

ပဉ္စမအကြိမ်အမျိုးသားအားကစားပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေး ဖွင့်ပွဲ၊ ပိတ်ပွဲ အခမ်းအနား ကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ကော်မတီဒုတိယဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဲ၊ အမြဲတမ်းအတွင်းဝန် ဦးဝင်းကျော်အောင်၊ ဌာနဆိုင်ရာအကြီးအကဲများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ကောင်စီနယ်မြေအတွင်းရှိ အခြေခံပညာကျောင်းများ၌ ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ်အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲ၊ ပိတ်ပွဲ အခမ်းအနား၌ အကအလှများဖြင့် ဖျော်ဖြေတင်ဆက်ကြမည့် ကျောင်းသူများ ကြိုတင်လေ့ကျင့်နေမှုများကို ကြည့်ရှုအားပေးကြသည်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ဇမ္ဗူသီရိမြို့နယ် အမှတ် (၁၁) အခြေခံ ပညာအထက်တန်းကျောင်း၌ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားတွင် အကအလှများဖြင့် ဖျော်ဖြေတင်ဆက်ကြမည့် ကျောင်းသူများ ကြိုတင်လေ့ကျင့်နေမှုများကို ကြည့်ရှုအားပေးစဉ်။

**လေ့ကျင့်ဆောင်ရွက်**

ဦးစွာ နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိရပ်ကွက်ရှိ အမှတ် (၁၁) အခြေခံပညာအထက်တန်းကျောင်းရှိ ပညာ့ဗိမာန်ခန်းမ၌ ပဉ္စမအကြိမ်အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားတွင် အကအလှများဖြင့် ဖျော်ဖြေတင်ဆက်ကြမည့် ကျောင်းသူများနှင့် တွေ့ဆုံသည်။

ထို့နောက် ပါဝင်နွှဲပျော်ဂုဏ်ယူဖွယ်ရာ အမျိုးသားအားကစားပွဲတော် Video Clip၊ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ကျင်းပခဲ့သည့် (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား မှတ်တမ်းနှင့် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲအခမ်းအနား အစီအစဉ်အလိုက် လေ့ကျင့်ဆောင်ရွက်လျက်ရှိသည့် Video Clip ကို ပြသသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ယခုကျင်းပမည့် အားကစားပွဲတော်သည် ပြည်တွင်း၌ ကျင်းပသည့် ပွဲတော်ဖြစ်သော်လည်း နိုင်ငံတော်အဆင့် အခမ်းအနားဖြစ်သည်နှင့်အညီ ဖွင့်ပွဲ၊ ပိတ်ပွဲများတွင် ကဏ္ဍအလိုက် နယ်ပယ်အသီးသီးမှ လူဦးရေ ၁၂၀၀ ကျော်ဖြင့် ခမ်းနားထည်ဝါစွာ ကျင်းပသွားမည်ဖြစ်ကြောင်း၊ ကျောင်းသူများအနေဖြင့် ပွဲတော်ကြီး၏ ကျရာကဏ္ဍမှ စိတ်အားထက်သန်စွာဖြင့် အကောင်းဆုံး ပါဝင်ဖျော်ဖြေတင်ဆက်နိုင်ကြမည်ဟု ယုံကြည်ပါကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်က လူငယ်ကဏ္ဍနှင့် ပညာရေးကို အမြဲအားပေး ထောက်ပံ့ပေးလျက်ရှိကြောင်း၊ နိုင်ငံတော်က အားကိုးရပြီး ဘက်စုံထူးချွန်သည့် လူငယ်များဖြစ်ကြစေလိုကြောင်း ပြောကြားသည်။

**ပါဝင်ဆင်နွှဲ**

ဆက်လက်၍ ဒုတိယဝန်ကြီး ဒေါ်နုမြဲနှင့် ဟာသပညာရှင် ဒိန်းဒေါင်တို့က ကျောင်းသူများကို အားပေးစကား ပြောကြားပြီး ဒိန်းဒေါင်က “ဆု” သီချင်းဖြင့် သီဆိုဖျော်ဖြေရာ ကျောင်းသူများက ပါဝင်ဆင်နွှဲကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ပွဲတော်ဖွင့်ပွဲအခမ်းအနားတွင် “ လှပချစ်စရာ တို့ရွှေမြန်မာ” သီချင်းနှင့် အတူ သရုပ်ဖော် အကအလှများဖြင့် ဖျော်ဖြေတင်ဆက်ကြမည့် ကျောင်းသူများ၏ ကြိုတင်လေ့ကျင့်နေမှုများကို ကြည့်ရှုအားပေးပြီး စားသောက်ဖွယ်ရာများ လိုက်လံပေးအပ်သည်။

**ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်**

ထိုမှတစ်ဆင့် ပျဉ်းမနားမြို့နယ် မင်္ဂလာရပ်ကွက်ရှိ အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်းရှိ စိုးမြင့်မိုရ်ခန်းမ၌ ပါဝင်ဖျော်ဖြေတင်ဆက်ကြမည့် ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံပြီး Video Clip များကို ပြသကာ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က အားပေးစကားပြောကြား၍ ဒိန်းဒေါင်က “ညမွှေးပန်း” သီချင်းဖြင့် သီဆိုဖျော်ဖြေရာ ကျောင်းသူများက ပါဝင်ဆင်နွှဲကြပြီး ပြည်ထောင်စုဝန်ကြီးက ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ဆက်လက်၍ “ လှပချစ်စရာ တို့ရွှေမြန်မာ” သီချင်းနှင့်အတူ သရုပ်ဖော်အကအလှများဖြင့် ဖျော်ဖြေတင်ဆက်ကြမည့် ကျောင်းသူများ၏ ကြိုတင်လေ့ကျင့်နေမှုများကို ကြည့်ရှုအားပေးပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အကနည်းပြ ဆရာမများအား ထောက်ပံ့ငွေများ ပေးအပ်သည်။

**ဖျော်ဖြေတင်ဆက်**

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားတွင် အခြေခံပညာကျောင်းများမှ ကျောင်းသူဦးရေ ၃၀၀ တို့က ပွဲတော်ဖွင့်ပွဲအခမ်းအနားတွင် “ လှပချစ်စရာ တို့ရွှေမြန်မာ” သီချင်းဖြင့်လည်းကောင်း၊ ပိတ်ပွဲအခမ်းအနားတွင် “ရွှေပြည်တော်သို့ တို့အတူ” သီချင်းဖြင့် လည်းကောင်း အကအလှများဖြင့် တွဲဖက်၍ ပါဝင်ဖျော်ဖြေတင်ဆက်သွားမည် ဖြစ်ကြောင်း သိရသည်။

ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားကို ကျောင်းသား ကျောင်းသူများ ၏ အကအလှများဖြင့် ဖျော်ဖြေတင်ဆက်မှုများ အပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်အလံများနှင့် အမျိုးသားအားကစားပွဲတော်အလံကို Free Fall ဖြင့် ကွင်းအတွင်း သယ်ဆောင်ခြင်း၊ နည်းပညာပိုင်းဆိုင်ရာ ပြကွက်များ၊ မီးရှူးမီးပန်း အလှဆင်ပစ်ဖောက်ခြင်းနှင့် ဖျော်ဖြေရေးအစီအစဉ်များဖြင့် နိုင်ငံတော်အဆင့် ခမ်းနားထည်ဝါစွာ ကျင်းပသွားမည်ဖြစ်သည်။

**စည်ကားသိုက်မြိုက်စွာကျင်းပ**

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကို နိုင်ငံတော်၏ အားကစားအဆင့်အတန်း ပိုမိုတိုးတက်မြင့်မားလာစေရန်၊ (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲနှင့် အခြားနိုင်ငံတကာပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်အောင်မြင်မှုရရှိစေရန်၊ နိုင်ငံ့ဂုဏ်ဆောင်နိုင်မည့် အဆင့်မီအားကစားသမားများနှင့် အလားအလာရှိသော လူငယ်မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွက်လာစေရန်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များ၊ ဝန်ကြီးဌာနများအကြား အချင်းချင်း ချစ်ကြည်ရင်းနှီးမှုရရှိပြီး အားကစားလှုပ်ရှားမှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်လာနိုင်စေရန်နှင့် ပြည်သူတစ်ရပ်လုံး အားကစားကို ပိုမိုစိတ်ပါဝင်စားလာပြီး အားကစားလှုပ်ရှားမှုများတွင် ပါဝင်လာစေရန်ရည်ရွယ်၍ ဝန်ကြီးဌာနအဆင့်တွင် အားကစားနည်းခြောက်မျိုးနှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်တွင် အားကစားနည်း ၂၃ မျိုးဖြင့် ဒီဇင်ဘာ ၉ ရက်မှ ၂၀ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ၅၀၀ ကေဗွီ လှိုင်သာယာ (အနောက်ပိုင်းတက္ကသိုလ်) ဓာတ်အားခွဲရုံစီမံကိန်း ဆောင်ရွက်ပြီးစီးသွားပါက ၅၀၀ ကေဗွီ ဓာတ်အားလိုင်းစနစ်ဖြင့် မြန်မာနိုင်ငံမြောက်ပိုင်းမှ ထုတ်လုပ်လျက်ရှိသည့် လျှပ်စစ်ဓာတ်အားများကို မြန်မာနိုင်ငံ တောင်ပိုင်းသို့ ဗို့အားပြည့်ဝတည်ငြိမ်စွာဖြင့် ပို့လွှတ်နိုင်မည်

နေပြည်တော် အောက်တိုဘာ ၂၇

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်အတွင်း လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေး ဦးစီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ၅၀၀ ကေဗွီ လှိုင်သာယာ (အနောက်ပိုင်းတက္ကသိုလ်) ဓာတ်အားခွဲရုံ တည်ဆောက်ရေးစီမံကိန်း၏ လုပ်ငန်းတိုးတက်မှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။**

ကြည့်ရှုစစ်ဆေးစဉ် တာဝန်ရှိသူများက စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ ၅၀၀ ကေဗွီ ဘုရားကြီး–လှိုင်သာယာ ဓာတ်အားလိုင်းစီမံကိန်း၊ ၅၀၀ ကေဗွီ လှိုင်သာယာ (အနောက်ပိုင်းတက္ကသိုလ်) ဓာတ်အားခွဲရုံ၊ ၅၀၀ ကေဗွီ ဘုရားကြီးဓာတ်အားခွဲရုံ စီမံကိန်းနှင့် ဆက်စပ်စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအမံများကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက လျှပ်စစ်ဓာတ်အား အမြန်ပို့လွှတ်နိုင်ရေး ဦးစားပေးလုပ်ငန်းအလိုက် ခွဲခြားပြီး ဆောင်ရွက်ရန်၊ လူအင်အား၊ ယန္တရားနှင့် စက်အင်အားများ တိုးချဲ့ပြီး အဆိုင်းစနစ်ဖြင့် ဆောင်ရွက်ရန်၊ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေး၊ လုံခြုံရေးသတိ၊ အသိအမြဲရှိစေရေး၊ လုပ်ငန်းခွင်သုံးပစ္စည်းများ စနစ်တကျ အသုံးပြုစေရေး၊ စီမံကိန်းတွင် တပ်ဆင်အသုံးပြုမည့် စက်ပစ္စည်းများ အရည်အသွေး စံချိန်စံညွှန်း ပြည့်မီရေးနှင့် ဘဏ္ဍာငွေများ လေလွင့်ဆုံးရှုံးမှုမရှိစေရေး အထူးအလေးထား ဆောင်ရွက်သွားကြရန် မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးကာ စီမံကိန်းလုပ်ငန်းခွင်အတွင်း Control Building နှင့် Switch Yard တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ထရန်စဖော်မာများ၊ Shunt Reactor တပ်ဆင်နေမှုနှင့် Hybrid Gas Insulated Switchgear (HGIS) တပ်ဆင်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။**(ယာပုံ)**

ယခု အကောင်အထည်ဖော် တည်ဆောက်လျက်ရှိသည့် ၅၀၀ ကေဗွီ လှိုင်သာယာ (အနောက်ပိုင်းတက္ကသိုလ်) ဓာတ်အားခွဲရုံစီမံကိန်း ဆောင်ရွက်ပြီးစီးသွားပါက ၅၀၀ ကေဗွီ ဓာတ်အားလိုင်းစနစ်ဖြင့် မြန်မာနိုင်ငံ မြောက်ပိုင်းမှ ထုတ်လုပ်လျက်ရှိသည့် လျှပ်စစ်ဓာတ်အားများကို မြန်မာနိုင်ငံ တောင်ပိုင်းသို့ ဗို့အားပြည့်ဝတည်ငြိမ်စွာဖြင့် ပို့လွှတ်နိုင်မည်ဖြစ်သည်။ ယခုအခါ ၅၀၀ ကေဗွီ ဓာတ်အားခွဲရုံများ တည်ဆောက်နေဆဲကာလတွင် ၂၃၀ ကေဗွီ ဗို့အားဖြင့် လျှပ်စစ်ဓာတ်အားများ စတင်ပို့လွှတ်ပေးလျက်ရှိပြီး ၅၀၀ ကေဗွီစနစ်ဖြင့် ပို့လွှတ်နိုင်ရန်အတွက် ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ တည်ဆောက်ခြင်းအပါအဝင် စီမံကိန်းတစ်ခုလုံးအနေဖြင့် ၇၉ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကာ ၂၀၂၅ ခုနှစ် ဧပြီလအတွင်း စီမံကိန်းတစ်ခုလုံး ရာနှုန်းပြည့် ပြီးစီးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။



သတင်းစဉ်





# သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၏ ၂၀၂၄ ခုနှစ် ပြည်ထောင်စုဝန်ကြီးဖလား အားကစားပြိုင်ပွဲများကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၇**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၏ ၂၀၂၄ ခုနှစ် ပြည်ထောင်စုဝန်ကြီးဖလား အားကစားပြိုင်ပွဲများကို ယနေ့တွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ဆက်လက်ယှဉ်ပြိုင်ကြသည်။

(အမျိုးသား) ဘောလုံးပြိုင်ပွဲကို လေ့ကျင့်ရေးကွင်း (၁) ၌လည်းကောင်း၊ (အမျိုးသား) ဘော်လီဘောပြိုင်ပွဲကို အားကစားလေ့ကျင့်ရေးခန်းမ(၁)၌ လည်းကောင်း၊ (အမျိုးသား) ပိုက်ကျော်ခြင်းပြိုင်ပွဲကို အားကစားလေ့ကျင့်ရေးခန်းမ (၃) ၌လည်းကောင်း ကျင်းပခဲ့ပြီး ပြိုင်ပွဲသို့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ကျောင်းသားကျောင်းသူများ တက်ရောက်ကြည့်ရှုအားပေးကြကာ **(အပေါ်ပုံ)** ပြိုင်ပွဲများအပြီးတွင် အားကစားသမားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်၍ အားပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

*❍ ရှေ့ဖုံးမှ*

အဆိုပါပြိုင်ပွဲ၏ အမျိုးသား (၁၀)တက်လှော် မီတာ ၂၀၀ ပြိုင်ပွဲတွင် အင်ဒိုနီးရှားအသင်းက ပထမ (ရွှေတံဆိပ်)ဆု၊ မြန်မာအသင်းက ဒုတိယ (ငွေတံဆိပ်)ဆုနှင့်ထိုင်းအသင်းက တတိယ(ကြေးတံဆိပ်) ဆုကိုလည်းကောင်း ၊ အမျိုးသား + အမျိုးသမီး (၁၀) တက်လှော် မီတာ ၅၀၀ ပြိုင်ပွဲတွင် မြန်မာအသင်းက ပထမ(ရွှေတံဆိပ်)ဆု၊ ထိုင်းအသင်းက ဒုတိယ (ငွေတံဆိပ်)ဆုနှင့် အင်ဒိုနီးရှားအသင်းက တတိယ (ကြေးတံဆိပ်)ဆုကိုလည်းကောင်း၊ အမျိုးသား(၁၀) တက်လှော် မီတာ ၂၀၀၀ ပြိုင်ပွဲတွင် မြန်မာအသင်းက ပထမ(ရွှေတံဆိပ်)ဆု၊ ဟောင်ကောင်အသင်းက ဒုတိယ(ငွေတံဆိပ်)ဆုနှင့် ရုရှားအသင်းက တတိယ (ကြေးတံဆိပ်) ဆုကိုလည်းကောင်း၊ အမျိုးသား + အမျိုးသမီး (၁၀)တက်လှော် မီတာ ၂၀၀၀ ပြိုင်ပွဲတွင် မြန်မာအသင်းက စတုတ္ထအဆင့်ကိုလည်းကောင်း ဆွတ်ခူးရရှိခဲ့ခြင်းဖြစ်သည်။

မြန်မာလှေလှော်အဖွဲ့သည် ပြိုင်ပွဲ ရှစ်မျိုး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ရွှေတံဆိပ် ငါးခု၊ ငွေတံဆိပ် နှစ်ခုနှင့် စတုတ္ထအဆင့်တို့ရရှိကာ စုစုပေါင်း ဆုတံဆိပ် ရှစ်ခုရရှိခဲ့ပြီး အဆိုပါ ပြိုင်ပွဲများသို့ အိမ်ရှင်တရုတ်အသင်း၊ ဥရောပအသင်းများ၊ အာရှအသင်းများနှင့် အာဆီယံနိုင်ငံများမှ အသင်းပေါင်း ၁၈ သင်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

မြန်မာလှေလှော်အဖွဲ့သည် ဖိလစ်ပိုင်သမ္မတနိုင်ငံ Puerto Princesa မြို့၌ကျင်းပမည့် အပြည်ပြည်ဆိုင်ရာ ကနူးလှေလှော်အဖွဲ့ချုပ်၏ ၂၀၂၄ ခုနှစ် ကမ္ဘာ့ဖလား နဂါးလှေလှော်ပြိုင်ပွဲ (2024 ICF Dragon Boat World Cup)သို့ဝင်ရောက်ယှဉ်ပြိုင်ရန်ဆက်လက် ထွက်ခွာသွားကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ညောင်တုန်းမြို့၌ အခြေခံပညာအဆင့် ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာစွမ်းရည်နှင့်သင်္ချာစွမ်းရည်(မြို့နယ်အဆင့်)ပြိုင်ပွဲကျင်းပ

**ညောင်တုန်း အောက်တိုဘာ၂၇**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်(၂၀၂၄-၂၀၂၅) ပညာသင်နှစ် အခြေခံပညာအဆင့် ကျောင်းသား ကျောင်းသူများ၏ အင်္ဂလိပ်စာစွမ်းရည် ဖွံ့ဖြိုးတိုးတက်ရေးနှင့် သင်္ချာဉာဏ်စွမ်းရည် တိုးတက်ရေးအတွက် မြို့နယ်အဆင့် ပြိုင်ပွဲစစ်ဆေးခြင်းများကို ညောင်တုန်းမြို့ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း၌ အောက်တိုဘာ ၂၇ ရက် နံနက်ပိုင်းက ကျင်းပသည်။

အင်္ဂလိပ်စာ စွမ်းရည်ပြိုင်ပွဲ စစ်ဆေးခြင်းကို ညောင်တုန်းမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ ဝင်ရောက်ယှဉ်ပြိုင်ကြရာ Grade–9 တွင် ၁၀ ဦး၊ Grade–8 တွင် ကိုးဦး၊ Grade–7 တွင် ၁၂ ဦး၊ Grade– 6 တွင် ၁၅ဦး၊ Grade–5 တွင် ၂၆ ဦး စုစုပေါင်း ၇၂ ဦး ဝင်ရောက်ယှဉ်ပြိုင်ဖြေဆိုကြသည်။

သင်္ချာစွမ်းရည် ပြိုင်ပွဲတွင် Grade–9 တွင်၁၈ ဦး၊ Grade–8 တွင် ကိုးဦး၊ Grade–7 တွင် ၂၂ဦး၊ Grade–6 တွင်၂၁ ဦး၊ Grade–5 တွင် ၃၉ ဦး စုစုပေါင်း ၁၀၉ ဦး ဝင်ရောက်ယှဉ်ပြိုင် ဖြေဆိုကြပြီး ရေးဖြေနှင့် ကျပန်းအဆင့်နှစ်ဆင့်ဖြင့် စစ်ဆေးသွားမည်ဖြစ်ကြောင်း မြို့နယ်အဆင့် အောင်မြင်ပါက တိုင်းအဆင့်ထပ်မံယှဉ်ပြိုင်ဖြေဆိုသွားရမည်ဖြစ်ကြောင်း ဒုတိယမြို့နယ်ပညာရေးမှူး ဒေါ်ဝေဝေနွယ်က ပြိုင်ပွဲစည်းကမ်းချက်များ ရှင်းလင်းပြောပြချက်အရ သိရသည်။



**ထွန်းကျော်(ညောင်တုန်း)**

# နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်

**နေပြည်တော် အောက်တိုဘာ ၂၇**

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အနည်းငယ် ဖြစ်ထွန်းမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး မိုးထစ်ချုန်း၍ နေရာကွက်ကျား မိုးအနည်းငယ် ရွာနိုင်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိစက်ရုံများ ကြည့်ရှုစစ်ဆေး



**နေပြည်တော် အောက်တိုဘာ ၂၇**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချာလီသန်းသည် ယနေ့ နံနက်ပိုင်းတွင် အင်းစိန်မြို့နယ်ရှိ သုတေသနဌာနသို့ရောက်ရှိပြီး တာဝန်ရှိသူများနှင့် တွေ့ဆုံကာ မြန်မာ့ဆေးဝါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေး၊ ဆေးဝါးစက်ရုံများ၏ ထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်စေရေးနှင့် MSME များကို အထောက်အကူပြုနိုင်ရန် ကြိုးစားဆောင်ရွက်ရန်၊ ပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစွာ စားသောက်နိုင်ရေးအတွက် စားသောက်ကုန် ပစ္စည်းများကို သတ်မှတ်ထားသည့် စံချိန်စံညွှန်းများနှင့်အညီ စစ်ဆေးကြပ်မတ်ပေးရန်၊ ဝန်ထမ်းများ၏ အတတ်ပညာများနှင့် ကျွမ်းကျင်မှုများကို ထိရောက်အကျိုးရှိစွာ အသုံးပြုနိုင်ရေးစီမံဆောင်ရွက်ရန်၊ ကောင်းမွန်သည့် ဓာတ်ခွဲခန်းကျင့်စဉ်များနှင့်အညီ ဆောင်ရွက်နိုင်ရေးအတွက် ဝန်ထမ်းများ၏ ကျွမ်းကျင်မှုအဆင့်များကို တိုးမြှင့်ပေးရန်နှင့် ပြည်သူများအတွက် လိုအပ်သော ဆေးဝါးအမယ်သစ်များ ထုတ်လုပ်နိုင်ရေးအတွက် သုတေသနလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် မူလဓာတ်ခွဲခန်းကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဝန်ဆောင်မှုလုပ်ငန်းများ အမြန်ဆုံးစတင်နိုင်ရေး ဝန်ထမ်းများကို သင်တန်းများ ဖွင့်လှစ်လေ့ကျင့်သင်ကြားပေးရန်၊ ဘေးကင်းလုံခြုံရေး၊ ဓာတ်ခွဲခန်းပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရေးတို့အတွက် အလေးထားစီမံဆောင်ရွက်ရန်၊ နိုင်ငံတကာ အသိအမှတ်ပြုလက်မှတ်များ ရရှိရေး စီမံဆောင်ရွက်ရန် ကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။

ယင်းနောက် ဆေးဝါးစက်ရုံ (အင်းစိန်)သို့ရောက်ရှိပြီး ကျန်းမာရေးဝန်ကြီးဌာနမှ မှာယူထားသည့် ဆေးပြားများအချိန်မီပေးပို့နိုင်ရေးအတွက် ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးသည် ယမန်နေ့ ညနေပိုင်းက ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်ရှိ ကြွေရည်စိမ်ပစ္စည်းစက်ရုံ (လှိုင်)သို့ ရောက်ရှိပြီး တာဝန်ရှိသူများနှင့် တွေ့ဆုံကာ ဈေးကွက်နှင့် ကိုက်ညီသည့် ထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်ရန်၊ စက်ရုံမှ ထုတ်လုပ်သည့် ထုတ်ကုန်ပစ္စည်းများ၏ အရည်အသွေး တိုးတက်ကောင်းမွန်စေရေး သုတေသနလုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်ရန်၊ ပုဂ္ဂလိကစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်၊ ပြည်သူများအတွက် လိုအပ်သော ကုန်ပစ္စည်းများ ထုတ်လုပ်ရန်၊ ပြည်ပသွင်းကုန်အစားထိုးကုန်ထုတ်လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်သွားရန် ဆွေးနွေးမှာကြား၍ စက်ရုံအတွင်း ရော်ဘာအခြေပြု ဖိနပ်အမျိုးမျိုး ထုတ်လုပ်နေသည့် လုပ်ငန်းစဉ်အဆင့်ဆင့်ကို **(ဝဲပုံ)** လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးရဲတင့် စာဆိုဗိမာန်အဆောက်အဦ သုံးထပ်(RC) ဆောက်လုပ်နေမှု ကြည့်ရှုစစ်ဆေး

**ရန်ကုန် အောက်တိုဘာ ၂၇**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်သည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ဥယျာဉ်ရပ်ကွက် ဗိုလ်မင်းခေါင်လမ်း အမှတ် (၁၈-အေ) ရှိစာဆိုဗိမာန် အဆောက်အဦ သုံးထပ် (RC) ဆောက်လုပ်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး**(ယာပုံ)** ဌာနဆိုင်ရာ တာဝန်ရှိများနှင့် ကုမ္ပဏီမှ တာဝန်ရှိသူများအား တွေ့ဆုံ၍ လိုအပ်သည်များ မှာကြားသည်။

ထိုသို့ တွေ့ဆုံမှာကြားရာတွင် ဒုတိယဝန်ကြီးက လုပ်ငန်းစတင်ဆောင်ရွက်ရာတွင် ခိုင်မာတောင့်တင်းမှုသေချာစေရန် လိုအပ်သည့် စမ်းသပ်စစ်ဆေးမှုများကို အခြေခံဆောင်ရွက်ရန်လိုကြောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ အရည်အသွေးစစ်ဆေးရေးအဖွဲ့၏ စစ်ဆေးမှုဖြင့် စနစ်တကျဆောင်ရွက်ရန်လိုကြောင်း၊ လုပ်ငန်းကြီးတစ်ခုလုံး ၂၀၂၅ ခုနှစ်ကုန်ခန့်တွင် ပြီးစီးရေး စီမံချက်ချဆောင်ရွက်ပေးရန်နှင့် ရေစီးရေလာကောင်းမွန်ရေးကို သတိထားဆောင်ရွက်ပေးရန်၊ ပင်မအဆောက်အဦကြီးကို သတ်မှတ်ဒီဇိုင်းအတိုင်းအတာဖြင့် အရည်အသွေးမလျော့စေရန်နှင့် အတွင်းပိုင်း အချောသပ်ပြင်ဆင်မှုများကို ညှိနှိုင်းပြီး ကောင်းမွန်အောင် ဆောင်ရွက်ရန်လိုကြောင်း မှာကြားသည်။

**သတင်းစဉ်**



● *ရှေ့ဖုံးမှ*

ပျမ်းမျှအပူချိန်၏ ၁ ဒသမ ၅ ဒီဂရီစင်တီဂရိတ်နှင့်အထက်ပိုနိုင်ပြီး ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဆောင်းရာသီကာလ ပျမ်းမျှအပူချိန်ခန့်သာ ရှိနိုင်သည်။

**မြူအခြေအနေ**

ဆောင်းရာသီကာလအတွင်း ဒေသအလိုက် မြူထူဆိုင်းလေ့ရှိပြီး ကမ်းရိုးတန်းဒေသများ၊ ကုန်းမြင့်နှင့် တောင်တန်းဒေသများတို့တွင် ပိုမိုထူထပ်စွာ မြူထူဆိုင်းတတ်သည်။

**(မြူအခြေအနေ ခန့်မှန်းချက်များကို လပတ်ခန့်မှန်းချက်များတွင် လအလိုက် ထပ်မံထုတ်ပြန်ပေးသွားမည်ဖြစ်ပါသည်။)**

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့နှင့် မြင်းမူမြို့တို့တွင် ခြောက်ပေမှ ၁၀ ပေခန့်၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ၁၆ ပေမှ ၁၉ ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် ရှစ်ပေမှ ၁၆ ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် ကိုးပေခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့တွင် သုံးပေခန့်၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် ခုနစ်ပေမှ ကိုးပေခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် ခြောက်ပေမှ ကိုးပေခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် သုံးပေခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့တွင် နှစ်ပေခွဲခန့်နှင့် ပဲခူးမြို့တွင် ငါးပေခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ခြောက်ပေခွဲခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် နှစ်ပေခွဲခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ၁၆ ပေခန့်၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် သုံးပေမှ ခြောက်ပေခန့်၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် ငါးပေခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် လေးပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်း နှစ်ကြိမ် ဖြစ်ပေါ်နိုင်ပြီး တစ်ကြိမ်တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အနည်းငယ်ဖြစ်ထွန်းနိုင်ပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် ရွာသွန်းမှုမြဲအောက်လျော့နည်းနိုင်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမှုမြဲထက်ပိုနိုင်ကာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၇ ရက်မှ ၁၂ ရက်ခန့်နှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ၂ ရက်မှ ၆ ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**ညအပူချိန်**

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် နိုဝင်ဘာလ ပျမ်းမျှအပူချိန်၏ ၁ ဒသမ ၅ ဒီဂရီစင်တီဂရိတ်နှင့်အထက်ပိုနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့်အရှေ့ပိုင်း)၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နိုဝင်ဘာလပျမ်းမျှ အပူချိန်ခန့်သာ ရှိနိုင်သည်။

**မြူအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၁၆ ရက်မှ ၂၀ ရက်ခန့်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ၁၁ ရက်မှ ၁၅ ရက်ခန့်နှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် ၅ ရက်မှ ၁၀ ရက်ခန့် နံနက်ပိုင်းတွင် မြူထူများဆိုင်းနိုင်သည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့နှင့် မြင်းမူမြို့တို့တွင် လေးပေမှ ခြောက်ပေခန့်၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ခုနစ်ပေမှ ၁၁ ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် လေးပေမှ ကိုးပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် ငါးပေခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့တွင် တစ်ပေခွဲခန့်၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် လေးပေမှ ခြောက်ပေခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် သုံးပေခန့်စီ၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် တစ်ပေခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့နှင့် ပဲခူးမြို့တို့တွင် တစ်ပေမှ သုံးပေခွဲခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် သုံးပေခွဲခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် တစ်ပေခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ၁၀ ပေခန့်၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် နှစ်ပေမှ လေးပေခန့်၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် နှစ်ပေခွဲခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် နှစ်ပေခွဲခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

**မိုး/ဇလ**

# ဒီမိုကရေစီမှ နန်းစဉ်နိုင်ငံရေးသို့ အင်ဒိုနီးရှားအစိုးရအသစ်နှင့် ရှေ့အလားအလာ

*------ ကိုကိုလှိုင် ------*

*(ယမန်နေ့မှအဆက်)*

**၂၀၂၄ ရွေးကောက်ပွဲ နိုင်ငံရေး ရွှေ့ကွက်များ**

၂၀၁၄ မှ ၂၀၂၄ ခုနှစ်အထိ သမ္မတသက်တမ်း ၁၀ နှစ်ကာလအတွင်း သမ္မတ ဂျိုကိုဝီမှာ များစွာ အတွေ့အကြုံရင့်ကျက်ပြီး လုံးဝပုံစံပြောင်းလဲ သွားခဲ့သည်။ ဂျာဗားကျွန်းမှ ဂျာကာတာမြို့တော်သို့ ရောက်ရှိလာသည့် အစိမ်းသက်သက် တောသား နိုင်ငံရေးသမား မဟုတ်တော့ပေ။ ထိုက်သင့်သည့် အတွေ့အကြုံ၊ ဗဟုသုတ၊ အဆက်အသွယ်ကွန်ရက်နှင့် နိုင်ငံရေးအရင်းအနှီးတို့ စုဆောင်းမိခဲ့ပြီ ဖြစ်သည်။ လူ့အသိုက်အဝန်း ကျဉ်းကျဉ်းကလေး၌ လူကြီးလုပ်ရခြင်းမှာ (A big fish in a small pond) ရေအိုင်သေးသေးကလေးထဲ၌ ငါးရံ့ခေါင်းတိုက ဗိုလ်လုပ်ရသည်နှင့် တူ၏။ လူဦးရေသန်း ၂၈၀ ကျော်ရှိပြီး ကျွန်းပေါင်း ၁၇၀၀၀ ရှိသော နိုင်ငံကြီး ကို အုပ်ချုပ်ရခြင်းမှာကား ပင်လယ်အတွင်း၌ ရှင်သန်နိုင်ရန် ကြိုးပမ်းရခြင်းမျိုးဖြစ်လေရာ ငါးရံ့ခေါင်းတို့၏ ဗဟုသုတ၊ အမူအကျင့်၊ ခွန်အားမျှနှင့် မလုံလောက်တော့ပေ။ ရောမသို့ရောက်လျှင် ရောမသားတို့ကဲ့သို့ ကျင့်ရမည်ဟု ဆိုရိုးရှိသည်နှင့် အညီ ဂျိုကိုဝီသည်လည်း ဂျာကာတာနိုင်ငံရေးကို ဂျာကာတာသား အင်ဒိုနီးရှားရေပေါ်ဆီ အသိုက် အဝန်းတို့၏ ပုံစံအတိုင်း လိုက်နာကျင့်ကြံရပေ တော့သည်။ ဂျိုကိုဝီကို ပုံသွင်းစင်တင်ပေးခဲ့သည့် ဒီမိုကရေစီနှင့် လစ်ဘရယ်စံနှုန်းတန်ဖိုးစသည့် နိုင်ငံရေးကျမ်းစာလာ သဘောတရားတို့သည်၊ လက်တွေ့ဘဝနိုင်ငံရေး (Real politik) ကျားကွက် များအောက်၌ မှေးမှိန်သွားခဲ့လေပြီ။

ဂျိုကိုဝီလည်း အသက်ရခဲ့ပြီ။ ၁၉၆၁ ခုနှစ်ဖွား ဂျိုကိုဝီသည် အသက် ၆၃ နှစ် ရှိခဲ့ပြီဖြစ်ပြီး နောက်ထပ် သမ္မတဆက်လုပ်ရန်လည်း အခွင့်မရှိ တော့ပြီဖြစ်ရာ သူ၏ မျိုးဆက်ရင်သွေး နန်းညွန့်များ ကိုသာ နန်းစဉ်နိုင်ငံရေး အမွေပေးခဲ့ရန် စဉ်းစားရ တော့မည်ဖြစ်သည်။ ထိုသို့ နိုင်ငံခေါင်းဆောင် သားသမီးများ ခေါင်းဆောင်ဆက်လုပ်ကြသည်မှာ ဒီမိုကရေစီနိုင်ငံကြီးများအပါအဝင် ကမ္ဘာပေါ်၌ ထူးဆန်းလှသည့် ကိစ္စတော့မဟုတ်ပေ။ အမေရိကန် ၌ သမ္မတဘုရှ်သားအဖ၊ အိန္ဒိယ၌ နေရူး၊ အင်ဒီရာ ဂန္ဒီ၊ ရာဂျစ်ဂန္ဒီနန်းဆက်၊ ပါကစ္စတန်၌ ဘူတို ဖခင် နှင့်သမီး၊ ဘင်္ဂလားဒေ့ရှ်၌ ရှိမူဂျစ်နှင့် ရှိတ်ဟာဆီနာ၊ ဖိလစ်ပိုင်၌ အကွီနို၊ မားကို့စ်၊ အာရိုယို၊ ထိုင်းနိုင်ငံ၌ သက်ဆင်နန်းဆက်၊ ကမ္ဘောဒီးယား၌ ဟွန်ဆန် သားအဖ၊ စသည် စသည်ဖြင့် များပြားလှသည်။

သို့ရာတွင် ဂျိုကိုဝီ၏ ရင်သွေးများအား နိုင်ငံရေး နန်းဆက်အမွေပေးရေးတွင် အဖုအထစ် အခက်အခဲ



အင်ဒိုနီးရှားသမ္မတသစ် ပရာဘိုဝို ကျမ်းသစ္စာကျိန်ဆိုနေသည်ကို တွေ့ရစဉ်။ (၂၁-၁၀-၂၀၂၄)

အချို့ ရှိနေခဲ့သည်။ ဂျိုကိုဝီတွင် အရွယ်ရောက်ပြီး ဖြစ်သော သားနှစ်ဦးရှိရာ သားအကြီး ဂီဘရန် ရာကာဘူမင်နှင့် သားအငယ် ကေဆန် ပန်ဂါရက် တို့ဖြစ်သည်။ ညီအစ်ကိုနှစ်ယောက်မှာ အသက် ၁၀ နှစ်ခန့်ကွာကြလေရာ သားအကြီးက သမ္မတ သက်တမ်း ၁၀ နှစ်ပြည့်ချိန်တွင် သားအငယ်က သမ္မတအသစ်အဖြစ် ထီးမွေနန်းမွေဆက်ခံရန် အသင့် ဖြစ်နေပေလိမ့်မည်။ ယင်းစိတ်ကူးမှာ သမ္မတ ဂျိုကိုဝီကတော် မဒမ်အီရီယန်နာက စတင် ဖော်ထုတ်ခဲ့ခြင်းဖြစ်သည်ဟုလည်း မီဒီယာအချို့က ဆိုကြသည်။

မည်သို့ပင်ဖြစ်စေ သားများအတွက် ပဒေသရာဇ် စနစ်ကဲ့သို့ အဖေနန်းစွန့်သည်နှင့် သားဖြစ်သူ ဥပရာဇာက အကြားအလပ်မရှိ ချက်ချင်း ထီးနန်း ဆက်ခံသည့် "အဝိဂတပစ္စယော" ပုံစံတော့လုပ်၍ ရမည်မဟုတ်ပေ။ ဒီမိုကရေစီနိုင်ငံဖြစ်သည့် အားလျော်စွာ သားများအတွက် "နိုင်ငံရေး အလုပ် သင်" ကာလတစ်ရပ်ကိုမူ ဖြတ်သန်းပေးရပေလိမ့် မည်။ ယင်းမှာလည်း မဖြစ်နိုင်သည်မဟုတ်။ နောက် ရွေးကောက်ပွဲတွင် အလားအလာရှိသည့် ပြိုင်ဘက် ပါတီမှ သမ္မတလောင်းနှင့် "ဆန်ပေး၍ ဆေးရ"သည့် နိုင်ငံရေးအပေးအယူလုပ်ကာ ယင်းသမ္မတ လောင်း၏ တွဲဖက် ဒုတိယသမ္မတလောင်းအဖြစ် ထည့်သွင်းပေးလိုက်ရန်သာဖြစ်၏။ ဤနည်းဖြင့် ပြိုင်ဘက်ပါတီမှ သမ္မတလောင်းလည်း ပါတီနှစ်ခု ပေါင်း ထောက်ခံမှုဖြင့် ရှောရှောရှူရှူ သမ္မတဖြစ်၊ သားတော်မောင်လည်း ဒုတိယသမ္မတဖြစ်၊ ဆိတ်နှင့် ခွေး ဇာတ်လမ်းကဲ့သို့ မိမိတို့လိုရာကို လဲလှယ် ရယူနိုင်ကြမည် ဖြစ်လေသည်။ ဖိလစ်ပိုင်နိုင်ငံတွင် ပြိုင်ဘက်ပါတီမှ သမ္မတဟောင်း ဖာဒီနန်မားကို့စ်၏ သား မားကို့စ်ဂျူနီယာ (ဘွန်ဘွန်း)နှင့်အတူ အာဏာရ ပါတီမှ သက်တမ်းကုန်သမ္မတ ဒူတာတေး၏ သမီး ကို ဒုတိယသမ္မတလောင်းအဖြစ်တွဲ၍ ရွေးကောက် ခံစေသောသာဓကမှာလည်း လောလောလတ်လတ် ရှိနေလေသည်။

သို့သော် အဓိကအခက်အခဲမှာ ဂျိုကိုဝီ၏ သားတော်မောင်များက ရည်မှန်းထားသည့် နိုင်ငံ ရေးရာထူးများအတွက် အခြေခံဥပဒေက သတ်မှတ် ထားသည့် အသက်များမပြည့်မီသေးခြင်း ဖြစ်သည်။ သားအကြီး ဂီဘရန်က သမ္မတ/ ဒုတိယသမ္မတ လောင်း ရွေးကောက်ပွဲဝင်ရန် အနိမ့်ဆုံးသတ်မှတ် ထားသည့် အသက် ၄၀ နှစ် မပြည့်သေး။ အသက် ၃၇ နှစ်သာ ရှိသေးသည်။ သားအငယ် ကေဆန်ကို လည်း ဂျာကာတာမြို့တော်ဝန် မျှော်မှန်းထားရာ သူကလည်း သတ်မှတ်ထားသော အသက် ၃၀ မပြည့်သေးပေ။

ယင်းအတွက် "လိုလျှင်ကြံဆ၊ နည်းလမ်းရ" ဆိုသကဲ့သို့ ဥပဒေ၏ဟာကွက် လစ်ကွက်၊ မျှော့ကြိုး ကဲ့သို့ ဆွဲဆန့်ရမည့် အကွက်များကို ရှာကြံရတော့ သည်။ သားအကြီး ဂီဘရန်အတွက်မူ ဂျိုကိုဝီ၏ ယောက်ဖ၊ ဂီဘရန်၏ ဦးလေးဖြစ်သူ အခြေခံဥပဒေ ခုံရုံးဥက္ကဋ္ဌ တရားသူကြီးချုပ် အန်နဝါအူစမန်က၊ သမ္မတ/ဒုတိယသမ္မတလောင်းသည် ယခင်က ရာထူးတစ်ခုအတွက် ရွေးကောက်တင်မြှောက်ခံရ ဖူးသူဖြစ်လျှင် အသက်ကန့်သတ်ချက်ထားရှိရန် မလိုဟူ၍ စီရင်ဆုံးဖြတ်လိုက်သည့်အတွက် အဆင် ပြေသွားခဲ့သည်။ ဂီဘရန်မှာ ဖခင်ဖြစ်သူ၏ အရိုက် အရာကိုဆက်ခံ၍ ၂၀၂၀ ပြည့်နှစ်တွင် ဆူရာကာတာ မြို့တော်ဝန်အဖြစ် ရွေးကောက်ခံခဲ့ရသောကြောင့် ဖြစ်၏။ တရားရုံးစီရင်ချက်မှာ သမ္မတ/ ဒုတိယ သမ္မတလောင်းများ မှတ်ပုံတင်ရန် သုံးရက်အလိုတွင် ချမှတ်ခဲ့ခြင်းဖြစ်သည်။ ဤစီရင်ချက်မှာ ယခင်က တရားရုံးဆုံးဖြတ်ချက်များကို ချိုးဖောက်၍ မျက်နှာ လိုက်သည်ဟုဆိုကာ လူမှုအဖွဲ့အစည်းနှင့် နိုင်ငံရေး တက်ကြွလှုပ်ရှားသူများက တရားရေးကျင့်ဝတ် ကောင်စီကို တိုင်တန်းအရေးဆိုကြသောကြောင့် ဦးလေးဖြစ်သူ အန်နဝါမှာ အခြေခံဥပဒေခုံရုံးဥက္ကဋ္ဌ တရားသူကြီးချုပ်ရာထူးမှ နုတ်ထွက်ပေးခဲ့ရသည်။

သို့ရာတွင် သားငယ်ကေဆန်မှာမူ အစ်ကို ဖြစ်သူကဲ့သို့ ကံမကောင်းခဲ့ပေ။ ပါလီမန်တွင် ဂျိုကိုဝီနှင့် ပရာဘိုဝိုတို့ ဦးစီးသည့်ပါတီများမှ အမတ်များက မြို့တော်ဝန်အဖြစ် အရွေးခံမည့် သူများသည် ရွေးကောက်ပွဲနေ့၌ အသက် ၃၀ မပြည့်သေးလျှင်ပင် ကျမ်းသစ္စာ ကျိန်ဆိုသည့် နေ့၌ အသက် ၃၀ ပြည့်ပြီးလျှင် ရွေးကောက်ပွဲ ဝင်ခွင့်ပြု နိုင်သည်ဟူသော ဥပဒေကြမ်းကို တင်သွင်းခဲ့ရာ တစ်နိုင်ငံလုံးက မကျေမနပ်ဖြစ်၍ ဆူပူဆန္ဒပြကြ သောကြောင့်၊ အခြေခံဥပဒေတရားရုံးကလည်း ယင်းကိစ္စကို ပယ်ချသည့် စီရင်ချက် ချမှတ်ခဲ့သည်။ ထို့ကြောင့် ကေဆန်မှာ ဂျာကာတာမြို့တော်ဝန် ရာထူးနှင့်လွဲခဲ့ရသည်။ သားကြီးဖြစ်သူ ဂီဘရန် ဒုတိယသမ္မတဖြစ်ရေးအတွက် ဂျိုကိုဝီသည် သူ၏ နိုင်ငံရေးအခြေကုပ်ဖြစ်သော PDI-P ပါတီ၏ ဥက္ကဋ္ဌ မီဂါဝတီနှင့်အတိုက်အခံပြုကာ ညောင်ညိုပင်စခန်းမှ လမ်းခွဲခဲ့ရသည်။ မီဂါဝတီက သူကြိုးဆွဲနိုင်မည့် လူယုံဖြစ်သော ပါတီဒုတိယဥက္ကဋ္ဌ ဂန်ဂျာကို ပါတီ၏ သမ္မတလောင်းအဖြစ် အမည်စာရင်း တင်သွင်းလို သော်လည်း ဂျိုကိုဝီက ပြိုင်ဘက်ဟောင်း ပရာဘိုဝို ကို ထောက်ခံခဲ့သည့်အတွက် စိတ်ဝမ်းကွဲခဲ့ရခြင်း ဖြစ်၏။

မည်သို့ပင်ဖြစ်စေ ဂျိုကိုဝီနှင့် ပရာဘိုဝိုတို့၏ စနစ်တကျအကွက်ချထားသော ရွေးကောက်ပွဲ စီမံကိန်းကြီးကား ကောင်းစွာ အောင်မြင်ထမြောက် သွားခဲ့သည်။ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၁၄ ရက်နေ့ တွင် အင်ဒိုနီးရှားရွေးကောက်ပွဲကော်မရှင်က သမ္မတလောင်း ပရာဘိုဝိုနှင့် ဒုတိယသမ္မတလောင်း ဂီဘရန်တို့သည် ထောက်ခံမဲ ၅၉ ရာခိုင်နှုန်းဖြင့် အနိုင်ရရှိသွားကြောင်း ကြေညာခဲ့သည်။ သို့သော် လည်း သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုပွဲကို ခုနစ်လကျော်အချိန်ယူ၍ အောက်တိုဘာလ ၂၀ ရက်နေ့ကျမှ ကျင်းပရန် စီစဉ်ခဲ့သည်။ ထိုကာလ အတွင်း သမ္မတဟောင်း ဂျိုကိုဝီက အာဏာကို နောက်ကွယ်မှ ရေရှည်ထိန်းချုပ်နိုင်ရန် ကြိုတင် ပြင်ဆင် ကျားကွက်ရွှေ့နေသကဲ့သို့ သမ္မတအသစ် ဖြစ်လာမည့် ပရာဘိုဝိုကလည်း နိုင်ငံတကာသို့ လှည့်ပတ်သွားလာ၍ ကမ္ဘာ့နိုင်ငံခေါင်းဆောင်များ နှင့် တွေ့ဆုံကာ သူ၏ နိုင်ငံတကာပုံရိပ်ကို မြှင့်တင် ရန် ကြိုးစားနေခဲ့သည်။ ပရာဘိုဝိုတွေ့ဆုံခဲ့သော ခေါင်းဆောင်များတွင် တရုတ်သမ္မတ ရှီကျင့်ဖျင်၊ ရုရှားသမ္မတ ပူတင်တို့အပါအဝင် ဥရောပနှင့် အာရှမှ နိုင်ငံပေါင်း ၂၀ ကျော် ပါဝင်သည်။ ပရာဘိုဝို အနေဖြင့် သူ့အရင် သမ္မတ ဂျိုကိုဝီကဲ့သို့ နိုင်ငံခြား ဆက်ဆံရေးကိစ္စများကို နိုင်ငံခြားရေးဝန်ကြီးဖြင့်သာ လွှဲအပ်တာဝန်ပေးထားမည့်ပုံမရှိဘဲ သူကိုယ်တိုင် ကိုင်တွယ်မည့်ပုံရှိသည်ဟု လေ့လာသူများက မှန်းဆခဲ့ကြသည်။

*စာမျက်နှာ ၇ သို့*

**"ပရာဘိုဝိုအစိုးရလက်ထက် အင်ဒိုနီးရှားနိုင်ငံ၏ ရှေ့အလားအလာကို သုံးသပ်ရမည်ဆိုပါက အင်ဒိုနီးရှားနိုင်ငံ၏ ကြီးမားကျယ်ပြန့်သော နယ်မြေပမာဏ၊ ကြီးမားသောလူဦးရေ၊ အရှေ့တောင်အာရှဒေသတွင် အကြီးမားဆုံး စီးပွားရေး ပမာဏနှင့် မဟာဗျူဟာအချက်အချာကျသော တည်နေရာတို့ကြောင့် ကမ္ဘာက အာရုံစိုက်အလေးထားနေရသည့် နိုင်ငံကြီးတစ်ခုအဖြစ် ဆက်လက်တည်ရှိနေမည်ဖြစ်သည်။ ယခင်အစိုးရနှစ်ဆက် (SBY နှင့် ဂျိုကိုဝီ) လက်ထက် နိုင်ငံရေးတည်ငြိမ်မှုနှင့် စီးပွားရေးတိုးတက်မှုတို့ကြောင့် ယေဘုယျအားဖြင့် အလားအလာကောင်းလျက်ရှိပြီး ယင်းတိုးတက်မှု ဒီရေမြင့်သည်နှင့်အတူ အောင်မြင်စွာ လိုက်ပါဆောင်ရွက်နိုင်ပါက အင်ဒိုနီးရှားနိုင်ငံသည် အာရှ-ပစိဖိတ်ဒေသတွင် ကမ္ဘာ့အဆင့် အင်အားကြီးနိုင်ငံတစ်ခု ဖြစ်လာနိုင်"**

“ပရာဘိုဝိုက သူ၏အစိုးရအဖွဲ့သည် အင်အားတောင့်တင်းသော အစိုးရဖြစ်စေရန် ရည်ရွယ်ဖွဲ့စည်းထားသည်ဟု ပြောကြားခဲ့ပြီး အင်ဒိုနီးရှားတစ်နိုင်ငံလုံးကိုကိုယ်စားပြုသည့် အနီနှင့်အဖြူ (အင်ဒိုနီးရှားအလံ) အစိုးရဖြစ်သည်ဟု ဆိုသည်။ ပရာဘိုဝို ပြောကြားသည့်အတိုင်းပင် သူ၏အစိုးရအဖွဲ့မှာ ဖက်စပ်ညွန့်ပေါင်း အစိုးရပုံစံဖြစ်သည်ကို တွေ့ရသည်။ အစိုးရအဖွဲ့အတွင်း၌ အမာခံအင်အားစုသုံးဖွဲ့ရှိရာ ဂျိုကိုဝီ၏ အတွင်းလူများ၊ ပရာဘိုဝို၏ အတွင်းလူများနှင့် ဂျိုကိုဝီလက်ထက်က ခန့်အပ်တာဝန်ပေးခဲ့သော ကျွမ်းကျင်သူများ၊ လုပ်ငန်းရှင်များဖြစ်သည်။ ထို့ပြင် မိတ်ဖက်ပါတီများမှ ခေါင်းဆောင်များကိုလည်း ဒုတိယဝန်ကြီးချုပ်အဆင့် သဘောမျိုးဖြစ်သည့် ပေါင်းစပ်ညှိနှိုင်းရေးဝန်ကြီးများအဖြစ် ခန့်ထားသည်ကို တွေ့ရ”

စာမျက်နှာ ၆ မှ

### ပရာဘိုဝို၏ အစိုးရအဖွဲ့အသစ်နှင့် ရှေ့အလားအလာ

ပရာဘိုဝို၏ အစိုးရအဖွဲ့အသစ်သည် ၂၁-၁၀-၂၀၂၄ ရက်နေ့တွင် ကျမ်းသစ္စာကျိန်ဆိုခဲ့ရာ ဝန်ကြီး ၄၈ ဦး၊ ဝန်ကြီးအဆင့် အဖွဲ့အစည်းအကြီးအကဲ ငါးဦးပါဝင်သည်။ ဒုတိယဝန်ကြီးများနှင့် အဆင့်တူများပါ ပေါင်းပါက ၁၀၉ ဦးပါဝင်ပြီး ၁၉၆၆ ခုနှစ်က သမ္မတ ဆူကာနို၏ ဝန်ကြီးအဖွဲ့ ၁၃၂ ဦး ပြီးလျှင်၊ အင်ဒိုနီးရှားတွင် အင်အားအများဆုံး အစိုးရအဖွဲ့ဖြစ်သည်ဟု ဆိုသည်။

ပရာဘိုဝိုက သူ၏အစိုးရအဖွဲ့သည် အင်အားတောင့်တင်းသော အစိုးရဖြစ်စေရန် ရည်ရွယ်ဖွဲ့စည်းထားသည်ဟု ပြောကြားခဲ့ပြီး အင်ဒိုနီးရှားတစ်နိုင်ငံလုံးကိုကိုယ်စားပြုသည့် အနီနှင့်အဖြူ (အင်ဒိုနီးရှားအလံ) အစိုးရဖြစ်သည်ဟု ဆိုသည်။ ပရာဘိုဝို ပြောကြားသည့်အတိုင်းပင် သူ၏ အစိုးရအဖွဲ့မှာ ဖက်စပ်ညွန့်ပေါင်းအစိုးရပုံစံ ဖြစ်သည်ကို တွေ့ရသည်။ အစိုးရအဖွဲ့အတွင်း၌ အမာခံအင်အားစု သုံးဖွဲ့ရှိရာ ဂျိုကိုဝီ၏ အတွင်းလူများ၊ ပရာဘိုဝို၏ အတွင်းလူများနှင့် ဂျိုကိုဝီလက်ထက်က ခန့်အပ်တာဝန်ပေးခဲ့သော ကျွမ်းကျင်သူများ၊ လုပ်ငန်းရှင်များဖြစ်သည်။ ထို့ပြင် မိတ်ဖက်ပါတီများမှ ခေါင်းဆောင်များကိုလည်း ဒုတိယဝန်ကြီးချုပ်အဆင့် သဘောမျိုးဖြစ်သည့် ပေါင်းစပ်ညှိနှိုင်းရေးဝန်ကြီးများအဖြစ် ခန့်ထားသည်ကို တွေ့ရသည်။ ဥပမာအားဖြင့် သမ္မတဟောင်း ယူဒိုယိုနို (SBY) ၏ ဒီမိုကရက်ပါတီ (PD)မှ ပါတီခေါင်းဆောင် (SBY ၏ သား) အာဂုစ်ဟာရီ မူရ်တီ ယူနိုယိုဒို (AHY) အား အခြေခံအဆောက်အအုံနှင့်ဒေသန္တရဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးဝန်ကြီးအဖြစ်လည်းကောင်း၊ ဂိုလ်ကာပါတီခေါင်းဆောင် ဟာတာတိုအား စီးပွားရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးဝန်ကြီးအဖြစ် လည်းကောင်း၊ အစ္စလမ္မစ်ဝါဒီ National Awakering Party ခေါင်းဆောင် မူဟိုင်းမင်း အစ္စကန်ဒါအား လူမှုအသိုက်အဝန်း အားမြှင့်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးဝန်ကြီးအဖြစ်လည်းကောင်း ခန့်အပ်ခဲ့သည်။ ဂျိုကိုဝီ၏ စီးပွားဖက်ဖြစ်သူ လူဟွတ်မှာ အမျိုးသားစီးပွားရေးကောင်စီဥက္ကဋ္ဌအဖြစ် ခန့်အပ်ခြင်းခံရသည်။ ပရာဘိုဝို၏ လူယုံဖြစ်သည့် ဆူဂျီယိုနိုမှာ နိုင်ငံခြားရေးဝန်ကြီးအဖြစ် ခန့်အပ်ခြင်းခံရသည်။ ဘဏ္ဍာရေးနှင့် စီးပွားရေးဆိုင်ရာ ဝန်ကြီးဌာနများမှာမူ ဂျိုကိုဝီလက်ထက်က လူဟောင်းများ ဆက်လက်ပါဝင်လာကြသည်ကို တွေ့ရသည်။ ဤနည်းအားဖြင့် ပရာဘိုဝို ၏ အစိုးရအဖွဲ့သစ်မှာ အားလုံးကျေနပ်အောင် အားလုံးပါဝင်နေရာရကြသည့် အင်အားကြီးမားသော အစိုးရအဖွဲ့တစ်ခုဖြစ်လာခဲ့သည်ကို တွေ့ရလေသည်။

ပရာဘိုဝို ရှေ့ဆက်သွားမည့် မူဝါဒနှင့်ပတ်သက်၍ ပြည်တွင်းနိုင်ငံရေးတွင် အများကြိုက် မူဝါဒများဖြင့် လူထုထောက်ခံမှုကို ဆက်လက်ဆွဲဆောင်ထိန်းသိမ်းသွားရန် ရည်ရွယ်ထားဟန်ရှိသည်။ ဒေါ်လာဘီလီယံ ၃၀ ခန့် ကုန်ကျမည့် “ငါးနှစ်အောက်ကလေးများ၊ ကိုယ်ဝန်ဆောင်များနှင့် စာသင်ကျောင်းများ၌ အခမဲ့နေ့လယ်စာကျွေးရေး” အစီအစဉ်မှာ ထင်ရှားသောသာဓကဖြစ်၏။ ယင်းပမာဏမှာ အင်ဒိုနီးရှားအစိုးရ၏ ၂၀၂၄ ခုနှစ် ဘတ်ဂျက်တစ်ခုလုံး၏ ၁၄ ရာခိုင်နှုန်းခန့်ရှိသည်ဟု ဆိုသည်။ စာသင်ကျောင်း အခမဲ့ နေ့လယ်စာ၊ အခြေခံကျန်းမာရေးစောင့်ရှောက်မှု၊ စားရေရိက္ခာဖူလုံရေး၊ အခြေခံပညာသင်ကျောင်းများ အဆင့်မြှင့်တင်ရေး၊ လူမှုဖူလုံရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ ပညာရေးဆရာ ဆရာမများ၊ အစိုးရဝန်ထမ်းများ၊ တပ်မတော်နှင့် ရဲတပ်ဖွဲ့ဝင်များ၏ လစာတိုးမြှင့်ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ အိုးအိမ်အခြေခံအဆောက်အအုံနှင့် တိုက်ရိုက်ငွေကြေးထောက်ပံ့မှု၊ အခွန်အကောက်များ တိုးတက်ရရှိရေး စသည့် ကာလတိုအစီအစဉ်ရှစ်ရပ်နှင့် ရေရှည်ဦးစားပေးအစီအစဉ် ၁၇ မျိုးကိုလည်း ပရာဘိုဝိုအစိုးရက ချမှတ်ထားသည်။

စီးပွားရေးအပိုင်းတွင် လက်ရှိ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်း ငါးရာခိုင်နှုန်းခန့်မှ ပရာဘိုဝို၏ ပထမအစိုးရသက်တမ်းအဆုံး လာမည့်ငါးနှစ်တွင် ရှစ်ရာခိုင်နှုန်းအထိ တိုးတက်ရန် မျှော်မှန်းထားသည်။ နှစ်စဉ် ဒေါ်လာဘီလီယံ ၂၀ ဖိုးခန့် ဒီဇယ်လောင်စာဆီ တင်သွင်းနေရမှုကိုလျှော့ချရန် ပြည်တွင်းထွက်စားအုန်းဆီမှ ဇီဝလောင်စာဆီ တိုးမြှင့်ထုတ်လုပ်ရန်၊ ဟွန်ဒိုင်း၊ LG စသော ကုမ္ပဏီများနှင့်ပူးပေါင်း၍ ပြည်တွင်း၌ လျှပ်စစ်ကားဘက်ထရီ ထုတ်လုပ်ရန်၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်၍ ပြည်တွင်းဈေးကွက်၌ လိုအပ်သော ကုန်ပစ္စည်းများကို ပြည်တွင်း၌ ထုတ်လုပ်သွားရန် စသည့် အချက်များပါဝင်သည်။

ကာကွယ်ရေးအပိုင်းတွင် အင်ဒိုနီးရှားတပ်မတော်၏ ကာကွယ်ရေးစွမ်းရည်ကို မြှင့်တင်ရန် ရည်မှန်းထားသော်လည်း နိုင်ငံခြားရေးမူဝါဒတွင် လွတ်လပ်၍ တက်ကြွသော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံအားလုံးနှင့် ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံသွားမည်ဟုဆိုသဖြင့် မည်သည့်စစ်ရေးအုပ်စုဖွဲ့မဟာမိတ်ပြုမှုများတွင်မျှ ပါဝင်ခြင်းမပြုဘဲ မဟာဗျူဟာ ချိန်ခွင်လျှာညီမျှစေရန် လိမ္မာပါးနပ်စွာ ထိန်းညှိသွားမည်ဟု မှန်းဆရပေသည်။ သို့ရာတွင် ကမ္ဘာပေါ်၌ မွတ်စလင်ဦးရေ အများဆုံးနိုင်ငံကြီးဖြစ်သည့်အားလျော်စွာ အစ္စလမ္မစ်အဖွဲ့ချုပ်အတွင်း ဦးဆောင်နေရာတစ်ခုရရှိရေး ကြိုးပမ်းသွားဖွယ်ရှိပြီး ပါလက်စတိုင်းအရေးတွင် ဘာသာတူပါလက်စတိုင်းဘက်မှရပ်တည်ကာ ပြဿနာကို နိုင်ငံရေးနည်းအရ ငြိမ်းချမ်းစွာ ဖြေရှင်းရန် ပါဝင်ကြိုးပမ်းသွားမည်ဟု ယူဆရသည်။ အာဆီယံအဖွဲ့အတွင်း၌ အင်အားအကြီးဆုံး နိုင်ငံဖြစ်သည့်အတိုင်း ဦးဆောင်နေရာကို ဆက်လက်ထိန်းသိမ်းသွားမည့်သဘောရှိသော်လည်း အနောက်လိုလားသည့် နိုင်ငံခြားရေးဝန်ကြီးဟောင်း ရက်တနို၏ ဖိအားပေးလှုပ်ရှားမှုပုံစံမျိုး ဆက်လက်ကျင့်သုံးဖွယ်မရှိဟု မှန်းဆရပေသည်။

### အင်ဒိုနီးရှားနိုင်ငံသည် ကမ္ဘာ့အဆင့် အင်အားကြီးနိုင်ငံတစ်ခုဖြစ်လာ

ပရာဘိုဝိုအစိုးရလက်ထက် အင်ဒိုနီးရှားနိုင်ငံ၏ ရှေ့အလားအလာကို သုံးသပ်ရမည်ဆိုပါက အင်ဒိုနီးရှားနိုင်ငံ၏ ကြီးမားကျယ်ပြန့်သော နယ်မြေပမာဏ၊ ကြီးမားသော လူဦးရေ၊ အရှေ့တောင်အာရှဒေသတွင် အကြီးမားဆုံး စီးပွားရေးပမာဏနှင့် မဟာဗျူဟာအချက်အချာကျသော တည်နေရာတို့ကြောင့် ကမ္ဘာက အာရုံစိုက်အလေးထားနေရသည့် နိုင်ငံကြီးတစ်ခုအဖြစ် ဆက်လက်တည်ရှိနေမည်ဖြစ်သည်။ ယခင်အစိုးရနှစ်ဆက် (SBY နှင့် ဂျိုကိုဝီ) လက်ထက် နိုင်ငံရေးတည်ငြိမ်မှုနှင့် စီးပွားရေးတိုးတက်မှုတို့ကြောင့် ယေဘုယျအားဖြင့် အလားအလာကောင်းလျက်ရှိပြီး ယင်းတိုးတက်မှုဒီရေမြင့်သည်နှင့်အတူ အောင်မြင်စွာ လိုက်ပါဆောင်ရွက်နိုင်ပါက အင်ဒိုနီးရှားနိုင်ငံသည် အာရှ-ပစိဖိတ်ဒေသတွင် ကမ္ဘာ့အဆင့် အင်အားကြီးနိုင်ငံတစ်ခု ဖြစ်လာနိုင်ပေသည်။

သို့ရာတွင် လက်ရှိဖြစ်ပေါ်နေသော ပြည်တွင်းနှင့် နိုင်ငံတကာအနေအထားများအရ အင်ဒိုနီးရှားအတွက် သတိထားရမည့် အန္တရာယ်များလည်း ရှိနေပေသည်။ နိုင်ငံတကာတွင် ကမ္ဘာ့မဟာဗျူဟာအားပြိုင်ပွဲက ပြင်းထန်တင်းမာလာလျက်ရှိရာ မဟာဗျူဟာအရ အရေးပါသော အင်ဒိုနီးရှားကို နှစ်ဖက်စလုံးက သူ့ဘက်ကိုယ့်ဘက်ပါအောင် လွန်ဆွဲကြမည့် အလားအလာရှိနေသည်။ အထူးသဖြင့် “ငါနှင့်မတူ ငါ့ရန်သူ” ဟု ရှုမြင်တတ်လေ့ရှိသော မဟာအင်အားကြီးအုပ်စုက မျက်မာန်ရှခြင်း မခံရရေးနှင့် စီးပွားရေးအရ ပစ်ပယ်မရနိုင်သော အနီးကပ်အင်အားကြီးနှင့်လည်း သင့်မြတ်စွာ ဆက်ဆံနိုင်ရေးမှာ “နိုင်ငံခြားရေးသမ္မတ” ဟု ကင်ပွန်းတပ်ခံရဖွယ်ရှိသည့် ပရာဘိုဝိုအတွက် အရေးပါသော အရည်အချင်းစစ်စာမေးပွဲတစ်ရပ် ဖြစ်ပေလိမ့်မည်။

### သမ္မတသစ် ပရာဘိုဝိုအနေဖြင့် ပြည်တွင်းရေးကို ကိုင်တွယ်နိုင်မည်ဆိုသည်ကို စောင့်ကြည့်ရမည့်သဘောရှိ

ပြည်တွင်းနိုင်ငံရေး၌မူ ဂျိုကိုဝီ၏ အားပေးထောက်ခံမှုဖြင့် သက်သောင့်သက်သာ သမ္မတဖြစ်ခဲ့ရပြီး ဂျိုကိုဝီ၏ ဝန်ကြီးဟောင်းများနှင့် မူဝါဒဟောင်းများကို ဆက်ခံထားကာ ဂျိုကိုဝီ၏သားကို ဒုတိယသမ္မတအဖြစ် ထွေးပိုက်ထားရသော သမ္မတသစ် ပရာဘိုဝိုအနေဖြင့် မည်ရွေ့မည်မျှ ကိုယ်ပိုင်ပြဋ္ဌာန်းဆုံးဖြတ်ချက်ဖြင့် ပြည်တွင်းရေးကို ကိုင်တွယ်နိုင်မည်ဆိုသည်ကို စောင့်ကြည့်ရမည့်သဘောရှိပါ၏။ ဂျိုကိုဝီသာမက အခြားသော ပါတီအကြီးအကဲများစွာလည်း အနီနှင့်အဖြူအစိုးရအဖွဲ့အတွင်း ပါဝင်လျက်ရှိကြရာ အင်ဒိုနီးရှားနိုင်ငံရေး ထုံးစံဓလေ့အရ (Consultation and Concensus) ညှိနှိုင်းပေါင်းစပ်၍ အားလုံးသဘောတူမှု ရရှိရေးမှာ များစွာခက်ခဲဖွယ်ရှိပါသည်။

ထို့ပြင် အင်ဒိုနီးရှား နိုင်ငံရေးအသိုက်အဝန်း၌ အမြစ်စွဲ ဖြစ်တည်နေကြသော နိုင်ငံခေါင်းဆောင်ဟောင်းများ၏ သားမြေးမိသားစုတို့က နန်းစဉ်နန်းဆက်နိုင်ငံရေးအမွေခံရန် နေရာယူထားမှု (ဥပမာ၊ SBY ၏ သား ပေါင်းစပ်ညှိနှိုင်းရေးဝန်ကြီး AHY၊ မီဂါဝတီ၏သမီး အောက်လွှတ်တော်ဥက္ကဋ္ဌ ပူအန်မဟာရာနီ) နှင့် နေရာယူရန် ကြိုးစားနေသည့် ဂျိုကိုဝီ၏ သားများအကြား နိုင်ငံရေးနန်းလုပွဲဖြစ်လာနိုင်သည့် အလားအလာနှင့် ထိုနိုင်ငံရေးမျိုးဆက်သစ်များအကြား စီးပွားရေး လောကသားများနှင့် ထွေးရောယှက်တင်ကာ အကျင့်ပျက်ခြစားမှုနှင့် အဂတိလိုက်စားမှုတို့ ကြီးထွားလာသည့် ပြဿနာတို့မှာလည်း နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးကို ဟန့်တားနှောင့်ယှက်လာနိုင်ဖွယ် ရှိပါကြောင်း သုံးသပ်တင်ပြအပ်ပါသည်။ ။

“သမ္မတအသစ်ဖြစ်လာမည့် ပရာဘိုဝိုကလည်း နိုင်ငံတကာသို့ လှည့်ပတ်သွားလာ၍ ကမ္ဘာ့နိုင်ငံခေါင်းဆောင်များနှင့် တွေ့ဆုံကာ သူ၏ နိုင်ငံတကာ ပုံရိပ်ကို မြှင့်တင်ရန်ကြိုးစားနေခဲ့သည်။ ပရာဘိုဝိုတွေ့ဆုံခဲ့သော ခေါင်းဆောင်များတွင် တရုတ်သမ္မတ ရှီကျင့်ဖျင်၊ ရုရှားသမ္မတ ပူတင်တို့အပါအဝင် ဥရောပနှင့်အာရှမှ နိုင်ငံပေါင်း ၂၀ ကျော် ပါဝင်သည်။ ပရာဘိုဝိုအနေဖြင့် သူ့အရင် သမ္မတ ဂျိုကိုဝီကဲ့သို့ နိုင်ငံခြားဆက်ဆံရေးကိစ္စများကို နိုင်ငံခြားရေးဝန်ကြီးဖြင့်သာ လွှဲအပ်တာဝန်ပေးထားမည့်ပုံမရှိဘဲ သူကိုယ်တိုင် ကိုင်တွယ်မည့်ပုံရှိသည်ဟု လေ့လာသူများက မှန်းဆခဲ့ကြ

# (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲမှ ပထမဆုရပြိုင်ပွဲဝင်များ၏ ယှဉ်ပြိုင်ခဲ့မှု မြင်ကွင်းပဒေသာ

၂၀၂၄ ခုနှစ် (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို အောက်တိုဘာ ၁၄ ရက်မှ အောက်တိုဘာ ၂၃ ရက်အထိ နေပြည်တော်ရှိ သတ်မှတ်နေရာအသီးသီး၌ကျင်းပခဲ့ရာ ပထမဆုရပြိုင်ပွဲဝင်များ၏ ယှဉ်ပြိုင်ခဲ့မှု မြင်ကွင်းပုံရိပ်များကို စုစည်းဖော်ပြလိုက်ပါသည်။




**အဆို**

မဟာဂီတအဆိုပြိုင်ပွဲ အဆင့်မြင့်ပညာ(အမျိုးသား) ၌ ပထမဆုရရှိသည့် ရခိုင်ပြည်နယ်မှ မောင်မြတ်မင်းခေါင် "သီလာ ဝေယံ" (ပတ်ပျိုး)သီချင်းဖြင့် သီဆိုယှဉ်ပြိုင်စဉ်။



**စောင်း(အတီး)**

စောင်းအတီးပြိုင်ပွဲ အခြေခံပညာ(အမျိုးသား အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း)၌ ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှ မောင်အောင်ဖြိုးစံ "မှိုင်းရိပ်ကယ်တည့်"(ကြိုး)သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။



ကာလပေါ်/ခေတ်ဟောင်းတေး အဆိုပြိုင်ပွဲ ဝါသနာရှင် ဒုတိယတန်းအဆင့် (အမျိုးသား)၌ ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးမှ မောင်နိုင်ဝင်းကိုကို "မဂ္ဂင်ရှစ်ပါး" သီချင်းဖြင့် သီဆိုယှဉ်ပြိုင်မှုကို တွေ့ရစဉ်။



စန္ဒရားအတီးပြိုင်ပွဲ အဆင့်မြင့်ပညာ(အမျိုးသား)၌ ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးမှ မောင်ဝင်းမင်းခန့် "မှော်ရုံဟောဝန်" (ယိုးဒယား)သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။



ကာလပေါ်/ခေတ်ဟောင်းတေး အဆိုပြိုင်ပွဲ အဆင့်မြင့်ပညာ (အမျိုးသား) ၌ ပူးတွဲပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှ မောင်မျိုးခန့်မောင်မောင် "ဂုဏ်တော် ကိုးသွယ်" သီချင်းဖြင့် သီဆိုယှဉ်ပြိုင်မှုကို တွေ့ရစဉ်။




**ဆိုင်းအဖွဲ့လိုက်**

ဆိုင်းအဖွဲ့လိုက် အတီးပြိုင်ပွဲ အခြေခံပညာ (အမျိုးသား အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း)၌ ပထမဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးမှ မောင်အုံ့ထူး (ခ) သော်ဇင်ခန့်နှင့်အဖွဲ့ တီးခတ်ယှဉ်ပြိုင်စဉ်။



**ဆိုင်းတစ်ဦးချင်း (အတီး)**

ဆိုင်းတစ်ဦးချင်းအတီးပြိုင်ပွဲ ဝါသနာရှင် ဒုတိယတန်းအဆင့်(အမျိုးသား)၌ ပထမဆုရရှိသည့် ရှမ်းပြည်နယ်မှ ဦးဘုန်းစည်သူ (ခ) ရွှေလက်ပိုင်သူ "လေပြည်ဆော် သွင်မြူး" (ယိုးဒယား) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။



**အက**

အကပြိုင်ပွဲ အခြေခံပညာ(အမျိုးသမီး အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း)၌ ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှ မဆုရတနာ၏ ကပြယှဉ်ပြိုင်ဟန်။




**အဆို**

မဟာဂီတအဆိုပြိုင်ပွဲအဆင့်မြင့်ပညာ (အမျိုးသမီး) ၌ ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှ မအေးသက်ထားဇော် "သီလာဝေယံ"(ပတ်ပျိုး) သီချင်းဖြင့် သီဆိုယှဉ်ပြိုင်စဉ်။




**အဆို**

ကာလပေါ်/ခေတ်ဟောင်းတေး အဆိုပြိုင်ပွဲ ဝါသနာရှင် ဒုတိယတန်းအဆင့် (အမျိုးသမီး) ၌ ပထမဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးမှ ဒေါ်ကေရီဗိုလ်ဗိုလ် "နွေမိုးဆောင်း" သီချင်းဖြင့် သီဆိုယှဉ်ပြိုင်စဉ်။



**စောင်း(အတီး)**

စောင်းအတီးပြိုင်ပွဲ အဆင့်မြင့်ပညာ(အမျိုးသမီး)၌ ပထမဆုရရှိသည့် တနင်္သာရီတိုင်းဒေသကြီးမှ မနှင်းသက်အေး "ရွှန်းရွှန်းမြ"(သီချင်းခံ) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။



**စန္ဒရား(အတီး)**

စန္ဒရားအတီးပြိုင်ပွဲ ဝါသနာရှင် ဒုတိယတန်းအဆင့် (အမျိုးသမီး)၌ ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှ ဒေါ်နိုင်ကြည်ပြာလှိုင်း "မွှေးလွန်းသည့် ပန်း"(ကာလပေါ်) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။

# မြန်မာနိုင်ငံ အခြေခံပညာရေး ဖွံ့ဖြိုးတိုးတက်မှုနှင့် ဆရာများ၏ အခန်းကဏ္ဍ

ဒေါက်တာခင်မျိုးမြင့်ကြူ (ပညာရေး)

ကမ္ဘာ့အလယ်တွင် မြန်မာဟူ၍ ထည်ထည်ဝါဝါ ရပ်တည်နိုင်ရန် စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေးများ နည်းတူ ပညာရေးသည်လည်း အရေးကြီးသော ကဏ္ဍတစ်ခု အနေဖြင့် ပါဝင်နေပါသည်။ ပညာမြင့်မှ လူမျိုးတင့်မည် ဆိုသည့်စကားလည်းရှိပါသည်။ ဤနေရာတွင် "စာ" နှင့် "ပညာ" ခွဲခြား သိရှိရန် လိုအပ်ပါသည်။

"စာ" ဆိုသည်မှာ **"ပညာကို များများနှင့်မြန်မြန် ခပ်ယူနိုင်သည့် ပစ္စည်းကိရိယာတစ်ခုဖြစ်သည်"** ဟု ကျွန်မတို့၏ ဆရာကြီး "ဦးမြင့်ဟန်" က ရှင်းပြခဲ့ဖူးပါသည်။ သို့ဖြစ်၍ ကျွန်မတို့ မျိုးဆက်သစ်လူငယ် မောင်မယ်များအနေဖြင့် ပညာတတ်ကြီးများ ဖြစ်လာစေရန် စာတတ်ပုဂ္ဂိုလ်များဖြစ်ရန် အရေးကြီးပါသည်။

အခြေခံပညာကျောင်းများသည် ကျောင်းသားများအတွက် လိုအပ်သည့် စာပေအခြေခံကောင်းများ ပေးရုံသာမက ကျောင်းသားများ၏ စိတ်ဓာတ်နှင့် စာရိတ္တကို ပြုပြင် ပုံသွင်းပေးသည့် နေရာလည်းဖြစ်ပါသည်။ အခြေခံပညာဆရာများ ကလေးများကို ပညာသင်ကြားပေးသည်ဟုဆိုရာ၌ မိမိ၏ တပည့်များ လူ့လောကအလယ်တွင် လူတစ်ယောက်အနေဖြင့် ရှင်သန်ရပ်တည်နေထိုင်သွားနိုင်စေရန် ပြင်ဆင်ပေးလိုက်ခြင်းပင်ဖြစ်ပါသည်။

### အခြေခံပညာအဆင့်အလိုက် သုံးမျိုးရှိ

အခြေခံပညာဆရာများဟု ဆိုရာတွင် မူလတန်းပြ၊ အလယ်တန်းပြနှင့် အထက်တန်းပြဟူ၍ အခြေခံပညာ အဆင့်အလိုက် သုံးမျိုးရှိပါသည်။ ကျောင်းအဆင့်အလိုက် ကွဲပြားနေခြင်းသာဖြစ်ပါသည်။ ဆရာများကို အဆင့်ခွဲခြားထားခြင်းမျိုးမဟုတ်ပါ။ အခြေခံပညာ မည်သည့်အဆင့်တွင် ပြသည်ဖြစ်စေ ဆရာသည် ဆရာသာဖြစ်ပါသည်။ **ဆရာတစ်ယောက်တွင်ရှိရမည့် စိတ်ဓာတ်နှင့် တာဝန်ဝတ္တရားများမှာ မူ၊ လယ်၊ ထက် ခွဲခြားမှုမရှိပါ။** ကလေးများ၏ အသက်အရွယ်အလိုက် ဖွံ့ဖြိုးမှု၊ သင်ယူရန် အဆင်သင့်ဖြစ်မှုနှင့် သင်ယူမှုပုံစံများ မတူကွဲပြားခြားနားသည့်အတွက်သာ သင်ကြားမှုနည်းပညာနှင့် ချဉ်းကပ်နည်းများ ကွဲပြားခြားနားသွားကြပါသည်။

ယခုအခါ နိုင်ငံတော်အနေဖြင့် မူလတန်းအထူးပြုနှင့်အလယ်တန်းအထူးပြုဆရာများမွေးထုတ်ပေးရန် **"ပညာရေးဒီဂရီကောလိပ်"** များ ဖွင့်လှစ်ပေးနိုင်ခဲ့ခြင်းသည် အခြေခံပညာရေးဖွံ့ဖြိုးမှုအတွက် ရောင်နီသန်းလာခြင်းဖြစ်သည်ဟု ဆိုနိုင်ပါသည်။

မူလတန်းအရွယ်ကလေးများမှာ များသောအားဖြင့် အသက် ငါးနှစ်မှ ၁၀ နှစ် ဝန်းကျင်ကလေးများ ဖြစ်ကြပါသည်။ အကြောင်းအမျိုးမျိုးကြောင့် အရွယ်လွန် ကလေးများ ရှိနိုင်သော်လည်း အနည်းစုသာ ဖြစ်ပါသည်။ ဤအရွယ်ကလေးများမှာ ဖြူစင်ရိုးသား၍ပုံသွင်းရန် အကောင်းဆုံးအသက်အပိုင်းအခြား ဖြစ်ပါသည်။ မူလတန်းအရွယ်ကလေးများသည် ဆရာကို ချစ်ခင်မြတ်နိုး၍ ဆရာ၏ နေပုံထိုင်ပုံ၊ ပြောဆိုပုံတို့ကို အပြည့်အဝအတုယူကြပါသည်။ သို့ဖြစ်၍ မူလတန်းပြဆရာများ၏ အခန်းကဏ္ဍသည် အလွန်အရေးကြီးလှပါသည်။ မူလတန်းပြဆရာများ၏ ထုဆစ်မှုမှားယွင်းပါက လယ်ဆင့်၊ ထက်ဆင့် ဆရာများ အခက်တွေ့နိုင်ပါသည်။

ထို့အတူ အလယ်တန်းပြဆရာများသည်လည်း အရေးကြီးပါသည်။ ကျောင်းသားအများစုမှာ အသက် ၁၁ နှစ်မှ ၁၅ နှစ်ကြားဖြစ်၍ ပျိုဖော်ဝင်စ အရွယ်များဖြစ်ကြပါသည်။ မိဘနှင့် ဆရာများထက် အပေါင်းအသင်းသူငယ်ချင်းများကို ပိုမိုခင်တွယ်တတ်သောအရွယ်ဖြစ်၍ သွန်သင်ဆုံးမ ကိုင်တွယ်ရန် အလွန်ခက်ခဲပါသည်။ ဤအရွယ်ကလေးများတွင် ရှိတတ်သည့်စိတ်ဓာတ်နှင့် ချဉ်းကပ်နည်းဆိုင်ရာ နည်းလမ်းများကို ဆရာများသိရှိနားလည်ထားခြင်းဖြင့် ကလေးများ လမ်းမှားမရောက်အောင် သွန်သင်ဆုံးမပြုပြင်ထိန်းကျောင်းပေးနိုင်မည် ဖြစ်ပါသည်။

အထက်တန်းပြဆရာများ၏ တာဝန်သည်လည်း ကြီးမားပါသည်။ မိမိကျောင်းသားများ အဆင့်မြင့်ပညာ ဆက်လက်ဆည်းပူးနိုင်ရေးအတွက် မူလတန်းနှင့် အလယ်တန်းထက် ပိုမိုနက်နဲသော စာပေဘာသာရပ်များကို သင်ကြားပေးရပါသည်။ တစ်ဖန် ကျောင်းသားများ၏ အရွယ်မှာလည်း များသောအားဖြင့် အသက် (၁၆)၊ (၁၇)၊ (၁၈) ဝန်းကျင်ဖြစ်၍ မိမိကိုယ်မိမိ လူကြီးဖြစ်ပြီဟု အထင်ရောက်စအရွယ်များ ဖြစ်ပါသည်။ ထိုအရွယ်ကလေးများ၏ စိတ်ပညာနှင့် ချဉ်းကပ်နည်းများကို သိရှိနားလည်မှုသည် အထက်တန်းပြဆရာများအတွက် မရှိမဖြစ် လိုအပ်ပါသည်။

**အထက်ဖော်ပြပါ စာပိုဒ် သုံးပိုဒ်၏ ဆိုလိုရင်းမှာ မူ၊ လယ်၊ ထက် ကလေးများ၏ စိတ်ဓာတ်နှင့် ဖွံ့ဖြိုးမှု ပုံစံများမတူ ကွဲပြားခြားနားကြသည့်နည်းတူ ထိုကလေးများအား ကိုင်တွယ်သင်ကြားပြုပြင်ဆုံးမရန် ချဉ်းကပ်နည်းများလည်းမတူ ကွဲပြားသည် ဆိုသည့်အချက်ပင် ဖြစ်ပါသည်။ အထက်တန်းပြ သို့မဟုတ် အလယ်တန်းပြဆရာတစ်ယောက်ကို မူလတန်းကလေးများအား သင်ကြားစေပါက ဆရာအနေဖြင့် အခက်အခဲများစွာ ကြုံတွေ့စေနိုင်ပါသည်။ ထို့အတူ မူလတန်းပြသို့မဟုတ် အလယ်တန်းပြဆရာ တစ်ယောက်အား အထက်တန်းဆင့် ကျောင်းသားများအား သင်ကြားစေပါကလည်း အခက်တွေ့ရမည်မှာ မုချဖြစ်ပါသည်။**

သို့ဖြစ်၍လည်း နိုင်ငံတော်အနေဖြင့် မူပြမှ လယ်ပြ၊ လယ်ပြမှထက်ပြ စသည်ဖြင့် ရာထူးတိုးရာတွင် သက်ဆိုင်ရာသင်တန်းများတက်နိုင်ရန် အစီအစဉ်များ ချမှတ်ထားခြင်းဖြစ်ပါသည်။ ဤနေရာတွင် နိုင်ငံတော်အနေဖြင့် နစ်နာမှုများ ရှိနေမလားဟု ကျွန်မမြင်မိသည့်အချက်တချို့ကို ဖော်ပြလိုပါသည်။ မူလတန်းပြဆရာတစ်ယောက် မွေးထုတ်ရန် နိုင်ငံတော်၏ ဘတ်ဂျက်သုံးစွဲခဲ့ရပါသည်။ သို့ရာတွင် လက်ရှိရာထူးတိုးမှုအရ လုပ်သက်ရ အတွေ့အကြုံရှိ မူလတန်းပြဆရာများသည် ရာထူးတိုးရေးအတွက် အလယ်တန်းပြဆရာဖြစ် သင်တန်းတက်ကြရပါသည်။ ထိုဆရာတစ်ယောက်အတွက် နိုင်ငံတော်၏ ဘတ်ဂျက် ထပ်မံသုံးစွဲရပါသည်။ ဆက်လက်ပြီး အထက်တန်းပြဆရာဖြစ်ရန် ပညာရေးတက္ကသိုလ်များတွင် B.Ed. ဘွဲ့အတွက် ထပ်မံသင်တန်းတက်ရပြန်ရာ နိုင်ငံတော်ဘတ်ဂျက်သုံးရပြန်ပါသည်။

ဆရာအတတ်ပညာဆိုင်ရာ ကျွမ်းကျင်မှုများတွင်လည်း အဟောသိကံဖြစ်နေသည်ဟု ကျွန်မမြင်မိပါသည်။ မူ/လယ် အတန်းအဆင့်တစ်ခုအတွက် ကျွမ်းကျင်စပြုချိန် အတွေ့အကြုံရှိစပြုချိန်တွင် မိမိ၏ ကျွမ်းကျင်မှုကို စွန့်လွှတ်ပြီး နောက်တစ်ဆင့် တက်လှမ်းရသည့် ရာထူးတိုးစနစ်ကြောင့် နိုင်ငံတော်တွင်သာမက ကာယကံရှင်ဆရာများအတွက်ပါ အချိန်ကုန်၊ ငွေကုန်၊ လူပန်းဖြစ်ကြရသည်။ ကလေးများ၏ အသက်အရွယ်အလိုက် တစ်နည်းအားဖြင့် မူ၊ လယ်၊ ထက် အဆင့်အလိုက် မိမိတတ်ကျွမ်းထားသည့် သင်ကြားမှုနည်းပညာ၊ ချဉ်းကပ်နည်းနှင့် ကလေးစိတ်ပညာဆိုင်ရာ ကျွမ်းကျင်မှုများ ပြုန်းတီးရာကျပါသည်။

ပညာရေးအဆင့်တစ်ဆင့်မှ နောက်တစ်ဆင့် (မူလတန်းပြမှ အလယ်တန်းပြ၊ အလယ်တန်းပြမှ အထက်တန်းပြ)သို့ တိုးမြှင့်၍ လစာချီးမြှင့်သည့် ပုံစံကြောင့် လုပ်သက်ရင့် အတွေ့အကြုံရှိဆရာများ၊ သင်ကြားရေးကျွမ်းကျင်သော ဆရာများ၊ ထက်မြက်သည့် ဆရာများသည် ၎င်းတို့၏ ဘဝ တက်လမ်းအတွက် ကြိုးစား၍ မူမှ လယ်၊ လယ်မှ ထက်သို့ တက်လှမ်းသွားကြသည်ဖြစ်ရာ ကျွမ်းကျင် ဆရာများ အထူးလိုအပ်သည့် မူလတန်းတွင် အတွေ့အကြုံနုနယ်သေးသည့် ဆရာများနှင့် ဆရာအတတ်သင် လက်မှတ်မဲ့ဆရာများသာ ကျန်ရှိနေပါသည်။ ဤအချက်သည် မြန်မာ့ပညာရေးတိုးတက်မြင့်မားမှုကို အဟန့်အတားဖြစ်စေသည်ဟု မြင်မိပါသည်။

ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍ လေ့လာသုံးသပ်ရေးလုပ်ငန်းနှင့် ပညာရေးဆိုင်ရာ လုပ်ငန်းအစီရင်ခံစာများက လက်ရှိဆရာရာထူးတိုး **စနစ်အစား လမ်းသွယ်တစ်ခုစီအလိုက် ရာထူးတိုးစနစ်သစ်သို့ ပြောင်းလဲကျင့်သုံးကြရန် ထောက်ခံအကြံပြုခဲ့ကြပါသည်။ အခြေခံပညာအဆင့်တစ်ခုချင်းအတွင်းတွင် အရည်အသွေးရှိသော ဆရာများ ရေရှည်တည်မြဲရေးအတွက် ဆရာလစာနှင့် ချီးမြှင့်ငွေကိုလည်း ပြန်လည်သုံးသပ်သင့်ကြောင်းနှင့် ဆရာ ရာထူးတိုးမြှင့်ခြင်းသည် လုပ်သက်နှစ်များကိုသာ အခြေခံခြင်းမဟုတ်ဘဲ အရည်အသွေးရှိသော ဆရာ၏စွမ်းဆောင်ရည် သုံးသပ်အကဲဖြတ်ခြင်းစနစ်ကို အခြေခံ၍ ဆောင်ရွက်သင့်ကြောင်းကိုလည်း ဖော်ပြထားပါသည်။**

၂၀၁၅ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည့် အခြေခံပညာရေးဥပဒေအခန်း (၉) **"အခြေခံ ပညာဆရာများ၏ အခွင့်အရေး၊ တာဝန်၊ အရည်အချင်းနှင့် စွမ်းဆောင်ရည်များ"**၊ ပုဒ်မ ၃၉၊ ပုဒ်မခွဲ (က) တွင် **"အခြေခံပညာဆရာများသည် သတ်မှတ်ချက်နှင့်ကိုက်ညီပါက မိမိတာဝန်ထမ်းဆောင်နေသော ပညာရေးအဆင့် အတွင်းမှာပင် ရာထူးအဆင့် တိုးမြှင့်ရရှိပိုင်ခွင့်ရှိသည်"**ဟုလည်း ဖော်ပြထားပါသည်။

**ကမ္ဘာ့နိုင်ငံအများစုတွင် ဆရာတစ်ယောက်သည် မိမိအထူးပြုထားသည့်၊ ကျွမ်းကျင်သည့် ပညာရေးအဆင့်အတွင်းမှာပင် ၎င်း၏စွမ်းဆောင်ရည်နှင့် ပညာအရည်အချင်းအလိုက် ရာထူးလစာတိုးပေးသည့်စနစ်ကို ကျင့်သုံးကြပါသည်။ ကောင်းမွန်စွာ ဒီဇိုင်းရေးဆွဲထားသော မြှင့်တင်ရေးစနစ်သည် ဆရာများကို ၎င်းတို့၏ လက်ရှိရာထူးများတွင် ထူးချွန်စေရန် အားပေးရုံသာမက အသက်မွေးဝမ်းကျောင်းဆိုင်ရာ ဆရာအတတ်ပညာတိုးတက်ပြောင်းလဲမှုအတွက် လမ်းကြောင်းကိုလည်း ရှင်းရှင်းလင်းလင်း မြင်သာစေပါသည်။**

မိမိဝါသနာပါသည့် စိတ်ပါဝင်စားသည့် ပညာရေးအဆင့်ကို အထူးပြုပြီး ထိုအဆင့်တွင် ကျွမ်းကျင်သည်ထက် ကျွမ်းကျင်အောင်၊ လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားလာအောင် ကြိုးစားကြရပါသည်။ မူလတန်းအထူးပြုပါရဂူဘွဲ့ရသူ ဆရာတစ်ဦး၏ လစာကို ပါရဂူဘွဲ့ရတက္ကသိုလ်ဆရာတစ်ဦး၏ လစာနှင့် တူညီအောင် ချီးမြှင့်ကြသည့်အတွက် မူလတန်းအထူးပြု၊ အလယ်တန်းအထူးပြု၊ အထက်တန်း အထူးပြုစသည်ဖြင့် မိမိတို့စိတ်ကြိုက်ရွေးချယ်ပြီး ဘွဲ့ကြို၊ ဘွဲ့လွန်နှင့် ပါရဂူဘွဲ့အထိ ကြိုးစားပြီး ရာထူးအဆင့်ကို တိုးတက်မြင့်မားလာအောင် ဆောင်ရွက်ကြပါသည်။

### ရာထူးတိုးခြင်းနှင့် အသက်မွေးဝမ်းကျောင်းမှု လမ်းကြောင်းစနစ်

အခြေခံပညာအဆင့်အသီးသီးတွင် ကျောင်းသားများအတွက် အရည်အသွေးမြင့် သင်ကြားရေးအတွေ့အကြုံများကို သေချာစေရန် အရည်အချင်းရှိသော ဆရာများကို ဆွဲဆောင်ထိန်းသိမ်းခြင်းသည် အရေးကြီးပါသည်။ ပညာတတ်များကို လှုံ့ဆော်ပေးပြီး ချီးမြှင့်ရန်နည်းလမ်းတစ်ခုမှာ ခိုင်မာသောဆရာ ရာထူးတိုးခြင်းနှင့် အသက်မွေးဝမ်းကျောင်းမှု လမ်းကြောင်းစနစ်ပင်ဖြစ်ပါသည်။ ထိုစနစ်သည် ဆရာများ၏ ကျွမ်းကျင်မှုနှင့် လုပ်ငန်းအပေါ်မြှုပ်နှံထားမှုကို အသိအမှတ်ပြုပြီး တန်ဖိုးထားရုံသာမက ၎င်းတို့၏ ဆရာအတတ်ပညာ ဖွံ့ဖြိုးတိုးတက်မှုနှင့် အထူးပြုမှုအတွက် အခွင့်အလမ်းများကိုပါပေးသည့်အတွက် ဆရာရာထူးတိုးခြင်းသည် အဓိကအခန်းကဏ္ဍမှ ပါဝင်နေပါသည်။

ထို့ပြင် ဆရာများအား ၎င်းတို့၏ သင်ကြားရေး အလေ့အကျင့်များ စဉ်ဆက်မပြတ် မြှင့်တင်ရန်၊ စဉ်ဆက်မပြတ် ဆရာအတတ်ပညာ ဖွံ့ဖြိုးတိုးတက်ရေး (အသက်မွေးဝမ်းကျောင်းမှု ဖွံ့ဖြိုးတိုးတက်ရေး) တွင် ပါဝင်ဆောင်ရွက်ရန်နှင့် ပညာရေးစနစ်အတွင်း ခေါင်းဆောင်မှု အခန်းကဏ္ဍများကိုရယူရန် လှုံ့ဆော်ပေးပါသည်။

အသက်မွေးဝမ်းကျောင်း လမ်းကြောင်းများ အတွင်း အထူးပြုခြင်းသည် ဆရာများကို စိတ်ဝင်စားသည့် သီးခြားနယ်ပယ်များ သို့မဟုတ် ကျွမ်းကျင်မှုအပေါ် အာရုံစိုက်စေနိုင်ပါသည်။ ၎င်းသည် ဆရာများအား ဘာသာရပ်ဆိုင်ရာ အသိပညာနှင့် သင်ကြားရေး နည်းဗျူဟာများကို ပိုမိုနက်ရှိုင်းစွာ ထိုးထွင်းသိမြင်နိုင်စေကာ ကျောင်းသားများကို ပိုမိုထိရောက်သော ညွှန်ကြားချက်များ ပေးစေနိုင်မည်ဖြစ်ပါသည်။ ထို့ပြင် ၎င်းတို့ရွေးချယ်ထားသော နယ်ပယ်များတွင် သင်ရိုးညွှန်းတမ်း

*စာမျက်နှာ ၁၂ သို့*

> ❑ **ကမ္ဘာ့နိုင်ငံအများစုတွင် ဆရာတစ်ယောက်သည် မိမိအထူးပြုထားသည့်၊ ကျွမ်းကျင်သည့် ပညာရေးအဆင့်အတွင်းမှာပင် ၎င်း၏စွမ်းဆောင်ရည်နှင့် ပညာအရည်အချင်းအလိုက် ရာထူးလစာတိုးပေးသည့်စနစ်ကို ကျင့်သုံးကြပါသည်။ ကောင်းမွန်စွာ ဒီဇိုင်းရေးဆွဲထားသော မြှင့်တင်ရေးစနစ်သည် ဆရာများကို ၎င်းတို့၏ လက်ရှိရာထူးများတွင် ထူးချွန်စေရန် အားပေးရုံသာမက အသက်မွေးဝမ်းကျောင်းဆိုင်ရာ ဆရာအတတ်ပညာ တိုးတက်ပြောင်းလဲမှုအတွက် လမ်းကြောင်းကိုလည်း ရှင်းရှင်းလင်းလင်း မြင်သာစေ**

ကမ္ဘာ့ဖြစ်ရပ်မှန်မြင်ကွင်းကြားက ရယူအပ်ရာသင်ခန်းစာများ

# ကြိုတင်မျှော်လင့်မထားသော အခြေအနေအားလုံးအတွက် . . .

မြင့်မြတ်

ယနေ့ကမ္ဘာကြီးမှာ လူတွေဟာ မျှော်လင့်မထားတဲ့အခြေအနေအရပ်ရပ်ကို ဆိုးဆိုးရွားရွား ရင်ဆိုင်နေရတယ်။ ကောင်းတာရှိမယ်၊ မကောင်းတာရှိမယ်၊ လက်ရှိ ကမ္ဘာ့အခြေအနေများအရတော့ ကောင်းတဲ့ဘက်ကို အများကြီးမျှော်လင့်လို့မရ။ မတည်ငြိမ်၊ မအေးချမ်းမှု၊ မလုံခြုံမှု၊ ဖွံ့ဖြိုးမှုအရပ်ရပ် အကျဘက်ဆင်းလာတဲ့ကမ္ဘာကြီးမှာ မကောင်းမှု၊ ဖိနှိပ်မှုတွေနဲ့ ရောပြွမ်းနေတဲ့ကြားက မဖြစ်နိုင်ဘူးဆိုတဲ့အရာတွေ မတွေးထားတဲ့အရာတွေ၊ ပုံမှန်မဟုတ်တာတွေ၊ အလွန်ကြီးမားတဲ့ပြဿနာတွေ ၊ စိန်ခေါ်မှုတွေရှိလာနိုင်တယ်လို့ သုံးသပ်နေကြတဲ့အတွက် ဖြစ်လာနိုင်မှာတွေအတွက် ကြိုတင်မျှော်တွေးပြင်ဆင်သင့်တာတွေ၊ ကြိုတင်ကာကွယ်ထားရမှာတွေ တစ်ဦးချင်းတစ်ဖွဲ့ချင်းမှာရော နိုင်ငံအလိုက်ဒေသအလိုက် ရှိလာနေပြီဟု ယူဆမိပါတယ်။



ဂါဇာတောင်ပိုင်း ခန်းယူနစ်ရှိ တစ်ခုတည်းသော မုန့်ဆိုင်မှ ပေါင်မုန့်ဝယ်ယူရန် တိုးဝှေ့နေသည့် ပါလက်စတိုင်းပြည်သူများကို ၂၀၂၄ ခုနှစ် အောက်တိုဘာ ၂၃ ရက်က တွေ့ရစဉ်။

### သဘာဝကပ်ဘေးများ

မျှော်လင့်မထားသော်လည်း ဖြစ်လာတဲ့အခါ ပြင်ဆင်ထားလျက်နဲ့ ဆုံးရှုံးမှုပမာဏကြီးမားတာမျိုး ကြုံရလေ့ရှိတယ်။ မျှော်လင့်မထားတဲ့ အခြေအနေတွေဆိုတာ ဖောက်ပြန်ပျက်စီးခြင်း တစ်မျိုးပါပဲ။ ရာသီဥတုကြောင့်၊ သဘာဝကပ်ဘေး၊ ကိုဗစ်ကပ်ကဲ့သို့ ရောဂါကပ်ဆိုး၊ ကမ္ဘာစစ်ကြီးများကဲ့သို့ စစ်မက်ဘေး၊ နောက်ဆက်တွဲ စီးပွားပျက်ကပ်ငတ်မွတ်ဘေး စသည်ဖြင့်ပါ။ ဖောက်ပြန်မှုတွေမှာ ရာသီဥတုဖောက်ပြန်မှုက အဆိုးရွားဆုံးထဲမှာပါတယ်။ မူမမှန်တဲ့ ရာသီဥတုဖြစ်စဉ်တွေက လူတွေအတွက် အိပ်မက်ဆိုးတစ်ခု ဖြစ်လာနေတယ်။

သဘာဝဘေးဆိုပေမယ့် လူကြောင့်ပဲဖြစ်တာ၊ ယခင်က လူတွေရဲ့လောဘကြောင့်၊ ယခုအခါ လူတွေရဲ့ဒေါသကြောင့်ဆိုပြီး ယူဆချက်တွေရှိလာတယ်။ သဘာဝကြောင့်ထက် လူကြောင့်ဆိုတဲ့ ထင်မြင်ချက်တွေကို မယုံရဲယုံရဲ ယူဆလာကြတယ်။ ထင်မယ်ဆိုလည်း ထင်စရာ၊ ယခုရက်ပိုင်း၊ လပိုင်းအတွင်းတွေမှာ နိုင်ငံတကာ မြို့အတော်များများမှာ ရေကြီးမြေပြိုတာတွေ ခပ်စိတ်စိတ်ဖြစ်လာတယ်။ အာဖရိက ဒီအာကွန်ဂိုနဲ့ ဆီနီဂေါမှာ ရေကြီးတယ်။ ပြင်သစ်နဲ့အီတလီမှာ ရေကြီးတယ်။ နီပေါမှာ ရေကြီးမြေပြိုတယ်။ ဂျပန်နဲ့မက္ကဆီကိုမှာ မီးတောင်တွေပေါက်ကွဲတယ်။ အမေရိကန် ဖလော်ရီဒါနဲ့ မြောက်ကာရိုလိုင်းနား တင်နက်ဆီပြည်နယ်တွေမှာ အားပြင်းတဲ့ ဟာရီကိန်းမီလတန်နဲ့ မုန်တိုင်းဟယ်လင်တို့ ဝင်မွှေသွားခဲ့တယ်။ ထိုင်ဝမ်မှာ တိုင်ဖွန်းမုန်တိုင်းဝင်တယ်။ နောက်ထပ်အများအပြားရှိပါသေးတယ်။ ဒါတွေက လူသားတွေ မျှော်လင့်မထားတဲ့ သဘာဝကပ်ဘေးတွေပါ။

### ပျံ့နှံ့လာတဲ့ကမ္ဘာစစ်ပွဲတွေကြောင့်

ပုံမှန်မဟုတ်ဘဲ ရုတ်တရက် ချက်ချင်းရောက်လာတတ်တယ်။ အလွန်ကြီးမားပြီး ပြင်းထန်ဆိုးရွားတဲ့ အခြေအနေထူး drastic changes တွေဟာ များသောအားဖြင့် မျှော်လင့်မထားတဲ့ အခြေအနေတွေမှာ ဖြစ်တတ်ပါတယ်။ မိမိကိုယ်တိုင်လည်း ကြုံဖူးကြမှာဖြစ်သလို နိုင်ငံတိုင်းဟာ မျှော်လင့်မထားတဲ့ အခြေအနေဆိုးတွေ အချိန်အခါမရွေးကြုံလာနိုင်တဲ့အရာတွေအတွက် အမြဲအသင့်ဖြစ်အောင် ပြင်ဆင်နေကြရတယ်။ ယခုခေတ်လို အပြောင်းအလဲအလွန်မြန်တဲ့ အခြေအနေတွေမှာဆိုပိုဆိုးတာပေါ့။ အထက်မှာတင်ပြခဲ့တဲ့ ရာသီဥတုဆိုင်ရာပြဿနာရပ်တွေဟာ သာဓကတွေပါပဲ။ ကြိုတင်မျှော်တွေးမထား၊ ပြင်ဆင်မထားရင်ဘာလုပ်လို့ဘာကိုင်ရမှန်းမသိ ဖြစ်တတ်တယ်။ ပညာအသိပညာရှိစွာနဲ့ အများကြီးတွေးထား၊ မြင်ထား၊ ကာကွယ်ထားမှသာ risk reduction ဆုံးရှုံးမှုနည်းနိုင်မှာဖြစ်တယ်။ တင်ပြချင်တာက ယနေ့ခေတ် ကျွန်တော်တို့လူသားတွေမှာ သဘာဝဘေးကြောင့်၊ လူလုပ်ကပ်တွေကြောင့် အန္တရာယ်မျိုးစုံ အလွန့်အလွန်များလာနေပြီဆိုတာပဲ။ လူလုပ်ကပ်ဘေးဆိုတာ အဓိကစစ်မက်ဘေးကို ဆိုလိုတာ။ ပြည်တွင်းရော ပြည်ပမှာပါ မမျှော်လင့်တာတွေနဲ့ ရင်ဆိုင်နေရတယ်၊ အနိဋ္ဌာရုံများစွာပေါ့။ လူတွေရဲ့စိတ်ဟာ အဆိုးဘက်ပြောင်းလာပြီး အဖျက်စိတ်ဓာတ်နဲ့ အဖျက်သမား များလာတယ်။ စစ်ပွဲဖန်တီးရတာကို ထမင်းစားရေသောက်ဖြစ်လာတယ်။ ကမ္ဘာ့နိုင်ငံရေးသမားအချို့ တတိယကမ္ဘာစစ်ကြီးဖြစ်အောင်ကို တမင်ဖန်တီးနေသလား ထင်ရတယ်။ နိုဝင်ဘာလထဲကျင်းပမယ့် အမေရိကန်ရွေးကောက်ပွဲက ကမ္ဘာကြီးအတွက် အကူအညီဖြစ်နိုင်မလား၊ ကမ္ဘာကြီးပိုတောက်လောင်အောင် မီးစာဖြစ်လာမလား စောင့်ကြည့်ရမယ့်အနေအထားပါ။

**နိုင်ငံများစွာပါဝင်လာမယ့် စစ်ပွဲကြီးတွေကြောင့် လူသားသန်းပေါင်းများစွာ သေကျေပျက်စီးမယ့်ကိန်း ကြုံတွေ့ရနိုင်တယ်။ လက်ရှိ တစ်နှစ်သာသာရှိသေးတဲ့ အစ္စရေး ဂါဇာစစ်ကနေ လက်ဘနွန်အထိ ပျံ့နှံ့သွားတဲ့ အစ္စရေးလက်ဘနွန်စစ်ပွဲကြောင့် လူသောင်းချီသေဆုံး၊ လူပေါင်းသန်းချီ အိုးမဲ့အိမ်မဲ့ဖြစ်ကြရပြီ။ ကမ္ဘာ့မြို့ကြီးတွေ အထူးသဖြင့် အနောက်နိုင်ငံတွေမှာ အစ္စရေးဆန့်ကျင်ဆန္ဒပြပွဲတွေနဲ့ ပါလက်စတိုင်း ထောက်ခံတဲ့ ဆူပူအဓိကရုဏ်းတွေကနေ ဘာသာရေးပဋိပက္ခအသွင် ကူးပြောင်းသွားရင် ပိုပြီး ကြောက်စရာ ဖြစ်လာမယ်။**

အစ္စရေးနဲ့ အီရန်က အလုံးစုံစစ်ကြီးဖြစ်နိုင်မယ့် အနေအထားမှာ ရောက်နေပြီး ထိုင်ဝမ်ကျွန်းပတ်လည်မှာ ရုတ်တရက် စစ်ရေးတင်းမာလာတဲ့ တရုတ်-ထိုင်ဝမ်အရေးကလည်း ရတက်မအေးစရာဖြစ်လာတယ်။ မမျှော်လင့်ထားတဲ့ နိမိတ်ဆိုးတစ်ခုက အဆက်အသွယ်အားလုံး ပြတ်တောက်သွားခဲ့တဲ့ တောင်နဲ့ မြောက်ကိုရီးယားအခြေအနေ ဖြစ်ပါတယ်။ နိုင်ငံခေါင်းဆောင်အချို့ ကမ္ဘာစစ်ကြီးမဖြစ်အောင် ကြိုးစားတားနေကြပေမယ့် ရပ်တန့်ဖို့မတတ်နိုင်တဲ့ ဒေသစစ်ပွဲတွေကြားမှာ ကမ္ဘာ့ပြည်သူအားလုံးအတွက်တော့ စိုးရိမ်စရာအပြည့်ပါပဲ။ နောင်လာမယ့် အနာဂတ်စစ်ပွဲတွေရဲ့ရလဒ်မှာ အနိုင်အရှုံးဆိုတာရှိပါတော့မလား။ ကမ္ဘာကြီးမှာ အမုန်းတရားအပြည့်နဲ့ အားလုံးပျက်သုဉ်းမယ့်ကိန်းသာ မြင်နေရတယ်။ အရာအားလုံးကို အဆိုးမြင်လွန်းတယ်လို့ မမှတ်ဘဲ သတိဆိုတာ ပိုတယ်မရှိအောင် ဆင်ခြင်နိုင်ရန်သာ ဖြစ်ပါတယ်။

### အရင်းအမြစ်အားလုံးကိုအသုံးချ ကြိုတင်ပြင်ဆင်ကြရပြီ

ကြိုတင်ပြင်ဆင်မှုအားနည်းရင် ဆုံးရှုံးနိုင်ခြေပမာဏ အလွန်ကြီးမားတယ်ဆိုရာမှာ နိုင်ငံ့မူလအရင်းအမြစ်စွမ်းအားစုများနဲ့က အဓိကသက်ဆိုင်ပါတယ်။ လူသားအရင်းအမြစ် men၊ စက်ပစ္စည်းနည်းပညာ material၊ ငွေကြေးဓန money အင်အားများက အရေးကြီးသလို လူတွေရဲ့ စိတ်ဓာတ်နဲ့ ခံယူချက် mind က ပိုပြီးအခရာကျတယ်လို့လည်း ယူဆမိတယ်။ ထိုအရင်းအမြစ်အားလုံးက ကျွန်တော်တို့နိုင်ငံမှာက အကန့်အသတ်နဲ့သာ ဖြစ်နေတယ်။ အချင်းချင်းညီညွတ်မှုမရှိ ၊ တည်ငြိမ်မှုမရှိ၊ အကျင့်ပျက်မှုများ အနာဂတ်အမြော်အမြင်နဲ့ ကြိုတင်မျှော်တွေးမှုမရှိ၊ သူများမြှောက်ပေးတိုင်း ကတတ်သူနဲ့ အမုန်းတရားများပြီး အသိခံယူချက်ချည့်နဲ့တဲ့ နိုင်ငံလူ့အဖွဲ့အစည်းမျိုးဟာ သူများလက်အောက် သူများနောက် ရောက်ရနိုင်ကြောင်း သတိရှိသင့်တယ်။ ဘယ်တော့မှလည်း တိုးတက်မှာမဟုတ်တဲ့အပြင် တကယ်တမ်းဖြစ်လာရင် နောက်ဆက်တွဲဆိုးကျိုးနဲ့ သက်ရောက်မှုပမာဏ အလွန်များပြားပါလိမ့်မယ်။ *စာမျက်နှာ ၁၂ သို့*

**❝နိုင်ငံများစွာပါဝင်လာမယ့် စစ်ပွဲကြီးတွေကြောင့် လူသားသန်းပေါင်းများစွာ သေကျေပျက်စီးမယ့်ကိန်း ကြုံတွေ့ရနိုင်တယ်။ လက်ရှိ တစ်နှစ်သာသာရှိသေးတဲ့ အစ္စရေးဂါဇာစစ်ကနေ လက်ဘနွန်အထိ ပျံ့နှံ့သွားတဲ့ အစ္စရေးလက်ဘနွန်စစ်ပွဲကြောင့် လူသောင်းချီသေဆုံး၊ လူပေါင်းသန်းချီ အိုးမဲ့အိမ်မဲ့ဖြစ်ကြရပြီ။ ကမ္ဘာ့မြို့ကြီးတွေ အထူးသဖြင့် အနောက်နိုင်ငံတွေမှာ အစ္စရေးဆန့်ကျင်ဆန္ဒပြပွဲတွေနဲ့ ပါလက်စတိုင်း ထောက်ခံတဲ့ ဆူပူအဓိကရုဏ်းတွေကနေ ဘာသာရေးပဋိပက္ခအသွင် ကူးပြောင်းသွားရင် ပိုပြီးကြောက်စရာဖြစ်လာမယ်❞**

*စာမျက်နှာ ၁၀ မှ*

ဖွံ့ဖြိုးတိုးတက်မှု၊ ပညာရေးဆိုင်ရာ သုတေသနသို့မဟုတ် သင်ကြားရေးဆိုင်ရာ နည်းပေးလမ်းပြပြုနိုင်သည့် ခေါင်းဆောင်မှု ရာထူးများရရှိရန် ဆရာများအတွက် လမ်းစများဖန်တီးပေးနိုင်ပါသည်။

အသက်မွေးဝမ်းကျောင်း လမ်းကြောင်းများအတွင်း အထူးပြုခြင်းအားဖြင့် ဆရာများ၏ကိုယ်ပိုင် စာသင်ခန်းများအပြင် မူဝါဒများနှင့် အလေ့အကျင့်များကို လွှမ်းမိုးစေနိုင်ပါသည်။ ထို့ပြင် စိတ်ဝင်စားမှုတူညီသည့် ဆရာများအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ပေးပြီး အကြံဉာဏ်များ ဖလှယ်ခြင်း၊ အလေ့အကျင့်ကောင်းများနှင့် ပရော်ဖက်ရှင်နယ်သင်ယူမှု အသိုင်းအဝိုင်းများ ဖန်တီးခြင်းတို့ကို ဖြစ်ပေါ်စေပါသည်။ ဤစုပေါင်းကျွမ်းကျင်မှုသည် သင်ကြားရေးနှင့် သင်ယူမှုအပေါ် ပိုမိုကျယ်ပြန့်သော အဆင့်တွင် အပြောင်းအလဲဖြစ်စေနိုင်ပါသည်။

**ထိရောက်သော ဆရာများမြှင့်တင်ရေးနှင့် အသက်မွေးဝမ်းကျောင်းလမ်းကြောင်းစနစ်**

ထိရောက်သော ဆရာများမြှင့်တင်ရေးနှင့် အသက်မွေးဝမ်းကျောင်းလမ်းကြောင်း စနစ်အား အကောင်အထည်ဖော်ရာတွင် ဆရာများ၊ စီမံခန့်ခွဲသူများ၊ မူဝါဒချမှတ်သူများ၊ ပညာရေးကျွမ်းကျင်သူများ ပါဝင်သည့် သက်ဆိုင်သူများအကြား ကွဲပြားသော အမြင်များကို ရယူနိုင်ရန်အတွက် ဒီဇိုင်းရေးဆွဲအကောင်အထည်ဖော်ရာတွင် သေချာစွာ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါသည်။ အခြေခံပညာရေးကဏ္ဍအတွင်း တိုးတက်ပြောင်းလဲနေသော လိုအပ်ချက်များနှင့် ကိုက်ညီမှုရှိစေရန် မြှင့်တင်ရေး စံနှုန်းများ၊ အခန်းကဏ္ဍများနှင့် တာဝန်ဝတ္တရားများကို ပုံမှန်ပြန်လည်သုံးသပ်ပြင်ဆင်ရန်လည်း အရေးကြီးပါသည်။

အခြေခံပညာကဏ္ဍတွင် ဆရာအတတ်ပညာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆရာများ ပါဝင်ဆောင်ရွက်နိုင်ရန် လုံလောက်သော အခွင့်အရေးများလည်း ပေးသင့်ပါသည်။ အလုပ်ရုံဆွေးနွေးပွဲများ၊ စာတမ်းဖတ်ပွဲများ၊ နည်းနှောဖလှယ်ပွဲများ၊ ညီလာခံများ၊ အဆင့်မြင့်ဘွဲ့အစီအစဉ်များနှင့် ၎င်းတို့ ရွေးချယ်ထားသော အသက်မွေးဝမ်းကျောင်း လမ်းကြောင်းများနှင့် ကိုက်ညီသော အထူးပြု လေ့ကျင့်မှုများ စသည်တို့မှတစ်ဆင့် ၎င်းတို့၏ ဆရာအတတ်ပညာဖွံ့ဖြိုးတိုးတက်မှုနှင့် စွမ်းဆောင်ရည်များကို မြှင့်တင်နိုင်ပြီး ဆရာများ၏ဘဝ အောင်မြင်မှုကို ရရှိစေနိုင်ပါသည်။

အချုပ်အားဖြင့်ဆိုရလျှင် အခြေခံပညာ ဖွံ့ဖြိုးတိုးတက်ပြီး ကျောင်းသားများ အရည်အသွေးအာမခံချက် အပြည့်ရှိသော အခြေခံပညာရရှိရေးအတွက် ဆရာများသည် အဓိကကျသည့် အခန်းကဏ္ဍမှ ပါဝင်နေပါသည်။ အခြေခံပညာ ဆရာများအနေဖြင့် မိမိတို့၏ အရေးပါမှုကိုသိရှိပြီး မိမိတို့၏ လုပ်ငန်းစွမ်းဆောင်ရည်များ မြင့်မားတိုးတက်လာအောင် အစဉ် စွမ်းဆောင်နေကြရမည်ဖြစ်ပါသည်။ ။

---

*စာမျက်နှာ ၁၁ မှ*

အရေးကြုံရင် သူများအားကိုးဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ ဘယ်သူမှလည်း အကူအညီပေးနိုင်မှာ မဟုတ်သလို ဘယ်သူ့ကိုမှလည်း အကြွင်းမဲ့ယုံလို့ မရပါဘူး။ အားလုံးက သူ့အကျိုး ကိုယ့်အကျိုး အခြေခံစဉ်းစားကြတာပါပဲ။ လက်ရှိ ရုရှားကို ရင်ဆိုင်နေတဲ့ ယူကရိန်းဖြစ်အင်ကိုပဲကြည့်ပါ။ သုံးနှစ်ကြာလာတဲ့ပဋိပက္ခမှာ အမေရိကန်နဲ့နေတိုးက ယခင်ကလို အင်တိုက်အားတိုက် အကူအညီမပေးနိုင်တော့တဲ့ အခြေအနေမှာ ရောက်လာတယ်။ အထောက်အပံ့တွေ ဆက်ရှိနေပေမယ့်ပေးတဲ့ပမာဏနည်းလာသလို ထောက်ပံ့တဲ့လက်နက်ကို သုံးချင်တိုင်းသုံးလို့မရ ကန့်သတ်ခံထားရတဲ့ အနေအထားမှာ ယူကရိန်းရဲ့ လက်ရှိအနေအထားဟာ ကျားသနားမှ နွားချမ်းသာမယ့်အဖြစ်မျိုး ရောက်နေရပြီ။

> **“အဓိကအချက်က သဘာဝတရားကပေးတဲ့ အတွေ့အကြုံနဲ့အသိတရားက အလွန်အရေးကြီးတယ်ဆိုတဲ့အချက်ပါပဲ။ ယနေ့ကျွန်တော်တို့နိုင်ငံရဲ့ များပြားလှတဲ့ အတွေ့အကြုံနဲ့ များပြားလှတဲ့ သင်ခန်းစာတွေက တန်ဖိုးကြီးတဲ့ အသိတရားများကို ပေးနေပါတယ်။ ထို့အတူ ဖတ်မှတ်မြင်သိရတဲ့ ယနေ့ ကမ္ဘာ့အရေးအခင်းအားလုံးကလည်း အတွေ့အကြုံများပါပဲ။ ချိန်ထိုးလေ့လာလို့ အကောင်းဆုံးအရာတွေလည်း ဖြစ်ပါတယ်။ ဒါကြောင့် မျက်ခြည်မပြတ်လေ့လာနေရပါမယ်”**

ထို့အတူ အစ္စရေးက ဂါဇာနဲ့လက်ဘနွန်ကို ကြေမွအောင် တစ်ဖက်သတ် တိုက်ခိုက်နေပေမယ့် ပါလက်စတိုင်းသားတွေကို အစ္စလာမ်နိုင်ငံတွေက စိတ်ခါတ်ရေးရာအင်အားကလွဲပြီး ရုပ်ဝတ္ထုပိုင်းဆိုင်ရာမှာ ပြည့်ပြည့်ဝဝ ကူညီပေးနိုင်တဲ့အနေအထားမှာ မရှိပါဘူး။ ယနေ့ကမ္ဘာ့ပဋိပက္ခအားလုံးကို UN လည်းမကူနိုင်၊ UN ငြိမ်းချမ်းရေးတပ်လည်းမနိုင်ဖြစ်လာတဲ့ အနေအထားတွေဟာ စိုးရိမ်စရာပါ။ ဒီအချက်တွေဟာ ကမ္ဘာကြီးအတွက် ကောင်းတဲ့အခြေအနေမဟုတ်ဘူးဆိုပေမယ့် လတ်တလောမှာ အဆိုးတွေကြား ကောင်းကွက်လေးတစ်ကွက်နှစ်ကွက်လောက် ခပ်ရေးရေးတွေ့မြင်ရခြင်းက အားတက်စရာဖြစ်မိတယ်။ လူဦးရေ သန်း ၄၀၀၀ လောက်ကို ကိုယ်စားပြုနေပြီး နိုင်ငံများစွာက စိတ်ဝင်စားမှုရှိလာတဲ့ BRICS အဖွဲ့ကြီး ပေါ်ထွက်လာခြင်းနဲ့အတူ အိမ်နီးချင်းနျူအင်အားကြီးနှစ်နိုင်ငံဖြစ်တဲ့ အိန္ဒိယနဲ့ တရုတ် လက်ချင်းချိတ်ဆက်လာတဲ့ ပူးပေါင်းဆောင်ရွက်မှု အခင်းအကျင်းများက ကမ္ဘာ့ပြည်သူတွေအတွက် အားတက်စရာများပဲ ဖြစ်ပါတယ်။

နိုင်ငံအားလုံးက စစ်တိုက်ဖို့ စစ်ပြင်နေကြတဲ့အနေအထားမှာ မိမိပြည်တွင်း မိမိအင်အားကသာ အဓိကဖြစ်တဲ့အတွက် နိုင်ငံတော်အနေနဲ့ လက်ရှိကာလမှာ လူသားအရင်းအမြစ်နဲ့ လုပ်နိုင်မယ့် စွမ်းအားကို အပူတပြင်း ကြိုးစားတည်ဆောက်နေပါတယ်။ တိုးပွားအောင်အပြင် မယုတ်လျော့အောင်လည်း ကြိုးစားနေရတယ်။ အနာဂတ်ကမ္ဘာစစ်ကြီးတွေထိ မျှော်တွေးပြီး နိုင်ငံမှာပြည်သူပါဝင်တဲ့စစ်ရေးစွမ်းအားကို တည်ဆောက်ရတယ်၊ ပညာတတ်တွေ တိုးပွားလာအောင် ပညာရေးကို မြှင့်တင်နေရတယ်။ စိတ်ခါတ်ကောင်း၊ ခံယူချက်ကောင်းတွေနဲ့ ခံယူတတ်အောင်လည်း ယဉ်ကျေးမှုအားကစားကဏ္ဍများကတစ်ဆင့် တည်ဆောက်ပေးနေတယ်။ တစ်ဖက်က အရာရာပိတ်ဆို့မှုများကြား အဖျက်အမှောင့်များကြားက စီးပွားရေး ရေခံမြေခံကောင်းအောင်လည်း တည်ဆောက်နေရတယ်။ ပြည်သူ့စစ်မဟာဗျူဟာအရ ပြည်သူ့စစ်မှုထမ်း၊ အရန်စစ်မှုထမ်း စတဲ့ကြိုတင်ပြင်ဆင်မှုတွေဟာ နိုင်ငံ မြေ၊ ရေ၊ လေထုနဲ့ ဒီအပေါ်မှာ မှီတင်းနေထိုင်ကြတဲ့ နိုင်ငံသားတွေရဲ့ အသက်အိုးအိမ်စည်းစိမ်တွေ မဆုံးရှုံးရလေအောင် ဖြစ်ပါတယ်။ ထိုနည်းတူ မလိုလားအပ်ဘဲ ကိုယ့်နိုင်ငံသားတွေရဲ့ အသက်တွေ၊ အခြေခံအဆောက်အအုံတွေ မလျော့ပါးရအောင်လည်း ညီညွတ်ရေးစကားဝိုင်းတွေနဲ့ ထပ်ကာထပ်ကာ ဖိတ်ခေါ်၊ မတူတာတွေ တူမျှလာပြီး ဆန့်ကျင်ဘက်တွေနည်းလာအောင် စည်းလုံးညီညွတ်မှုရှိလာအောင် အတတ်နိုင်ဆုံး ဖေးဖေးမမနဲ့ ထိန်းသိမ်းနေကြောင်း တွေ့ရမှာဖြစ်တယ်။ ဒါတွေအားလုံးက နိုင်ငံနဲ့နိုင်ငံသားအားလုံးရဲ့ အနာဂတ် စိန်ခေါ်မှုတွေအတွက် ကြိုးစားတည်ဆောက်နေတဲ့ အင်အားနဲ့ အခွင့်အလမ်းတွေပါပဲ။ ကိုယ့်နိုင်ငံ အခြေအနေကော ယူကရိန်း၊ အစ္စရေး၊ ပါလက်စတိုင်း၊ လက်ဘနွန်စတဲ့ ကမ္ဘာ့နိုင်ငံအချို့ရဲ့ အဖြစ်အပျက်တွေကိုပါ သင်ခန်းစာယူပြီး ကြိုတင်မျှော်တွေးလုပ်သင့်တာ လုပ်နေရတာ ဖြစ်ပါတယ်။

**အဓိကအချက်က သဘာဝတရားကပေးတဲ့ အတွေ့အကြုံနဲ့အသိတရားက အလွန်အရေးကြီးတယ်ဆိုတဲ့အချက်ပါပဲ။ ယနေ့ကျွန်တော်တို့နိုင်ငံရဲ့ များပြားလှတဲ့ အတွေ့အကြုံနဲ့ များပြားလှတဲ့ သင်ခန်းစာတွေက တန်ဖိုးကြီးတဲ့ အသိတရားများကို ပေးနေပါတယ်။ ထို့အတူ ဖတ်မှတ်မြင်သိရတဲ့ ယနေ့ ကမ္ဘာ့အရေးအခင်းအားလုံးကလည်း အတွေ့အကြုံများပါပဲ။ ချိန်ထိုးလေ့လာလို့ အကောင်းဆုံးအရာတွေလည်း ဖြစ်ပါတယ်။ ဒါကြောင့် မျက်ခြည်မပြတ်လေ့လာနေရပါမယ်။**

ကမ္ဘာကြီးကို ခြိမ်းခြောက်မှုက ဘယ်ကနေလာမလဲ.. မှန်းဆရခက်ပေမယ့် နောက်ကွယ်က စစ်ပွဲဖန်တီးနေတဲ့ အနောက်အုပ်စု လက်မည်းတွေကိုတော့ မြင်နိုင်ရပါမယ်။ မြန်မာနိုင်ငံကြီး ပြိုကွဲပျက်စီးအောင်လုပ်နေတဲ့ ပြည်ပစွက်ဖက်မှု အတိတ်ပစ္စုပ္ပန်ဖြစ်ရပ်များနဲ့ ဆက်စပ်ကြည့်ရင် တွက်ဆဖို့မခက်ပါဘူး။ အထူးသဖြင့် အရှေ့အလယ်ပိုင်း အင်ဒိုပစိဖိတ်နဲ့ ဥရောပဒေသအခြေအနေနဲ့ အမေရိကန်ပြည်တွင်းနိုင်ငံရေးအခြေအနေများဟာ ယခုအချိန်မှာ အထူးအာရုံစိုက်လေ့လာရမယ့် အကြောင်းအရာတွေပါပဲ။ ဘယ်ဟာအမှား ဘယ်ဟာအမှန် အကြောင်းအကျိုးသက်ရောက်နိုင်မှု အတိုင်းအတာများကို ခွဲခြားဆက်စပ်သုံးသပ်ပြီး အနာဂတ်ဖြစ်လာနိုင်ခြေတွေနဲ့အတူ မျှော်လင့်မထားတဲ့ ရုတ်တရက် အပြောင်းအလဲများအတွက် ကြိုတင်မျှော်တွေးပြင်ဆင်ထားကြရမှာဖြစ်ပါတယ်။ ကြိုတင်ပြင်ဆင်ထားတာတောင် တကယ့်လက်တွေ့မှာ ခက်ခဲစွာရင်ဆိုင်ခဲ့ရတဲ့ သဘာဝကပ်ဘေးအတွေ့အကြုံများစွာ ရခဲ့ခြင်းဟာ လက်တွေ့ပါပဲ။ ဆောင်းပါးရဲ့ အဓိကဆိုလိုရင်းကတော့ လက်ရှိအကြောင်းတရားများအရ ကျွန်တော်တို့အားလုံးဟာ မျှော်လင့်မထားတဲ့ အခြေအနေတွေကို မဖြစ်မနေ ရင်ဆိုင်ရဦးမှာပါ။ လက်နက်ဘေး၊ ရောဂါဘေး၊ ငတ်မွတ်ခေါင်းပါးဘေး စတဲ့ ကပ်ဘေးတွေကိုဖြစ်စေတဲ့ မျက်မှောက်အကြောင်းတရားတွေလည်း မြင်နေပြီပဲ။ ပညာဉာဏ်နဲ့ ကြိုတင်မျှော်တွေးပြီး မိမိတို့မှာရှိသမျှ လူ၊ ပစ္စည်း၊ ငွေ၊ စိတ်ခါတ် အရင်းအမြစ်အားလုံးကို အကောင်းဆုံးအသုံးချနိုင်စွမ်းရှိဖို့သာ ပဓာနပါ။ အားလုံးထဲမှာ အဓိကအကျဆုံးက စိတ်ခါတ်လို့ ခံယူထားတဲ့အတွက် အတွေ့အကြုံသင်ခန်းစာတွေနဲ့ ပေါင်းစပ်ထားတဲ့ ပညာအသိကနေ စိတ်ခါတ်ကောင်းရအောင်သာ ကြိုးစားတည်ဆောက်ကြစို့... ဟူ၍ တင်ပြလိုက်ရပါတယ်။ ။

---

## သထုံရွှေစာရံစေတီတော်မြတ်ကြီး၌ စုပေါင်းလုပ်အားဒါနပြုခြင်းများ ဆောင်ရွက်

**သထုံ အောက်တိုဘာ ၂၇**

(၃၆) နှစ်မြောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သထုံခရိုင်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ စုပေါင်းကာ အောက်တိုဘာ ၂၅ ရက်က သထုံမြို့၏ ကျက်သရေဆောင် လေးဆူဓာတ်စံရွှေစာရံ စေတီတော်မြတ်ကြီး၌ စုပေါင်းလုပ်အားဒါနပြု သန့်ရှင်းရေးလုပ်ငန်းများ ပြုလုပ်ကြသည်။



စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ရာသို့ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးရဲနိုင်၊ တပ်နယ်မှူး ဗိုလ်မှူးကြီး အောင်အောင်ဟိန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဆွေဝင်း၊ ခရိုင်နှင့်မြို့နယ် စီမံအုပ်ချုပ်ရေး အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြသည်။

**ခရိုင်(ပြန်/ဆက်)**

---

## ရပ်စောက်မြို့နယ်၌ သန့်ရှင်း၍စိမ်းလန်းစိုပြည်သောကျောင်းအဖြစ် အဆိုပြုယှဉ်ပြိုင်ထားသည့် ကျောင်းသို့ ကွင်းဆင်းစစ်ဆေး

**ရပ်စောက် အောက်တိုဘာ ၂၇**

၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် သန့်ရှင်း၍ စိမ်းလန်းစိုပြည်သောကျောင်းအဖြစ် အဆိုပြုဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည့် ရပ်စောက်မြို့နယ် အခြေခံပညာအထက်တန်းကျောင်းခွဲ (အုန်းကွဲ) ကျောင်းအား အောက်တိုဘာ ၂၅ ရက်က ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးဆုစိစစ်ရွေးချယ်ရေးအဖွဲ့မှ သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီမှု ရှိ မရှိ ဒုတိယအကြိမ် ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် အခြေခံပညာဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ သစ်တောဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ စည်ပင်သာယာရေးဌာနနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတို့ ပါဝင်သည့် ကော်မတီဝင်များက ဆုရွေးချယ်နိုင်ရေးအတွက် အခြေခံပညာအထက်တန်းကျောင်းခွဲ (အုန်းကွဲ)ရှိ ကျောင်းအကျိုးတော်ဆောင်များ၊ ဆရာ ဆရာမများနှင့် တွေ့ဆုံပြီး သန့်ရှင်း၍ စိမ်းလန်းစိုပြည်သောကျောင်းများ Clean and Green Schools Award ဆုချီးမြှင့် လျှောက်ထားရာတွင် အခြေခံစံနှုန်းများ၊ အညွှန်းကိန်းများနှင့်အညီ ကိုက်ညီမှု ရှိ မရှိ ကွင်းဆင်းအကဲဖြတ် စစ်ဆေးကြရာ ကျောင်းအုပ်ဆရာမကြီးနှင့် ကျောင်းအကျိုးတော်ဆောင်များက မိမိတို့ကျောင်း၌ ဆောင်ရွက်ထားရှိမှု အခြေအနေများအား လိုက်လံပြသခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# အပူပိုင်းမုန်တိုင်း ထရာမီကြောင့် ဖိလစ်ပိုင်၌ သေဆုံးသူ ၉၀ ရှိပြီး ၃၆ ဦး ပျောက်ဆုံး

မနီလာ အောက်တိုဘာ ၂၇

**ဖိလစ်ပိုင်နိုင်ငံကို ယခုသီတင်းပတ်အတွင်း ဝင်ရောက်တိုက်ခတ်ခဲ့သည့် အပူပိုင်းမုန်တိုင်းထရာမီကြောင့် သေဆုံးသူ ၉၀ ရှိပြီး ၃၆ ဦးထက်မနည်း ပျောက်ဆုံးနေဆဲဖြစ်ကြောင်း ဖိလစ်ပိုင်အမျိုးသား သဘာဝဘေးအန္တရာယ် လျှော့ချရေးနှင့် စီမံခန့်ခွဲရေးကောင်စီက အောက်တိုဘာ ၂၇ ရက်တွင် ပြောကြားသည်။**



တိုင်ဖွန်းမုန်တိုင်းထရာမီကြောင့် ဖိလစ်ပိုင်နိုင်ငံတစ်ဝန်းရှိ ဒေသ ၁၆ ခုတွင် လူပေါင်း ၅ ဒသမ ၇ သန်းကျော် ထိခိုက်ခဲ့ရကြောင်း ကောင်စီကဆိုသည်။ ယခုနှစ် ဖိလစ်ပိုင်တွင် ဝင်ရောက်တိုက်ခတ်ခဲ့သည့် ၁၁ ခုမြောက် တိုင်ဖွန်းထရာမီသည် ဖိလစ်ပိုင်နိုင်ငံကို ဖြတ်ကျော်ဝင်ရောက်ခဲ့ပြီး အထူးသဖြင့် ဘီကောနှင့် ကာလာဘာဇွန်ဒေသများ၊ ဖိလစ်ပိုင် အလယ်ပိုင်းနှင့် တောင်ပိုင်းရှိ လူဇွန်ဒေသတို့တွင် ရေကြီးရေလျှံမှုများ၊ မြေပြိုမှုများဖြစ်ပေါ်ပြီး လမ်းများလည်း ပျက်စီးခဲ့သည်။ ပျောက်ဆုံးသွားသူ ၃၆ ဦးကို သက်ဆိုင်ရာက ဆက်လက်ရှာဖွေနေဆဲဖြစ်သည်။ တိုင်ဖွန်းထရာမီကြောင့် ဆိပ်ကမ်းများတွင် လူပေါင်း ၈၀၀၀ ကျော် သောင်တင်နေခဲ့သည်ဟု ဖိလစ်ပိုင်ကမ်းခြေစောင့်တပ်က ပြောကြားသည်။

တိုင်ဖွန်းထရာမီ ဖိလစ်ပိုင်နိုင်ငံမှ ထွက်ခွာပြီးနောက် နှစ်ရက်ကြာသည်အထိ သဘာဝဘေးသင့်ပြည်သူများသည် အစားအစာနှင့် သန့်ရှင်းသောရေရရှိရေး စောင့်ဆိုင်းနေရဆဲဖြစ်သည်။ တိုင်ဖွန်းထရာမီကြောင့် အခြေခံအဆောက်အအုံ ပျက်စီးဆုံးရှုံးမှု ခန့်မှန်းတန်ဖိုး ပီဆို ၈၂၅ သန်း (အမေရိကန်ဒေါ်လာ ၁၄ သန်း)၊ စိုက်ပျိုးရေးကဏ္ဍတွင် ပျက်စီးမှုတန်ဖိုး ပီဆို ၁ ဒသမ ၄၃၂ ဘီလီယံ (ဒေါ်လာ ၂၄ ဒသမ ၅ သန်း) ရှိသည်။ နှစ်စဉ် ဖိလစ်ပိုင်သို့ တိုင်ဖွန်းမုန်တိုင်း ပျမ်းမျှအကြိမ် ၂၀ ခန့် ဝင်ရောက်တိုက်ခတ်လေ့ရှိကြောင်း သိရသည်။

ဆင်ဟွာ

## အနောက်အာရှတွင် ပဋိပက္ခအရှိန်မြင့်လာမှုကို အိန္ဒိယနိုင်ငံက အလွန်အမင်းစိုးရိမ်ဟုဆို

**နယူးဒေလီ အောက်တိုဘာ ၂၇** အိန္ဒိယနိုင်ငံသည် အနောက်အာရှတွင် ပဋိပက္ခဖြစ်ပွားသည့် အခြေအနေ အရှိန်မြင့်လာမှုနှင့် ပတ်သက်ပြီး အလွန်အမင်းစိုးရိမ်ကြောင်းနှင့် ပါဝင်သူအားလုံးကို ထိန်းထိန်းသိမ်းသိမ်း လုပ်ဆောင်ကြရန် တိုက်တွန်းလိုက်ကြောင်း သိရသည်။

ယခုလ အစောပိုင်းတွင် အီရန်က အစ္စရေးသို့ ပဲ့ထိန်းဒုံးကျည်အမြောက်အမြားပစ်ခတ်တိုက်ခိုက်မှုကို လက်တုံ့ပြန်သည့်အနေဖြင့် အောက်တိုဘာ ၂၇ ရက် အစောပိုင်းတွင် အစ္စရေးက အီရန်သို့ လေကြောင်းတိုက်ခိုက်မှုများ လုပ်ဆောင်ပြီးနောက် ထိန်းထိန်းသိမ်းသိမ်း လုပ်ဆောင်ရန် အိန္ဒိယနိုင်ငံက တိုက်တွန်းလိုက်ခြင်းဖြစ်သည်။



အိန္ဒိယနိုင်ငံခြားရေး ဝန်ကြီးဌာနက အနောက်အာရှတွင် ပဋိပက္ခအရှိန်မြင့်လာမှုကို အလွန်စိုးရိမ်ပြီး ပါဝင်သူအားလုံးကို ထိန်းထိန်းသိမ်းသိမ်း လုပ်ဆောင်ကြရန်၊ တွေ့ဆုံဆွေးနွေးရေးနှင့် သံတမန်ရေး လမ်းကြောင်းသို့ ပြန်သွားရန် ထပ်လောင်းတောင်းဆိုကြောင်း ပြောသည်။

၂၀၂၃ ခုနှစ် အောက်တိုဘာ ၇ ရက်တွင် ဟားမားစ်က အစ္စရေးတောင်ပိုင်းကို တိုက်ခိုက်မှုကြောင့် ဖြစ်ပေါ်လာသော အစ္စရေး – ဟားမားစ် ပဋိပက္ခဖြစ်ပွားချိန်မှစ၍ အရှေ့အလယ်ပိုင်းတွင် မတည်မငြိမ်မှုများ ဖြစ်ပွားလျက်ရှိသည်။ **ဆင်ဟွာ**

## ပါကစ္စတန်နိုင်ငံ၌ ၂၀၂၄ ခုနှစ်အတွင်း ပိုလီယိုရောဂါဖြစ်ပွားသူ ၄၁ ဦးရှိလာ

**အစ္စလာမ္မာဘတ် အောက်တိုဘာ ၂၇**

ပါကစ္စတန်နိုင်ငံ၌ နောက်ထပ်ပိုလီယိုရောဂါဖြစ်ပွားသူဦးရေထပ်တိုးလာရာ နိုင်ငံတစ်ဝန်း ၂၀၂၄ ခုနှစ်အတွင်း ပိုလီယိုရောဂါဖြစ်ပွားသူ ၄၁ ဦးရှိလာပြီဟု ကျန်းမာရေးဝန်ကြီးဌာနက အောက်တိုဘာ ၂၆ ရက်တွင် သတင်းထုတ်ပြန်သည်။ အနောက်တောင်ပိုင်း ဘလိုချီစတန်ပြည်နယ် လိုရာလိုင်းခရိုင်မှ ကလေးတစ်ဦးမှာ ပိုလီယိုအရိုင်းဗိုင်းရပ်စ်ပိုးကူးစက်ခံထားရသည်ဟု ပိုလီယိုပပျောက်ရေးဆိုင်ရာဒေသ ဓာတ်ခွဲခန်းမှ အရာရှိတစ်ဦးက ပြောသည်။

ယခုအချိန်အထိ ဘလိုချီစတန်ပြည်နယ်မှ ၂၁ ဦး၊ တောင်ပိုင်းဆင်းဒ်ပြည်နယ်မှ ၁၂ ဦးနှင့် အနောက်မြောက်ပိုင်းခိုင်ဘာပတ်ခ်ထွန်ခဝါပြည်နယ်မှခြောက်ဦး၊ ပန်ဂျပ်ပြည်နယ်နှင့် အစ္စလာမ္မာဘတ်မြို့မှ တစ်ဦးစီ ပိုလီယိုရောဂါဖြစ်ပွားကြောင်း အာဏာပိုင်များ၏ပြောကြားချက်အရ သိရသည်။

ယခုနှစ်အတွင်း ဘလိုချီစတန်ပြည်နယ်၌ ပိုလီယိုကူးစက်မှုမြင့်မားခြင်းနှင့် ရင်ဆိုင်နေရသည်။ ထိုစဉ်ပါကစ္စတန်နိုင်ငံ၌ အောက်တိုဘာ ၂၈ ရက်မှစတင်ကာ တစ်နိုင်ငံတစ်ဝန်း ကလေးငယ်ပေါင်း ၄၅ သန်းကျော်ကို ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးမှုများ လုပ်ဆောင်ရန်စီစဉ်ထားသည်ဟု သိရသည်။

ဆင်ဟွာ

## ကျွန်ကုန်ကူးမှုအတွက် လျော်ကြေးပေးဆောင်နိုင်ရေးဆွေးနွေးရန် ဓနသဟာယနိုင်ငံများ သဘောတူ

**တိုကျို အောက်တိုဘာ ၂၇**

ယခင်က ဗြိတိန်နှင့်ပတ်သက်သည့် ကျွန်ကုန်သွယ်မှုကို ကြုံတွေ့ခဲ့ရသော နိုင်ငံများအတွက် လျော်ကြေးပေးအပ်နိုင်ရေးအတွက် ဆွေးနွေးမှုစတင်ရန် ဓနသဟာယနိုင်ငံများမှ ခေါင်းဆောင်များက သဘောတူညီကြသည်။

ဓနသဟာယအဖွဲ့သည် ယခင်ဗြိတိသျှကိုလိုနီနယ်မြေများအပါအဝင် နိုင်ငံပေါင်း ၅၆ နိုင်ငံပါဝင်သည့် အသင်းအဖွဲ့တစ်ခုဖြစ်သည်။ ဓနသဟာယနိုင်ငံ့ခေါင်းဆောင်များ အစည်းအဝေးကို အောက်တိုဘာ ၂၆ ရက်အထိ ဆာမိုအာတွင် ကျင်းပခဲ့သည်။

အဆိုပါအဖွဲ့ဝင်နိုင်ငံများအနေဖြင့် ကျွန်ပြုခြင်းနှင့်ပတ်သက်၍ လျော်ကြေးကို မျှမျှတတဖြစ်စေရေးအတွက် ဆွေးနွေးမှုများပြုလုပ်ရန် အချိန်ကျပြီဖြစ်ကြောင်း သဘောတူညီမှုရရှိခဲ့ကြသည်။ ၁၆ ရာစုနှောင်းပိုင်းမှစ၍ နှစ်ပေါင်းများစွာ ကျွန်ကုန်သွယ်ခြင်းမှ အကျိုးအမြတ်ရရှိခဲ့သော ဗြိတိန်ကို တောင်းပန်မှုပြုလုပ်ရန်နှင့် လျော်ကြေးပေးရန်အတွက် ကာရေဘီယံနိုင်ငံများ၏ တောင်းဆိုမှုများမှာ အရှိန်မြင့်လာလျက်ရှိသည်။ ဗြိတိန်သည် အဓိကအားဖြင့် အာဖရိကအနောက်ပိုင်းမှ ကာရေဘီယံနှင့် အမေရိကတိုက်ရှိ ၎င်းတို့၏ ကိုလိုနီနယ်မြေများသို့ လူသုံးသန်းခန့်ကို ဆေးရွက်ကြီး၊ ဝါဂွမ်းနှင့် သကြားများ စိုက်ပျိုးထုတ်လုပ်ရန် အလုပ်သမားများအဖြစ် ပို့ဆောင်ခဲ့သည်ဟု ဆိုသည်။

အစည်းအဝေးတွင် ငွေကြေးနှင့်ပတ်သက်သည့် ဆွေးနွေးမှုများမရှိခဲ့ကြောင်း၊ သို့သော်ယင်းနှင့် ပတ်သက်၍ ဗြိတိန်က ငွေအမြောက်အမြားပေးဆောင်မှုထက် လျော်ကြေးအတွက် အခြားသောရွေးချယ်စရာများကို ရှာဖွေနေကြောင်း ဗြိတိန်ဝန်ကြီးချုပ် ကီယာရ်စတာမာက အောက်တိုဘာ ၂၆ ရက်တွင် ပြောကြားသည်။ ဗြိတိန်က ကြွေးမြီများ လျှော့ချရေး၊ စီးပွားရေးအကူအညီနှင့် အခြားသော လျော်ကြေးပုံစံများဖြင့် ဆောင်ရွက်ပေးသွားဖွယ်ရှိကြောင်း ဒေသတွင်းမီဒီယာများက ဖော်ပြသည်။

**အင်န်အိတ်ချ်ကေ**

## ဆူဒန်နိုင်ငံရှိ အသက်ငါးနှစ်အောက် ကလေးငယ် ၃ ဒသမ ၇ သန်း ပြင်းထန်အာဟာရချို့တဲ့မှုအန္တရာယ်နှင့် ရင်ဆိုင်နေရ

**ခါတွန် အောက်တိုဘာ ၂၇**

ဆူဒန်နိုင်ငံတစ်ဝန်း အသက်ငါးနှစ်အောက် ကလေးငယ် ၃ ဒသမ ၇ သန်းမှာ ပြင်းထန်အာဟာရချို့တဲ့မှု အန္တရာယ်နှင့် ရင်ဆိုင်ကြုံတွေ့နေရကြောင်း ကုလသမဂ္ဂဆိုင်ရာ အေဂျင်စီနှစ်ခုက ပြောသည်။

ယခုနှစ်တစ်နှစ်တည်းတွင် ပြင်းထန်အာဟာရချို့တဲ့မှုဒဏ် ခံစားနေရသော အသက်ငါးနှစ်အောက် ကလေးငယ် ၃ ဒသမ ၇ သန်းရှိပြီး အသက်ကယ်ဆေးဝါးကုသမှုများ အရေးပေါ်ခံယူရန် လိုအပ်ကြောင်း ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးနှင့် ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့တို့က အောက်တိုဘာ ၂၆ ရက်တွင် ပူးတွဲကြေညာချက်ထုတ်ပြန်ထားသည်။

ထုတ်ပြန်ချက်အရ အဆိုပါကလေးငယ်များသည် ငတ်မွတ်ခေါင်းပါးမှုနှင့် ကြုံတွေ့နေရသော ကလေးငယ်များဖြစ်ပြီး ထောက်ပံ့ကူညီမှုများ အချိန်မီမရရှိပါက ၎င်းတို့သည် ကျန်းမာသည့်ရွယ်တူကလေးငယ်များထက် ကုသကာကွယ်နိုင်သော ရောဂါများမှ သေဆုံးနိုင်ခြေ ၁၀ ဆရှိကြောင်း သိရသည်။ ထို့အပြင် ဆူဒန်နိုင်ငံရှိ လူဦးရေထက်ဝက်ခန့် သို့မဟုတ် လူပေါင်း ၂၅ သန်းခန့်မှာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများနှင့် ကာကွယ်မှုများ လိုအပ်ကြောင်း သိရသည်။

ဆင်ဟွာ

## လူမှုကွန်ရက်မီဒီယာတွင် ဗုံးခြိမ်းခြောက်မှုများ ပျံ့နှံ့ခြင်းကိုတားဆီးရန် အိန္ဒိယလုပ်ဆောင်

**နယူးဒေလီ အောက်တိုဘာ ၂၇** အိန္ဒိယနိုင်ငံတစ်ဝန်း လေကြောင်းလိုင်းများ၊ ဆေးရုံများ၊ ဟိုတယ်များကို ပစ်မှတ်ထား၍ အလိမ်အညာ ဗုံးခြိမ်းခြောက်မှုသတင်းများ ဖြန့်ဝေခြင်းကို ကာကွယ်တားဆီးပေးရန် အောက်တိုဘာ ၂၆ ရက်တွင် အိန္ဒိယအစိုးရက လူမှုကွန်ရက် မီဒီယာများကို ညွှန်ကြားထားသည်။

လူမှုကွန်ရက် မီဒီယာများ အနေဖြင့် အလိမ်အညာသတင်းများနှင့်ခြိမ်းခြောက်မှုသတင်းများကို သတင်းပို့ရန်၊ အာဏာပိုင်များနှင့် ပူးပေါင်းဆောင်ရွက်ရန် အီလက်ထရွန်နစ်နှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာနက အကြံပြုချက် ထုတ်ပြန်ထားသည်။ နိုင်ငံအတွင်း လေကြောင်းခရီးစဉ်ပေါင်း ၃၀၀ ကျော်တွင် ဗုံးအန္တရာယ်ရှိသည်ဟူသော ခြိမ်းခြောက်မှုမျိုးခံနေရသည်။

လုံခြုံစိတ်ချရမှုမှာ အစိုးရ၏ ထိပ်တန်းဦးစားပေးဖြစ်ပြီး ယင်းကဲ့သို့ခြိမ်းခြောက်ဖုန်းခေါ်ဆိုခဲ့သောလူများကို လေကြောင်းခရီးစဉ်တွင် လိုက်ပါခွင့်မပြုရေး စည်းမျဉ်းများ ပြင်ဆင်လျက်ရှိသည်ဟု အိန္ဒိယပြည်သူ့လေကြောင်း ဝန်ကြီးရမ်မိုဟမ်နိုင်ဒူက ယခုသီတင်းပတ် အစောပိုင်းတွင် ပြောကြားခဲ့သည်။

**ဆင်ဟွာ**

# ကမ္ဘာ့မီဒီယာဇာတ်ခုံပေါ်မှာ ဆွေးနွေးခဲ့ကြတဲ့ AI ခေတ်ရဲ့ သတင်းမီဒီယာတွေနဲ့ အနာဂတ်စိန်ခေါ်မှုတွေ

ထွန်းကျော်




The 6th World Media Summit အခမ်းအနား ကျင်းပနေမှု။

ကမ္ဘာတစ်လွှား နည်းပညာအသစ်တွေ လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်ခြင်းနဲ့အတူ မျိုးဆက်သစ် AI နည်းပညာကို ကျယ်ပြန့်စွာအသုံးချမှုကြောင့် AI နည်းပညာဟာ အခုအခါမှာတော့ လူသားတွေအပေါ် လျင်မြန်စွာ လွှမ်းမိုးလို့လာနေပါပြီ။ ကျွဲကူးရေပါ ဆိုသလို ဖွံ့ဖြိုးတိုးတက်လာတဲ့ AI နည်းပညာနဲ့အတူ သတင်း မီဒီယာဟာလည်း အသွင်ကူးပြောင်းမှုနဲ့ ဖွံ့ဖြိုးတိုးတက်မှုအတွက် ထပ်မံဆန်းသစ်လို့ လာခဲ့ပြီဖြစ်ပါတယ်။ ရှုပ်ထွေးနက်နဲလှတဲ့ နည်းပညာ စိတ်ကူးယဉ်အိပ်မက်မှသည် လက်တွေ့နယ်ပယ် ထဲအထိ ထိုးဖောက်ဝင်ရောက်လာခဲ့ပြီ ဖြစ်ပါတယ်။ လူသားမျိုးနွယ်ထုကြီးတစ်ရပ်လုံးကို စိတ်ကူး ကြံစည်မှုတွေနဲ့ပြည့်နေတဲ့ အာကာသအချိန်သစ် တစ်ခုဆီသို့ ပို့ဆောင်ပေးနေပြီဖြစ်တဲ့အတွက် ခေတ်နဲ့တစ်ပြေးညီ စမတ်မီဒီယာ ခေတ်ဟာလည်း မကြာမီရောက်ရှိလာတော့မှာ ဖြစ်ပါတယ်။

### AI နည်းပညာဖွံ့ဖြိုးတိုးတက်မှုဟာ မသေချာမှုတွေနဲ့ ပြည့်နှက်နေ

အလားတူ AI နည်းပညာဟာ သတင်းမီဒီယာ လုပ်ငန်းကို ဘယ်လိုပုံဖော်သွားမလဲဆိုတာ ပဟေဠိတစ်ခုအဖြစ် ဆက်လက်ကျန်ရှိနေဆဲ ဖြစ်ပါတယ်။ AI နည်းပညာဖွံ့ဖြိုးတိုးတက်မှုဟာ ဟိုးအရင်က သတင်းအချက်အလက်နဲ့ နည်းပညာ ပြောင်းလဲမှုလိုမျိုး အခုချိန်အထိ မသေချာမှုတွေနဲ့ ပြည့်နှက်နေပါတယ်။ နည်းပညာသစ်တစ်ခုရဲ့ ကောင်းကျိုးနဲ့ဆိုးပြစ်ဟာ သူ့ကို လက်တွေ့စမ်းသပ် အသုံးမချခင်အချိန်အထိ “blackbox” ထဲမှာပဲ ရှိနေဦးမှာပါ။

AI ခေတ်မှာ သတင်းမီဒီယာတွေဟာ ဘယ်လို အခွင့်အလမ်းတွေ စိန်ခေါ်မှုတွေနဲ့ ရင်ဆိုင်နေရလဲ၊ သူတို့ရဲ့တာဝန်တွေနဲ့ ရည်မှန်းချက်တွေကို ဘယ်လို ဖြည့်ဆည်းဆောင်ရွက်သွားမလဲဆိုတာ စိတ်ဝင်စားစရာကောင်းပါတယ်။ New China Research နဲ့ ဆင်ဟွာသတင်းအေဂျင်စီ ဉာဏ်ကြီး ရှင်အဖွဲ့ရဲ့ သုတေသနစစ်တမ်းတွေအရ ၆၆ ရာခိုင် နှုန်းလောက်ဟာ ကမ္ဘာ့သတင်းမီဒီယာအများစုက သတင်းမီဒီယာကဏ္ဍအပေါ် မျိုးဆက်သစ် AI နည်းပညာရဲ့သက်ရောက်မှုကို အပြုသဘောနဲ့ ကြိုဆိုကြပါတယ်။ ၆၇ ဒသမ ၆ ရာခိုင်နှုန်းကတော့ AI က ယူဆောင်လာတဲ့ အပြောင်းအလဲတွေ၊ အတွေ့ အကြုံသစ်တွေကို အသုံးပြုနေကြပြီဖြစ်ပါတယ်။ ၅၁ ဒသမ ၂ ရာခိုင်နှုန်းရဲ့ ထက်ဝက်ကတော့ အေအိုင် နည်းပညာကို စတင်အကောင်အထည်ဖော်နေ ကြပြီဖြစ်ပါတယ်။ မီဒီယာအဖွဲ့အစည်းတွေအနေနဲ့ အဓိကအားဖြင့် မျိုးဆက်သစ် AI နည်းပညာကို အချိန်နဲ့တစ်ပြေးညီ သတင်းတင်ဆက်ဖို့ မျှော်မှန်း ထားကြပါတယ်။

တစ်ဖက်မှာ မျိုးဆက်သစ် AI နည်းပညာရဲ့ ကောင်းကျိုးတွေ အနန္တရှိသော်လည်း တခြား တစ်ဖက်မှာလည်း သူနဲ့ပတ်သက်တဲ့ ယုံကြည်မှု ချိုးဖောက်နိုင်တဲ့ အန္တရာယ်ကိုလည်း စိုးရိမ်နေရ ပါတယ်။ အထူးသဖြင့် သတင်းပုံဖျက်ခြင်းနဲ့ သတင်း မတိကျခြင်း အန္တရာယ်တွေပဲဖြစ်ပါတယ်။ ဒါ့အပြင် သတင်းမီဒီယာအများစုအနေနဲ့ မျိုးဆက်သစ် AI နည်းပညာကိုအသုံးချရာမှာ ပိုမိုကောင်းမွန်တဲ့ စည်းမျဉ်းစည်းကမ်းတွေ လိုအပ်တယ်လို့လည်း ယုံကြည်နေကြပါတယ်။

### မီဒီယာအဖွဲ့အစည်းတွေနဲ့ သုံးစွဲသူတွေကို တစ်ခေတ်ဆန်းစေ

AI ဟာ သတင်းအကြောင်းအရာ စုဆောင်းခြင်း၊ ထုတ်လုပ်ခြင်း၊ ဖြန့်ဝေခြင်း၊ အကဲဖြတ်ခြင်း အပါ အဝင် သတင်းမီဒီယာဖန်တီးထုတ်လုပ်မှု လိုင်း အသစ်ကို မောင်းနှင်နေပြီဖြစ်ပါတယ်။ AI နည်း ပညာဟာ အချိန်နဲ့အာကာသကို ကျော်လွန်ပြီး ပုံရိပ်ယောင်နဲ့ လက်တွေ့ကမ္ဘာရဲ့ အပြန်အလှန် ဆက်သွယ်မှုတွေကို ပေါင်းစည်းကာ လူသားနဲ့ စက်ပစ္စည်းတွေရဲ့ ဆက်သွယ်မှုတွေကို လွယ်ကူ ချောမွေ့စေမှုနဲ့အတူ ပိုမိုကောင်းမွန်တဲ့ အတွေ့ အကြုံတွေဖြင့် မီဒီယာအဖွဲ့အစည်းတွေနဲ့ သုံးစွဲသူ တွေကို တစ်ခေတ်ဆန်းစေပါတယ်။ ဒါ့အပြင် AI နည်းပညာဟာ အရာအားလုံးအတွက် မီဒီယာ ဗဟိုပြုချဉ်းကပ်မှု၊ မူဝါဒလမ်းစဉ် ဗဟိုပြုမီဒီယာနဲ့ ဒစ်ဂျစ်တယ်နဲ့ မှတ်ဉာဏ်စွမ်းရည်အသုံးပြုမှု၊ အခြားစက်မှုကဏ္ဍတွေအပါအဝင် စီးပွားရေးပုံစံသစ် အမျိုးမျိုးကိုလည်း ဖန်တီးပေးပါတယ်။

ဒါတွေဟာ AI နည်းပညာနဲ့ ပတ်သက်တဲ့ ကောင်းကျိုးတွေဖြစ်သလို မသေချာမှုတွေ ပြည့်နေတဲ့ AI ကို မမှန်မကန်အသုံးပြုခြင်းကြောင့် အန္တရာယ်မျိုးစုံနဲ့ မမြင်နိုင်တဲ့ စိန်ခေါ်မှုတွေလည်း ရှိနေနိုင်ပါသေးတယ်။ ဥပမာ AI ကြောင့် ဖြစ်ပေါ် လာတဲ့ မှားယွင်းတဲ့အချက်အလက်တွေဟာ ပုံသဏ္ဌာန်အမျိုးမျိုးနဲ့ ကျယ်ပြန့်ကြီးမားလာပြီး ကမ္ဘာနဲ့ချီတဲ့ စစ်မှန်မှုအကျပ်အတည်းကို ဖြစ်ပေါ် စေနိုင်ပါတယ်။ ဒါ့အပြင် နည်းပညာကန့်သတ်ချက် တွေနဲ့ သုံးစွဲသူတွေရဲ့ ပုဂ္ဂလိကအကျိုးစီးပွားတွေဟာ ပူးပေါင်းလိမ်လည်မှုတွေကို ဖန်တီးဖြစ်ပေါ်စေသလို အများသူငါ အမြင်ကို ညစ်ညမ်းစေပြီး တစ်ဦးချင်း ခံယူချက်နဲ့ လူမှုအဖွဲ့အစည်းဆိုင်ရာ ရေးသား ဟောပြောချက်တွေအပေါ်လည်း မကောင်းတဲ့ သက်ရောက်မှုတွေဖြစ်စေပါတယ်။ ဒီအခြေအနေ ဟာ နိုင်ငံတကာသတင်းအချက်အလက်ဆိုင်ရာ ထိပ်တိုက်ရင်ဆိုင်မှုတွေကို ပိုမိုပြင်းထန်လာစေမှာ ဖြစ်ပါတယ်။ များပြားလှတဲ့ တန်ဖိုးထားမှုဆိုင်ရာ စံနှုန်းအငြင်းပွားမှုတွေနဲ့ ကျင့်ဝတ်ဆိုင်ရာ ကျပ်တည်းမှုတွေဟာ AI ကို ဖွံ့ဖြိုးတိုးတက်မှုနဲ့ အုပ်ချုပ်မှုကြား အကျပ်ရိုက်စေမှာဖြစ်ပါတယ်။ AI ရဲ့ ပိုင်းခြားမှုကြောင့် လူအချင်းချင်းကြား၊ မြို့ပြနဲ့ ကျေးလက်ကြား၊ တောင်နဲ့ မြောက်ကြား ကွာဟမှု ကို ပိုမိုဖြစ်ပေါ်စေပြီး AI ဟာ နည်းပညာ လွှမ်းမိုး ကြီးစိုးခြင်းကို အားပေးအားမြှောက်ပြုကာ ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုမညီမျှခြင်းကို ပိုဆိုးလာစေမှာဖြစ်ပါတယ်။

### AI ကို အကောင်းဘက်မှာ အသုံးချနိုင်ရေး ကြိုးစားရမှာဖြစ်

လူမှုတာဝန်တွေကို ပခုံးထမ်းထားပြီး ပြည်သူ သာ ပဓာနဆိုတဲ့မူဝါဒကို ဦးထိပ်ပန်ထားတဲ့ သတင်း မီဒီယာတွေဟာ AI ကို အကောင်းဘက်မှာ အသုံးချ နိုင်ရေး ကြိုးစားရမှာဖြစ်သလို AI ခေတ်မှာ ၎င်းရဲ့ ပင်မတာဝန်တွေကို မီဒီယာတန်ဖိုးမြှင့်တင်ဖို့ အတွက် ဉာဏထိုးထွင်းစွမ်းရည်မြှင့်တင်ဖို့၊ ခိုင်မာတဲ့စံချိန်စံနှုန်းတွေ ချမှတ်ဖို့အတွက် ကျင့်ဝတ်တွေကို ဦးစားပေးအသုံးပြုဖို့၊ သိမြင်မှု ပတ်ဝန်းကျင်ကို အကောင်းဆုံးဖြစ်စေဖို့အတွက် လူမှုရေးတာဝန်တွေကို ထမ်းဆောင်ဖို့နဲ့ ကမ္ဘာလုံး ဆိုင်ရာအုပ်ချုပ်မှုပုံစံ တိုးတက်စေဖို့အတွက် တွေ့ဆုံဆွေးနွေးမှုနဲ့ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင် ဖို့ဆိုတဲ့ ကဏ္ဍလေးရပ်နဲ့အတူ ထမ်းဆောင်သွား ရမှာပဲ ဖြစ်ပါတယ်။ အဲဒီလိုလုပ်ဆောင်သွားမယ် ဆိုရင် စွမ်းအားကြီးမားတဲ့ မီဒီယာအင်အားစုတွေ ဟာ မျှဝေထားတဲ့ အနာဂတ်နဲ့အတူ အသိုက်အဝန်း တစ်ခုကို ပေါင်းစည်းတည်ဆောက်ပြီး ပိုမို ကောင်းမွန်တဲ့ ကမ္ဘာကြီးဆီသို့ ရှေးရှုဦးတည်သွား နိုင်မှာ ဖြစ်ပါကြောင်း...။ ။



**“လူမှုတာဝန်တွေကို ပခုံးထမ်းထားပြီး ပြည်သူသာ ပဓာနဆိုတဲ့မူဝါဒကို ဦးထိပ်ပန်ထားတဲ့ သတင်းမီဒီယာတွေဟာ AI ကို အကောင်းဘက်မှာ အသုံးချနိုင်ရေး ကြိုးစားရမှာဖြစ်သလို AI ခေတ်မှာ ၎င်း၏ ပင်မတာဝန်တွေကို မီဒီယာတန်ဖိုး မြှင့်တင်ဖို့အတွက် ဉာဏထိုးထွင်းစွမ်းရည်မြှင့်တင်ရန်၊ ခိုင်မာတဲ့ စံချိန်စံနှုန်းတွေ ချမှတ်ဖို့အတွက် ကျင့်ဝတ်တွေကို ဦးစားပေးအသုံးပြုရန်၊ သိမြင်မှုပတ်ဝန်းကျင်ကို အကောင်းဆုံးဖြစ်စေဖို့အတွက် လူမှုရေးတာဝန်တွေကို ထမ်းဆောင်ဖို့နဲ့ ကမ္ဘာလုံးဆိုင်ရာအုပ်ချုပ်မှုပုံစံ တိုးတက်စေရန်အတွက် တွေ့ဆုံဆွေးနွေးမှုနဲ့ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန်ဆိုတဲ့ ကဏ္ဍလေးရပ်နဲ့အတူ ထမ်းဆောင်သွားရမှာပဲဖြစ်”**

# ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ဦးဆောင်၍ စုပေါင်းသန့်ရှင်းရေးပြုလုပ်



**ပဲခူး အောက်တိုဘာ ၂၇**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ဦးဆောင်၍ အပတ်စဉ် စနေနေ့တိုင်း မြို့/ရွာ သန့်ရှင်းသာယာ လှပစေရေး စုပေါင်းသန့်ရှင်းရေးပြုလုပ်ခြင်းကို အောက်တိုဘာ ၂၆ ရက် နံနက်ပိုင်းက တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၈ မြို့နယ်၌ တစ်ပြိုင်တည်း ပြုလုပ်သည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ပဲခူးတက္ကသိုလ်၌ ကျောင်းဖွင့်ချိန်အမီ စုပေါင်းသန့်ရှင်းရေးပြုလုပ်နေမှုကို လှည့်လည်ကြည့်ရှုအားပေးပြီး တက္ကသိုလ်အတွင်း အစဉ်အမြဲသန့်ရှင်းသပ်ရပ်စေရေး၊ စိမ်းလန်းစိုပြည်စေရေး၊ ပန်းပေါင်းစုံဖူးပွင့်ဝေဆာစေရေးနှင့် ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်သွားရန် တာဝန်ရှိသူများအား မှာကြားသည်။

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ဦးဆောင်၍ တိုင်းဒေသကြီးအတွင်း မြို့နယ် ၂၈ မြို့နယ်ရှိ ကားလမ်း(ဝဲ/ယာ)၊ မီးရထားလမ်း(ဝဲ/ယာ)၊ တက္ကသိုလ်များ၊ ဒီဂရီကောလိပ်များ၊ စာသင်ကျောင်းများ၊ ဆေးရုံများ၊ ဘာသာရေးအဆောက်အအုံများ၊ ဌာနဆိုင်ရာရုံးများ၊ ရပ်ကွက်အတွင်းလမ်း (ဝဲ/ယာ)၊ အများနှင့်သက်ဆိုင်သောပန်းခြံများနှင့် သောက်သုံးရေကန်များတွင် တိုင်းဒေသကြီး/ ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ တပ်ရင်းတပ်ဖွဲ့များ၊ ကျောင်းသား ကျောင်းသူများ၊ ရပ်ကွက်နေပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များ စုပေါင်းသန့်ရှင်းရေး ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ကမ္ဘောဒီးယားနိုင်ငံ၊ အိန္ဒိယနိုင်ငံနှင့် ပြည်တွင်းမှအလှူရှင်များက လွိုင်ကော်မြို့ ယာယီရေဘေးကယ်ဆယ်ရေးစခန်းသုံးခုသို့ ဘုရားဆင်းတုတော်၊ သင်္ကန်း၊ ဆန်နှင့် လူသုံးကုန်ပစ္စည်းများ ထောက်ပံ့



**လွိုင်ကော် အောက်တိုဘာ ၂၇**

ကမ္ဘောဒီးယားနိုင်ငံ၊ အိန္ဒိယနိုင်ငံနှင့် ပြည်တွင်းမှအလှူရှင်များက လွိုင်ကော်မြို့ ရေဘေးသင့်ပြည်သူများအား ဘုရားဆင်းတုတော်၊ သင်္ကန်း၊ ဆန်နှင့် လူသုံးကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက လွိုင်ကော်မြို့ သာသနာ့ဗိမာန်တော်ကြီး ဥတ္တရာရုံပရိယတ္တိစာသင်တိုက်နှင့် ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်း ယာယီရေဘေး ကယ်ဆယ်ရေးစခန်းများ၌ ကျင်းပသည်။

ဦးစွာ ကယားပြည်နယ် သယံဇာတရေးရာဝန်ကြီး ဦးစောဟူးဟူးက ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ယာယီရေဘေးကယ်ဆယ်ရေးစခန်းများရှိ ရေဘေးသင့်ပြည်သူများအတွက် စနစ်တကျနေရာချထားခြင်း၊ အစားအသောက်၊ ရေ၊ မီး၊ သန့်စင်ခန်းများ၊ အုပ်ချုပ်မှုနှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များ အဆင်ပြေစေရန် စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကြိုတင်ကာကွယ်ရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများကို ကြိုတင်စီမံဆောင်ရွက်နိုင်ခဲ့သဖြင့် ယနေ့အချိန်ထိပြည်နယ်အတွင်း ထိခိုက်သေဆုံးမှုမရှိခဲ့ကြောင်း၊ ပြည်နယ်ဝန်ကြီးချုပ်၏ ကြီးကြပ်မှုဖြင့် ပြည်တွင်းပြည်ပမှ စေတနာရှင်အလှူရှင်များက လှူဒါန်းထောက်ပံ့သည့် ပစ္စည်းများကို ရေဘေးသင့်ပြည်သူများ လက်ဝယ်သို့ မျှမျှတတရရှိစေရန် စီမံ ဆောင်ရွက်ပေးလျက်ရှိကြောင်း စသည်ဖြင့် ပြောကြားခဲ့သည်။

ဆက်လက်၍ သယံဇာတရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများက ပြည်တွင်းမှအလှူရှင်များက လှူဒါန်းသည့် ဉာဏ်တော်ကိုးလက်မ ဘုရားဆင်းတုတော် ၇၇ ဆူနှင့် သင်္ကန်းငါးစုံတို့ကို ပြည်နယ်သာသနာရေး ဦးစီးဌာနသို့လည်းကောင်း၊ ကမ္ဘောဒီးယားနိုင်ငံမှ လှူဒါန်းသည့် ဆန် ၁၂ ပြည်အိတ် ၁၃၅ အိတ်နှင့် အိန္ဒိယနိုင်ငံမှ လှူဒါန်းသည့် လူသုံးကုန်ပစ္စည်းအမျိုး ၂၀ တို့ကို ရေဘေးသင့်ပြည်သူများသို့ လည်းကောင်း အသီးသီး ပေးအပ်ကြကြောင်း သိရသည်။

**ကိုဇင်(ပြန်/ဆက်)**

# ထန်းတပင်မြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်းပွဲ ကျင်းပ

**ထန်းတပင် အောက်တိုဘာ ၂၇**

ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ် အောင်မင်္ဂလာကျေးရွာအုပ်စု ကွင်းအမှတ်(၄၅၅) ဦးပိုင်အမှတ် (၅၂/၃) ရှိ တောင်သူဦးသိန်းထိုက်၏ ဆင်းသုခစပါးမျိုးစိုက်ခင်း၌ ယနေ့နံနက်ပိုင်းက စံကွက်အရွယ်အစား ၀ ဒသမ ၁၀ ဖြင့် မိုးစပါးစံကွက်ရိတ်သိမ်းပွဲ ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလှမြင့်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုစိုးနှင့် တောင်သူများ တက်ရောက်သည်။

ဦးစွာ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုစိုးက မိုးစပါးသီးနှံအထွက်နှုန်းတိုးတက်အောင် ဆောင်ရွက်ခဲ့မှုများနှင့် မိုးစပါးအပြီးစိုက်ပျိုးမည့် ဆောင်းသီးနှံများထဲမှ အဓိကသီးနှံများဖြစ်သည့် မြေပဲ၊ မတ်ပဲ၊ ပဲတီစိမ်းသီးနှံများ ပန်းတိုင်အထွက်နှုန်း ပြည့်မီကျော်လွန်ရေးအတွက် မျိုးကောင်းမျိုးသန့်ပြောင်းလဲစိုက်ပျိုးရေး၊ စနစ်တကျမြေပြုပြင်ရေး၊ သွင်းအားစုများ စနစ်တကျသုံးစွဲရေး၊ အပင်ဦးရေပြည့်မီရေးအတွက် စနစ်တကျစိုက်ပျိုးရေး စသည့် အထွက်နှုန်းတိုးတက်ရေး နည်းပညာများကို ဆွေးနွေးသည်။

ထို့နောက်မိုးစပါးအထွက်နှုန်း မှတ်တမ်းတင်စံကွက် ၀ ဒသမ ၁၀ ရိတ်သိမ်းရာတွင် တစ်ဧကအထွက်နှုန်း အစိတင်း ၁၂၉ တင်းနှုန်း ထွက်ရှိခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# ညောင်ရွှေမြို့နယ် အင်းလေးဒေသအတွင်း ရေကြီးခြင်းနောက်ဆက်တွဲ ကူးစက်ရောဂါဖြစ်ပွားမှု ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

**ညောင်ရွှေ အောက်တိုဘာ ၂၇**

ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ် အင်းလေးဒေသအတွင်း ရေပြန်လည်ကျဆင်းပြီးနောက် ရေကြီးခြင်း နောက်ဆက်တွဲကူးစက်ရောဂါများ ဖြစ်ပွားမှုမရှိစေရေးအတွက် ကြိုတင်ကာကွယ်ဆောင်ရွက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့က ညောင်ရွှေမြို့နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ရှမ်းပြည်နယ်(တောင်ပိုင်း) ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာဝင်းနိုင်က အမှာစကားပြောကြားပြီး ဒုတိယပြည်နယ်ဦးစီးဌာနမှူး ဒေါက်တာတင်ဝမ်းနှင့် လက်ထောက်ညွှန်ကြားရေးမှူး(ကျန်းမာပညာ) ဦးမန်ရှင်းတို့က ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် အသေးစိတ်စီမံချက်များ ရေးဆွဲဆောင်ရွက်ကြရန် ပြောကြားသည်။

ထို့နောက် မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှူး ဒေါက်တာအောင်စစ်ထွန်းနှင့် အစည်းအဝေးတက်ရောက်လာသည့် ကျန်းမာရေးဝန်ထမ်းများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်မည့်လုပ်ငန်းများကို ရှင်းလင်းတင်ပြကြပြီး အထွေထွေကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**စိုင်းအယ်ဘဲ**



# စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၆၃၂၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် အောက်တိုဘာ ၂၇**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေး ကော်မတီအနေဖြင့် စားအုန်းဆီကမ္ဘာ့ဈေးနှုန်း ဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံတွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ အောက်တိုဘာ ၂၈ ရက်မှ နိုဝင်ဘာ ၃ ရက်အထိ ရန်ကုန်အထိုင်ဈေးအခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၆၃၂၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းအပါအဝင် မသမာသည့် လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပင်လုံမြို့ မေတ္တာအေးရိပ်ပရဟိတဘုန်းတော်ကြီးသင်ပညာရေးကျောင်းတွင် နာယကကျောင်းဆောင် အုတ်မြစ်တော်စီမင်္ဂလာအခမ်းအနားနှင့် မုခ်ဦးဖွင့်ပွဲကျင်းပ



နေပြည်တော် အောက်တိုဘာ ၂၇

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လုံမြို့ မေတ္တာအေးရိပ် ပရဟိတဘုန်းတော်ကြီး သင်ပညာရေးကျောင်းတွင် နာယကကျောင်းဆောင် အုတ်မြစ်တော်စီမင်္ဂလာ အခမ်းအနားနှင့် မုခ်ဦးဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက အဆိုပါကျောင်းတိုက်၌ ပြုလုပ်ရာ မန်ဆူဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဒေါက်တာဘဒ္ဒန္တပုညနန္ဒ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် မျိုးမင်းထွန်းနှင့် ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ စေတနာရှင်အလှူရှင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ ဆရာတော်ကြီးများက နမောတဿ သုံးကြိမ်ရွတ်ဆိုပြီး ဇယန္တောအောင်ဂါထာဖြင့် အုတ်မြစ်တော်စီ မင်္ဂလာအခမ်းအနားကို စတင်သည်။ ထို့နောက် မန်ဆူဆရာတော်ကဦးဆောင်၍ အုတ်မြစ်တော်စီမင်္ဂလာအောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် အမွှေးနံ့သာများပက်ဖျန်းခြင်းနှင့် ကံ့ကော်ပင်စိုက်ပျိုးခြင်းကို ပြုလုပ်သည်။ ယင်းနောက် မန်ဆူဆရာတော်၊ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက မေတ္တာအေးရိပ် ပရဟိတဘုန်းတော်ကြီးသင်ပညာရေးကျောင်းမုခ်ဦးကို ဖွင့်လှစ်ပေးပြီး ကျောင်းတိုက်ရှိ ဓမ္မစကူး ကျောင်းသား ကျောင်းသူများနှင့် ယာယီနေရပ်စွန့်ခွာနေသူများအား စားသောက်ဖွယ်ရာများနှင့် အဝတ်အထည်များ ထောက်ပံ့ပေးအပ် လှူဒါန်းကြသည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက မန်ဆူဆရာတော်ထံမှ ငါးပါးသီလခံယူစောင့်တည်ကြပြီး သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသော မေတ္တာသုတ်တရားတော်ကို နာယူကြည်ညိုကြကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေပြီး ဆရာတော် သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နေ့ဆွမ်းဆက်ကပ်၍ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက မန်ဆူဆရာတော် ပင့်ဆောင်လာသော ဓာတ်တော်၊ မွေတော်များကို ပင်လုံမြို့ မွေတော်ဟိုးနားရှေးဟောင်း စေတီတော်အတွင်းသို့ လိုက်ပါပင့်ဆောင် ပူဇော်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး ငွေဆောင်ကမ်းခြေဒေသ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက်




**နေပြည်တော် အောက်တိုဘာ ၂၇**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးနှင့် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးတင်အေးတို့သည် ယမန်နေ့ မွန်းလွဲပိုင်းက ပုသိမ်မြို့နယ် သလပ်ခွာကြိုးဝိုင်းအတွင်းရှိ ရှုခင်းကြည့်မျှော်စင်နှင့် ပုသိမ်မြို့ ၁၉ မိုင်ရှိ ငွေဆောင်အပန်းဖြေ ဆင်စခန်းတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ခရီးသွားဧည့်သည်များ အန္တရာယ်ကင်းစွာ လေ့လာကြည့်ရှုနိုင်ရေးအတွက် မျှော်စင်ကို အဆင့်မြှင့်တင်ရန်၊ ဆင်စခန်းကို ခရီးသွားများ ဆွဲဆောင်နိုင်အောင် ပြင်ဆင်ဆောင်ရွက်ရန်နှင့် ခရီးသွားမြှင့်တင်ရေးအစီအစဉ်များတွင် ထည့်သွင်း၍ကြော်ငြာပေးရန် ကိစ္စရပ်များကို မှာကြားသည်။

**ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး**

ထို့နောက် ငွေဆောင်ကမ်းခြေရှိ ယမုံနာဦးဟိုတယ်၌ ငွေဆောင်ကမ်းခြေဒေသ စီမံခန့်ခွဲရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဟိုတယ်လုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး၊ ခရီးသွားကဏ္ဍ မြှင့်တင်ရေး၊ ငွေဆောင်ကမ်းခြေသို့ လာရောက်လည်ပတ်သည့် ခရီးသွားများအား ဆွဲဆောင်နိုင်ရန် ညဈေးတန်းကဲ့သို့သော Night Life Activities များကို ဖန်တီးခြင်း၊ ကမ်းခြေတွင် ဆောင်ရွက်နိုင်မည့် အားကစားပြိုင်ပွဲများကို စီစဉ်ဆောင်ရွက်ခြင်း၊ ဖျော်ဖြေရေးအစီအစဉ်များ၊ ရိုးရာပွဲတော်များကို ပုံမှန်ကျင်းပဆောင်ရွက်ခြင်းများ ဖော်ထုတ်ဆောင်ရွက်သွားရေးကိစ္စရပ်များကို ဆွေးနွေးမှာကြားကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

**ခရီးသွားဆွဲဆောင်ရာနေရာများကြည့်ရှု**

ယင်းနောက် ငွေဆောင်ကမ်းခြေဒေသရှိ ခရီးသွားဆွဲဆောင်ရာနေရာများသို့ ခရီးသွားများ လာရောက်လည်ပတ်မှုအခြေအနေများ၊ ငွေဆောင် Square တွင် ဖွင့်လှစ်ထားရှိသည့် ညဈေးတန်း၌ ခရီးသွားများအတွက် ဝန်ဆောင်မှုပေးနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တပ်ကုန်းမြို့နယ်အတွင်း ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံစုံ ၂၃၁၉၈ ဧက လျာထားစိုက်ပျိုး

**တပ်ကုန်း အောက်တိုဘာ ၂၇**

ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ်အတွင်း ယခုနှစ် ဆောင်းသီးနှံစိုက်ရာသီတွင် ဆီထွက်သီးနှံများဖြစ်သည့် မြေပဲ၊ နှမ်းနှင့် နေကြာ စသည့်သီးနှံမျိုးစုံ ၂၃၁၉၈ ဧကလျာထား စိုက်ပျိုးမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

တပ်ကုန်းမြို့နယ် အတွင်းရှိ ဒေသခံတောင်သူများ ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေးအတွက် ဆီထွက်သီးနှံမျိုးစုံ ထွက်နှုန်းကောင်း မျိုးကောင်း၊ မျိုးသန့်များ သုံးစွဲရေးနှင့်စိုက်စနစ်မှန်ကန်ရေး၊ သဘာဝမြေဩဇာနှင့်ဓာတ်မြေဩဇာများ အချိုးကျသုံးစွဲနိုင်ရေး၊ ဆီထွက်သီးနှံများ စီးပွားဖြစ် စိုက်ပျိုးနိုင်ရေး၊ ဆီထွက်သီးနှံများ အရည်အသွေးကောင်းရရှိရေး၊ ပန်းတိုင်အထွက်နှုန်းရရှိရေး၊ နည်းပညာရပ်များ ရယူသုံးစွဲနိုင်ရေးနှင့်ဈေးကွက်ဝင် ဆီထွက်သီးနှံများကို စိုက်ပျိုးကြရေးကိုလည်း စည်းရုံးဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန တာဝန်ရှိသူတစ်ဦးက ပြောသည်။



တပ်ကုန်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံများ လျာထားစိုက်ပျိုးမှုအနေဖြင့် မြေပဲ ၁၀၇၉၄ ဧက၊ နှမ်း ၁၁၃၆၇ ဧကနှင့်နေကြာ ၁၀၃၇ ဧက စုစုပေါင်း ၂၃၁၉၈ ဧက စိုက်ပျိုးမည်ဖြစ်ပြီး မြို့နယ်အတွင်းသာမက ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ဒေသခံတောင်သူများနှင့် ပူးပေါင်း၍ အောင်မြင်အောင် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

**တင်စိုးလွင်**

# စံပြဖဆပလရောင်းဝယ်ရေးအသင်း နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ စည်းဝေး

**ရန်ကုန် အောက်တိုဘာ ၂၇**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် စံပြဖဆပလရောင်းဝယ်ရေးအသင်း၏၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို အောက်တိုဘာ ၂၇ ရက်က မင်္ဂလာတောင်ညွန့်မြို့နယ် ဖဆပလရပ်ကွက် အ.မ.က(၁၃)ကျောင်းခန်းမ၌ ပြုလုပ်သည်။

ယင်းအစည်းအဝေးတွင် အသင်းအတွင်းရေးမှူး ဒေါ်အေးမြင့်က သမဝါယမအသင်းကိစ္စရပ်များကို ဆွေးနွေးပြီး မြို့နယ်သမဝါယမဦးစီးအရာရှိ ဦးသက်ပြင်းက သမဝါယမအသင်းဥပဒေ၊ နည်းဥပဒေများကို ဆွေးနွေးသည်။

ထို့အပြင် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် အမှုဆောင်အဖွဲ့အစီရင်ခံစာ၊ ဘဏ္ဍာရေးရှင်းတမ်း၊ အသင်းသားစာရင်းစစ်အစီရင်ခံစာများကို ဖတ်ကြားရှင်းလင်းပြီး အသင်းသားများအား အစုပေါ်အမြတ်ငွေများ ပေးအပ်ကြောင်းသိရသည်။

**ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)**



**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**

**လျှပ်စစ်ကိုချွေတာသုံးစွဲခြင်းဖြင့် မီတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ**

## မြို့ပြည်ရွာ သာစေမှန်းပါလို့

* ဝေမဆန်းပါဘူး
ခရေပန်းဖြစ်ထွေ၊
ရှုပ်ပွေလိမ်မြေပြင်ထက်
ဆင်းသက်လို့ကြွေ။
လန်းဝေဝေ
ပန်းခရေဖြစ်စဉ်တွေး၊
ပန်းချစ်သူကောက်သီကုံး
ရာနှုန်းပြည့်မွှေး။
* စမ်းရေသွင် စီးဖို့တား
အမှိုက်များဒိုက်ယှက်တင်၊
မြစမ်းရေတေးချိုမြ
ထုံ"အ"သံစဉ်။
ကြားချင်လှတေးချိုယဉ်
မြန်အလျင်မြောင်းသွယ်ရှင်း၊
မြစမ်းရေ သံသာဆက်
နှစ်သက်ဖွယ်ခင်း။
* ပန်းခရေပမာပြ
စမ်းရေမြလှစ်ကာခြွေ၊
ထူးလှဖြစ်ထွေ။
အကြောင်းဖွေ
ကောင်းအမွေမျိုးဆက်ပွား
မချို့စဉ်ဖြာ
မြို့ပြည်ရွာသာစေမှန်းပါလို့
(အိုကွယ်)လှမ်းကြစို့လား။ ။

ဖိုလေးလုံးသောင်းကိုကို

## 36th Junior Golf Myanmar Championship ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၇**

မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ်က ကြီးမှူး၍ Junior Golf Myanmar (JGM) ၏ (၃၆) ကြိမ်မြောက် မျိုးဆက်သစ်လူငယ် ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့နှင့် ဆုချီးမြှင့်ပွဲကို အောက်တိုဘာ ၂၇ ရက်က ရန်ကုန်မြို့ရှိ ရန်ကုန်ဂေါက်ကွင်း (တည်ငီးကုန်း) ၌ ကျင်းပရာ မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကိုကိုအေးနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ Junior Golf Myanmar (JGM) မှ အမှုဆောင်များ၊ အားကစားသမားများ၏ မိဘများနှင့် ဖိတ်ကြားထားသူများ တက်ရောက်သည်။



ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲ ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံဂေါက်သီး အားကစားအဖွဲ့ချုပ် တွဲဖက် အထွေထွေအတွင်းရေးမှူးနှင့် Junior Golf Myanmar (JGM) ဥက္ကဋ္ဌ ဦးမြင့်အောင်က နှုတ်ခွန်းဆက် အမှာစကားပြောကြားပြီး ပြိုင်ပွဲလက်ခံကျင်းပပေးသော ရန်ကုန်ဂေါက်ကွင်း(တည်ငီးကုန်း)နှင့် Singha Thailand Junior World Golf Champion–ship 2024 ဂေါက်သီးရိုက်ပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ကြမည့် ကစားသမားများအား ပြိုင်ပွဲဝင် အင်္ကျီများပံ့ပိုးပေးပါသော Tee off Golf Apparel အား အမှတ်တရဂုဏ်ပြုလက်ဆောင် ပေးအပ်ရာ ရန်ကုန်ဂေါက်ကွင်းမှ အထွေထွေမန်နေဂျာ ဦးသိန်းဇော်ဝေနှင့် Tee off Golf Apparel မန်နေဂျင်းဒါရိုက်တာ ဦးဇော်လင်းထွန်းတို့က လက်ခံရယူသည်။ ထို့နောက် Junior Golf Myanmar (JGM) အလုပ်အမှုဆောင် ဦးကျော်မင်းမင်းလတ်က (အမျိုးသား) အသက် ၁၂ နှစ်အောက် သက်တမ်းတွင် စုစုပေါင်းရိုက်ချက် ၁၆၉ ချက်ဖြင့် တတိယဆုရရှိသော ရဲမင်းသန့်၊ စုစုပေါင်းရိုက်ချက် ၁၆၁ ချက်ဖြင့် ဒုတိယဆုရရှိသော ဇာနည်ထွန်းဝင်း၊ စုစုပေါင်းရိုက်ချက် ၁၅၃ ချက်ဖြင့် ပထမဆုရရှိသော ထူးမြတ်အောင်တို့ကိုလည်းကောင်း၊ မြန်မာနိုင်ငံဂေါက်သီး အားကစားအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင် ဒေါ်လွင်လွင်အောင်က (အမျိုးသမီး)အသက်၁၈ နှစ်အောက် သက်တမ်းတွင် စုစုပေါင်းရိုက်ချက် ၁၈၁ ချက်ဖြင့် တတိယဆုရရှိသော နန်းစိုင်အွမ်ငင်း၊ စုစုပေါင်းရိုက်ချက် ၁၆၂ ချက်ဖြင့် ဒုတိယဆုရရှိသော ဆုနှင်းဖြူ၊ စုစုပေါင်းရိုက်ချက် ၁၅၄ ချက်ဖြင့် ပထမဆုရရှိသော ချိုသာအောင်တို့ကိုလည်းကောင်း၊ မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင် ဒေါ်မြင့်မြင့်သန်းက (အမျိုးသား) အသက် ၁၄ နှစ်အောက်သက်တမ်းတွင် စုစုပေါင်းရိုက်ချက် ၁၆၆ ချက်ဖြင့် တတိယဆုရရှိသော ကျော်သံလွင်ဟိန်း၊ စုစုပေါင်းရိုက်ချက် ၁၆၂ ချက်ဖြင့် ဒုတိယဆုရရှိသော ထွန်းထွန်းဦး၊ စုစုပေါင်းရိုက်ချက် ၁၅၄ ချက်ဖြင့် ပထမဆုရရှိသော အောင်သန်းထွဋ်တို့ကိုလည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။ ဆက်လက်၍မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင် ဦးအိုက်ပန်က (အမျိုးသား) အသက် ၁၈ နှစ်အောက် သက်တမ်းတွင် စုစုပေါင်းရိုက်ချက် ၁၅၄ ချက်ဖြင့် တတိယဆု ရရှိသော ကောင်းထက်၊ စုစုပေါင်းရိုက်ချက် ၁၅၄ ချက်ဖြင့် ဒုတိယဆုရရှိသော မင်းခန့်သော်၊ စုစုပေါင်းရိုက်ချက် ၁၅၁ ချက်ဖြင့် ပထမဆုရရှိသော ပြည့်ဖြိုးထွဋ်တို့ကို ဆုများပေးအပ်ချီးမြှင့်သည်။

36th Junior Golf Myanmar Championship ဂေါက်သီးရိုက်ပြိုင်ပွဲကို အောက်တိုဘာ ၂၆ ရက်မှ ၂၇ ရက်အထိ နှစ်ရက်ကြာ ကျင်းပခဲ့သည်။

ကိုညီလေး၊ ဓာတ်ပုံ – MGF

## မိုင်းယောင်းမြို့နယ် ပုံချိုနီးကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းဖြင့် ကွန်ကရစ်လမ်းခင်းလုပ်ငန်းပြီးစီး

**မိုင်းယောင်း အောက်တိုဘာ ၂၇**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄–၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်း စီမံကိန်း(VDP)ဖြင့် ဟောင်ကြန့်ကျေးရွာအုပ်စု ပုံချိုနီးကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။

မိုင်းယောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးဝင်းနှင့် အင်ဂျင်နီယာဝန်ထမ်းများသည် ပုံချိုနီးကျေးရွာတွင် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာသူ ကျေးရွာသားများနှင့် တွေ့ဆုံဆွေးနွေးသည်။

အဆိုပါ ကွန်ကရစ်လမ်းသည် အရှည်ပေ ၄၀၀၊ အကျယ် ၁၂ ပေ၊ ထု ခြောက်လက်မရှိပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းပံ့ပိုးရန်ပုံငွေကျပ် ၁၅ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၃ ဒသမ ၂၄ သန်းဖြင့် ဆောင်ရွက်ရာ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီ ဖြစ်၍ ပုံချိုနီးကျေးရွာရှိ ကျေးလက်နေပြည်သူများ ရာသီမရွေး လမ်းပန်းဆက်သွယ်ရေး အဆင်ပြေလွယ်ကူတော့မည်ဖြစ်ကြောင်း သိရသည်။

မောင်ခိုင်



## အာရှဖလား ယူ-၁၇ ခြေစစ်ပွဲ အုပ်စုနောက်ဆုံးပွဲတွင် ကာဂျစ္စတန်ကို မြန်မာအသင်း အနိုင်ယူ

**ရန်ကုန် အောက်တိုဘာ ၂၇**

အာရှဖလား ယူ–၁၇ ခြေစစ်ပွဲ အုပ်စု (I) နောက်ဆုံးနေ့ကို အောက်တိုဘာ ၂၇ ရက်က ဗီယက်နမ်နိုင်ငံ၌ ဆက်လက်ကျင်းပရာ မြန်မာအသင်းက ကာဂျစ္စတန်အသင်းကို နှစ်ဂိုး – တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

မြန်မာအသင်းသည် ယီမင်နှင့် ဗီယက်နမ်တို့ကို နှစ်ပွဲဆက်တိုက် အရေးနိမ့်ထားသဖြင့် ခြေစစ်ပွဲအောင်မြင်ခွင့် ဆုံးရှုံးထားသော်လည်း အုပ်စုနောက်ဆုံးပွဲတွင် နိုင်ပွဲရရှိသည်။ မြန်မာအသင်းသည် ပွဲပြီးခါနီးအထိ တစ်ဂိုးဖြင့် အရေးနိမ့်နေသော်လည်း ခုနစ်မိနစ်အတွင်း နှစ်ဂိုးပြန်သွင်းကာ အနိုင်ရခဲ့သည်။ ကာဂျစ္စတန်အသင်းအတွက် ဦးဆောင်ဂိုးကို ၁၅ မိနစ်တွင် အီဆာကော့ဗ်က သွင်းယူခဲ့ပြီး မြန်မာအသင်းအတွက် ချေပဂိုးကို ၈၅ မိနစ်တွင် ကာဂျစ္စတန်အသင်းမှ ခါမီဒီလော့ဗ်ကိုယ့်ဂိုးကိုယ် သွင်းမိခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းအတွက် အနိုင်ဂိုးကို ၉၀+၂ မိနစ်တွင် အောင်ပြည့်ဖြိုးက သွင်းယူခဲ့သည်။

မြန်မာအသင်းသည် ခြေစစ်ပွဲ အုပ်စုသုံးပွဲကစားရာတွင် တစ်ပွဲနိုင်၊ နှစ်ပွဲရှုံး၊ ရမှတ် သုံးမှတ်ဖြင့် အုပ်စုတတိယနေရာသာရပြီး ခြေစစ်ပွဲမအောင်မြင်ခဲ့ပေ။

ရဲရင့်လွင်
ဓာတ်ပုံ–MFF

## တိုက်ကြီးမြို့နယ်၌ တောဆင်ရိုင်းတစ်ကောင် ဝင်ရောက်ဖျက်ဆီး၍ နေအိမ် တစ်လုံး ပျက်စီး

**နေပြည်တော် အောက်တိုဘာ ၂၇**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်၌ အောက်တိုဘာ ၂၆ ရက်က တောဆင်ရိုင်းတစ်ကောင် ဝင်ရောက်ဖျက်ဆီး၍ နေအိမ် တစ်လုံး ပျက်စီးဆုံးရှုံးကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၂၆ ရက် နံနက် ၇ နာရီ မိနစ် ၂၀ တွင် တိုက်ကြီးမြို့နယ် ရွှေမြိုင်ရွာသစ်ကျေးရွာ၏ အနောက်ဘက်ခြမ်းသို့ တောဆင်ရိုင်း တစ်ကောင် ဝင်ရောက်ဖျက်ဆီးခဲ့၍ အဆိုပါကျေးရွာနေ ဦးစိုးပိုင်(၃၈)နှစ် ပိုင်ဆိုင်သည့် အလျား ၄၀ ပေ၊ အနံ ၂၅ ပေရှိ သွပ်မိုး၊ ပျဉ်ခင်း၊ ကျောက်ပြားကာ နေအိမ်မှာ ပျက်စီးဆုံးရှုံးခဲ့ကြောင်း သတင်းရရှိသည်။

(ရဲပြန်ကြား)

## မူဆယ်မြို့နယ်၌ ခြောက်ကောင်ဂျင် လောင်းကစားပြုလုပ်နေသူများအား ဖမ်းဆီးအရေးယူထား

**နေပြည်တော် အောက်တိုဘာ ၂၇**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့နယ်၌ အောက်တိုဘာ ၂၆ ရက်က ခြောက်ကောင်ဂျင် လောင်းကစားပြုလုပ်နေသူများကို ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၂၆ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် မူဆယ်မြို့နယ် ကောင်းမှုတံရပ်ကွက် ဟိုနားနယ်မြေကားလေးဝင်းအနီး မြို့ရှောင်လမ်းမကြီးဘေး၌ လောင်းကစားဝိုင်းပြုလုပ်နေကြောင်း သတင်းအရ မူဆယ်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်ဖမ်းဆီးခဲ့ရာ အဆိုပါရပ်ကွက်နေ အောင်ကျော်ကျော်(ခ) လောက်ပိန်း(၂၀)နှစ်နှင့် စွမ်စော်ရပ်ကွက်နေ အားနိမ့်(ခ) လျှိုရှိုးနိမ့်(၁၉)နှစ်တို့အား ခြောက်ကောင်ဂျင်လောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေများနှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် အောင်ကျော်ကျော်(ခ) လောက်ပိန်းနှင့် အားနိမ့်(ခ)လျှိုရှိုးနိမ့်တို့ နှစ်ဦးအား မူဆယ်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။ (ရဲပြန်ကြား)

# အလောင်းတော်ကဿပအမျိုးသားဥယျာဉ် သို့မဟုတ် သဘာဝသယံဇာတအမွေအနှစ်များထိန်းသိမ်းရေး ရှေ့မျက်နှာစာ



သိန်းညွန့်(P.Z.L)

အမိ မြန်မာနိုင်ငံတော်သည် သဘာဝတောတောင်ရေမြေ မြစ်ချောင်းများဖြင့် ငွားငွားစွင့်စွင့် ဖြစ်တည်လျက်ရှိသည်။ သစ်တော၊ သစ်ပင်များ ခြုံလွှမ်းမှုနှင့်အတူ သားငှက်တိရစ္ဆာန်များလည်း ကျင်လည်ကျက်စားလေ့ရှိကြသည်။


လွန်ခဲ့သည့် ၂၀၀၁ ခုနှစ်မှသည် လာမည့် ၂၀၃၀ ပြည့်နှစ်ကာလထိတိုင် နှစ် ၃၀ စီမံကိန်းသတ်မှတ်၍ အမျိုးသားသစ်တောကဏ္ဍရည်မှန်းချက်ကို ဖော်ဆောင်လျက်ရှိပေရာ ယင်းစီမံကိန်းအရ



အမျိုးသားဥယျာဉ်အတွင်း ကျက်စားသည့် ပြောင်။



အမျိုးသားဥယျာဉ်အတွင်း ကျက်စားသည့် ကြောင်မင်း။



အမျိုးသားဥယျာဉ်အတွင်း ကျက်စားသည့် မျောက်မျက်ကွင်းဖြူ။

**ဤကဲ့သို့ ထိန်းသိမ်းခြင်းဖြင့် ချင်းတွင်းသစ်တောပတ်ဝန်းကျင်၊ ပုံတောင်ပုံညာသစ်တောဒေသများ၏ စိမ်းလန်းစိုပြည်သောဝန်းကျင်ကို စံပြုလေ့လာနိုင်စေမည်ဖြစ်သကဲ့သို့ အမိနိုင်ငံတော်၏ အလယ်ပိုင်းဒေသများ ရာသီဥတုသမမျှတစေရန်အတွက်ပါ ဆောင်ကြဉ်းနိုင်မည်**

သဘာဝထိန်းသိမ်းရေးနယ်မြေများဖွဲ့စည်းခြင်းကို **ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ဥပဒေ(၂၀၁၈)**အရ စနစ်တကျ အကောင်အထည်ဖော်လျက်ရှိပါသည်။

ဤကဲ့သို့ အနာဂတ်နိုင်ငံတော်အတွက် သယံဇာတအမွေအနှစ်များကို ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရာတွင် **အလောင်းတော်ကဿပအမျိုးသားဥယျာဉ်**သည်လည်း တစ်ခုအပါအဝင်ဖြစ်ပေသည်။

### အရေးပါသောနယ်မြေ

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီနှင့် ကလေးခရိုင် မင်းကင်းမြို့နယ်များအတွင်း ကျရောက်သည့် အနီအမျိုးသားဥယျာဉ်သည် ဂေဟစနစ်နှင့် ဇီဝမျိုးစုံမျိုးကွဲများဆိုင်ရာ အရေးပါသော နယ်မြေလည်းဖြစ်သည်။ မြန်မာနိုင်ငံအတွင်း အာဆီယံအမွေအနှစ်ဥယျာဉ်ပေါင်း ခုနစ်ခု အတည်ပြု သတ်မှတ်ခံထားရပေရာ အလောင်းတော်ကဿပအမျိုးသားဥယျာဉ်သည်လည်း တစ်ခုအပါအဝင်ဖြစ်ပြီး ဧရိယာအားဖြင့် ၃၄၆၆၃၉ ဒသမ ၃၉ ဧက( ၅၄၁ ဒသမ ၆၂ စတုရန်းမိုင်) ကျယ်ပြောလှသည်။

စင်စစ်အားဖြင့် အဆိုပါဥယျာဉ်ကြီးမှာ ချင်းတွင်းမြစ်နှင့် မြစ်သာမြစ်တို့၏ ရေဝေရေလဲဒေသကို ကာကွယ်ထိန်းသိမ်းရေး၊ သစ်တောသစ်ပင် အပါအဝင် ဂေဟစနစ်အတွင်း တည်ရှိကျက်စားနေထိုင်ကြသော တောရိုင်းတိရစ္ဆာန်မျိုးစိတ်များ သဟဇာတရှိရှိ ယှဉ်တွဲနေထိုင်နိုင်ရေးနှင့် သက်ရှိသက်မဲ့ မျိုးစိတ်များမျိုးသုဉ်းခြင်းမှ ကာကွယ်ထိန်းသိမ်းရန် ရည်ရွယ်ဖွဲ့စည်းထားသော အမျိုးသားဥယျာဉ်ကြီးပင်ဖြစ်ချေသည်။

### သဘာဝအခြေခံခရီးသွားလုပ်ငန်း

ထို့မျှမက သဘာဝသယံဇာတပစ္စည်းများ၏တန်ဖိုးကို ပြည်သူများ သိရှိနားလည်စေရေး၊ သဘာဝအခြေခံ ခရီးသွားလုပ်ငန်းကို အထောက်အကူဖြစ်ရေးအတွက်ပါ ထိန်းသိမ်းကာကွယ်စောင့်ရှောက်နေခြင်းလည်း ဖြစ်ပေသည်။ ဤကဲ့သို့ထိန်းသိမ်းခြင်းဖြင့် ချင်းတွင်းသစ်တောပတ်ဝန်းကျင်၊ ပုံတောင်ပုံညာသစ်တောဒေသများ၏စိမ်းလန်းစိုပြည်သောဝန်းကျင်ကို စံပြုလေ့လာနိုင်စေမည်ဖြစ်သကဲ့သို့ အမိနိုင်ငံတော်၏ အလယ်ပိုင်းဒေသများ ရာသီဥတုသမမျှတစေရန်အတွက်ပါ ဆောင်ကြဉ်းနိုင်မည်ဖြစ်သည်။

### သစ်မျိုးပေါင်း ၄၆၅ မျိုး ရှင်သန်

ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ သစ်ရာ၊ အင်ကြင်း၊ ဖန်ခါး၊ ရင်းမာ၊ ရင်းတိုက်၊ ဘန့်ဘွေး၊ ထင်းရှူး စသည့်သစ်မျိုးပေါင်း ၄၆၅ မျိုး ရှင်သန်ပေါက်ရောက်လျက်ရှိသော သစ်တောများအတွင်း ရှားပါးငှက်မျိုးစိတ်ဖြစ်သည့် အောင်လောင်နှင့် ဒေါင်းစိမ်းငှက်မျိုးစိတ် အပါအဝင် ငှက်မျိုးစိတ်ပေါင်း ၄၅၈ မျိုးတို့ မြူးထူးကျက်စားရာ ဘူမိနက်သန်နေရာမှန်တစ်ခုလည်း ဖြစ်ပေသည်။

### နို့တိုက်သတ္တဝါ ၃၆ မျိုး ကျင်လည်

ထို့မျှမက တောဆင်၊ ကျားသစ်၊ အင်းကျား၊ စိုင်၊ ပြောင်၊ ချေ၊ ဆတ်၊ ကြောင်မျိုးစိတ်များနှင့် မျောက်မျိုးစိတ်များ စသည့်နို့တိုက်သတ္တဝါ ၃၆ မျိုးသည်လည်း အဆိုပါဥယျာဉ်ကြီးအတွင်း ကျင်လည်ကျက်စားသွားလာလျက်ရှိကြောင်း ကင်မရာထောင်ချောက်မှတစ်ဆင့် မှတ်တမ်းပြုထားနိုင်ခဲ့သည်။ ယင်းအမျိုးသားဥယျာဉ်ကြီးအတွင်း ဆင်စီး၍ သဘာဝအလှအပ ပန်းသစ်ခွမျိုးစုံကို တွေ့မြင်ခံစားနိုင်ကြပြီး တောတွင်းလျှောက်လမ်းတစ်လျှောက် သဘာဝတောတောင်ဝန်းကျင်၏ အေးမြသော မြင်ကွင်းအဝဝကိုလည်း သိမြင်လေ့လာနိုင်ကြမည်ဖြစ်သည်။

အလောင်းတော်ကဿပအမျိုးသားဥယျာဉ်အတွင်း ဂေဟစနစ်ထိန်းသိမ်းရေးလုပ်ငန်းအရပ်ရပ်ကို နိုင်ငံတကာအစိုးရ၊ အစိုးရမဟုတ်သည့်အဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်မှုဖြင့် ဆောင်ရွက်လျက် ရှိနေပေရာ တောဆင်ရိုင်းကြီးများ ထိန်းသိမ်းကာကွယ်ရေး၊ တောရိုင်းတိရစ္ဆာန်များ၏ နေရင်းဒေသများ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကိုလည်း ကြိုးပမ်းဖော်ဆောင်ခဲ့ကြကြောင်း လေ့လာသိမှတ်ရသည်။

သို့ဖြစ်ပေရာ နိုင်ငံတော်၏ အနာဂတ်မျိုးဆက်သစ်များအတွက် သဘာဝသယံဇာတအမွေအနှစ်များ လက်ဆင့်ကမ်းကျန်ရစ်စေရေး၊ ဂေဟစနစ်နှင့် ဇီဝမျိုးစုံမျိုးကွဲများ ရေရှည်တည်တံ့စေရေးတို့အတွက် အဓိကကျသောလုပ်ငန်းစဉ်များတွင် အရေးပါသည့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ **အလောင်းတော်ကဿပအမျိုးသားဥယျာဉ်ကြီး** ရေရှည်တည်တံ့ရှင်သန်ရေးအတွက် ဒေသခံပြည်သူများ၏ အသိစိတ်ဓာတ်ရှိရှိ ပူးပေါင်းပါဝင်မှုဖြင့် အရှိန်အဟုန်မြှင့် ကြိုးပမ်းလျက်ရှိနေကြောင်း သတင်းစကား မျှဝေလိုက်ရပါသည်။ ။



အမျိုးသားဥယျာဉ်ကြီးအတွင်း ရှင်သန်ကျက်စားနေသည့် တောဆင်ရိုင်းများ။

# ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ် ကျောင်းသား ကျောင်းသူများအတွက် (ဒုတိယအကြိမ်) ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ထောက်ပံ့ပေးအပ်

**နေပြည်တော် အောက်တိုဘာ ၂၇**

၂၀၂၄ – ၂၀၂၅ ပညာသင်နှစ်တွင် တက်ရောက် ပညာသင်ကြားနေသည့် ရန်ကုန်တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက်တပ်နယ်၊ တပ်ရင်း/တပ်ဖွဲ့များမှ ကျောင်းသား ကျောင်းသူများအတွက် (ဒုတိယအကြိမ်)ပညာသင်စရိတ်၊ စာရေးကိရိယာနှင့် ကျောင်းဝတ်စုံများ ပေးအပ်ပွဲကို ယနေ့ နေ့လယ်ပိုင်းက ရန်ကုန်တိုင်းစစ်ဌာနချုပ် အနော်ရထာခန်းမ၌ ကျင်းပရာ တိုင်းမှူး ဗိုလ်ချုပ် ဇော်ဟိန်းနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။




ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်နယ်၊ တပ်ရင်း/တပ်ဖွဲ့များမှ အခြေခံပညာအဆင့်နှင့် တက္ကသိုလ်အဆင့်တွင် တက်ရောက် ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား ကျောင်းသူ ၄၄၆ ဦးအတွက် ပညာသင်စရိတ်၊ စာရေးကိရိယာနှင့် ကျောင်းဝတ်စုံများကို တိုင်းမှူး **(အပေါ်ပုံ)** နှင့် တာဝန်ရှိသူများက ထောက်ပံ့ပေးအပ်ရာ ကျောင်းသား ကျောင်းသူများက လက်ခံရယူခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# သာယာဝတီမြို့နယ်၌ အာမခံအလုပ်သမား၏ ကျန်ရစ်သူအကျိုးခံစားခွင့်ငွေ ခွင့်ပြုထုတ်ပေး

**သာယာဝတီ အောက်တိုဘာ ၂၇**

အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့သည် ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ အကျိုးခံစားခွင့် (ငွေလုံးငွေရင်း) ခွင့်ပြုထုတ်ပေးခြင်းကို အောက်တိုဘာ၂၆ ရက်က သာယာဝတီမြို့နယ် လူမှုဖူလုံရေးရုံး၌ ပြုလုပ်သည်။

အခမ်းအနားတွင် လူမှုဖူလုံရေးရုံး တိုင်းဒေသကြီးတာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းနိုင်ဦးက ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေပါ အကျိုးခံစားခွင့်များအကြောင်း ဆွေးနွေးပြောကြားပြီး သာယာဝတီမြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျုံးဝင်မှတ်ပုံတင်ထားသော မြန်မာ့မီးရထားမှ အာမခံအလုပ်သမား ဦးသိန်းထိုက်၏ လုပ်ငန်းခွင်ထိခိုက်မှုကြောင့် သေဆုံးခြင်းအတွက် ကျန်ရစ်သူအကျိုးခံစားခွင့် ငွေကျပ် ၇၂၀၀၀၀၀ ကို ခွင့်ပြုထုတ်ပေးခြင်း၊ မြန်မာ့သစ်ထုတ်လုပ်ရေးမှ ဦးမျိုးသိန်း၏ နာရေးစရိတ်အကျိုးခံစားခွင့်ငွေကျပ် ၉၉၀၀၀၀ ကို ခွင့်ပြုထုတ်ပေးခြင်းနှင့် မြန်မာ့မီးရထားမှ ဦးကျော်လွင်မြင့်၏ ဖခင်ဘဝအကျိုးခံစားခွင့်နှင့်စရိတ်ငွေကျပ် ၁၀၈၀၀၀၊ စုစုပေါင်းအကျိုးခံစားခွင့်ငွေကျပ် ၉၁၁၈၀၀၀ ကို ထုတ်ပေးကြောင်း သိရသည်။ **သန့်ဇော် (ပြန်/ဆက်)**



## ရတနာသစ်တော ပြည့်သွေးကြော သစ်တောရတနာ ထိန်းသိမ်းပါ

# ပြည်သူ့စစ်မှုထမ်းဆိုင်ရာ သိကောင်းစရာများ

### ကင်းလွတ်ခွင့်

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေ ပုဒ်မ – ၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်–

(က) သာသနာ့ဝန်ထမ်းများ။

( ခ ) အိမ်ထောင်သည်အမျိုးသမီးများ ( အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်း ပါဝင်သည်)။

( ဂ ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

( င ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က) ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တ ပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။

( ခ ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

( ဂ ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင် (သို့မဟုတ်) အတတ်ပညာရှင်များ။

(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများ မပါ)။

**မှတ်ချက်။** အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက် ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။

( င ) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။

( စ ) နိုင်ငံ့ဝန်ထမ်းတာဝန် ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့် အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။

(ဆ) တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့် အထက်ရှိသော တပ်မတော်စစ်သည် အစားခန့်အရပ်သားဝန်ထမ်းများ။

( ဇ ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

### လျှော့ပေါ့ခွင့်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) လျှောက်ထားသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါ လျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

( ခ ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက်တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူ ဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

( ဂ ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့ နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

### ရွှေ့ဆိုင်းခွင့်

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ၊၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှ တင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကို စိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်–

(က) ယာယီအားဖြင့်စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာ တပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

( ခ ) နိုင်ငံ့ဝန်ထမ်းများ။

( ဂ ) ပညာသင်ကြားနေသူများ။

(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။

( င ) မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။

( စ ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည်အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက် သေဆုံးသွားခြင်း။

( ခ ) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆ ဖြစ်ရပ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန် ဒဏ်ရာရရှိသူဖြစ်ခြင်း။

( ဂ ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ၊ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

( င ) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေ လိုအပ်နေသူဖြစ်ခြင်း။

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော်  အောက်တိုဘာ ၂၇**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂ (က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄ – ကနှင့် ပုဒ်မ ၅၀၅ – က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် အောက်တိုဘာ ၂၆ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူ လုပ်ဆောင်ခဲ့သည့် “Kyaw Kyi” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် မြို့သစ်အမှတ်(၄)ရပ်ကွက်နေ ကျော်သူလွင်(ခ)ကျော်ကြီးအား ညနေ ၄ နာရီ မိနစ် ၂၀ တွင် ချမ်းမြသာစည်မြို့နယ် အမှတ်(၁၁)နယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ထိန်းသိမ်းထားသော ရေလှောင်တမံနှင့် ရေထိန်းတမံများ ကြံ့ခိုင်မှုကောင်းမွန်လျက်ရှိပြီး စိုးရိမ်ရန်မရှိ

**နေပြည်တော်  အောက်တိုဘာ ၂၇**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် ထိန်းသိမ်းထားသော ရေလှောင်တမံနှင့် ရေထိန်းတမံစုစုပေါင်း ၁၂ ခုရှိရာ အောက်တိုဘာ ၂၇ ရက်တွင် ပေါင်းလောင်းရေလှောင်တမံ၌ HED ရေတံခါး အချပ် ၂၀ ထောင်ထားပါသဖြင့် ရေပိုလွှဲမှ ရေကျော်စီးဆင်းမှုမရှိတော့ဘဲ ရေပိုမိုသိုလှောင်ထားပါသည်။

အဆိုပါရေလှောင်တမံများ၏ ကြံ့ခိုင်မှုအခြေအနေမှာ ကောင်းမွန်လျက်ရှိပြီး တာဝန်ကျဝန်ထမ်းများအား ၂၄ နာရီ ရေကင်းတာဝန်ချထား၍ အနီးကပ်စောင့်ကြပ်စစ်ဆေးလျက်ရှိကြောင်းနှင့် စိုးရိမ်ရန်မရှိကြောင်း သိရသည်။

**သတင်းစဉ်**

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်**

ရက်စွဲ – ၂၇.၁၀.၂၀၂၄
(၆ : ၀၀) နာရီ

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်

**အကြောင်းအရာ ။ ။ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်လက်အောက်ရှိ ရေလှောင်တမံများ၏ ရေမှတ်များပေးပို့ခြင်း။**

| စဉ် | ရေလှောင်တမံအမည် | ကန်ရေပြည့် | | ကန်ရေသေ | | (၂၇.၁၀.၂၀၂၄)နေ့ရှိ | | | ယနေ့ ထုတ်လွှတ်သည့် ရေပမာဏ (ဧကပေ) | ကန်ရေပြည့်ရန် လိုအပ်သည့် | | ကန်ရေပြည့်ပြီး | | မိုးရေချိန် (လက်မ) | ယခင်နေ့ ရေမှတ် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ရေမှတ် (ပေ) | သိုလှောင်ရေ ပမာဏ (ဧကပေ) | ရေမှတ် (ပေ) | သိုလှောင်ရေ ပမာဏ (ဧကပေ) | ဝင်ရေ (ဧကပေ) | ရေမှတ် (ပေ) | သိုလှောင် ပမာဏ (ဧကပေ) | | ရေအနက် (ပေ) | သိုလှောင် ပမာဏ (ဧကပေ) | အမြင့် (ပေ) | ပိုလျှံရေ ပမာဏ (ဧကပေ) | | |
| ၁ | ပေါင်းလောင်းတမံ | ၆၂၃.၃၉ | ၅၄၉၄၂၀ | ၅၄၁.၃၆ | ၂၇၃၆၆၀ | ၁၄၄၉၄ | ၆၂၄.၂၄ | ၅၅၁၀၆၆ | ၁၈၂၁၁ (လျှပ်စစ်) ထုတ်ရေ | – | – | – | – | – | ၆၂၅.၁၂ |
| ၂ | မဒန်းတမံ | ၆၃၅.၀၀ | ၃၆၅၀၀ | ၅၉၀.၀၀ | ၅၂၀၀ | ၅၉ | ၆၂၇.၇၀ | ၂၈၀၀၇ | – | ၇.၃၀ | ၇၆၉၃ | – | – | – | ၆၂၇.၆၅ |
| ၃ | ချောင်းမငယ်တမံ | ၅၂၀.၀၀ | ၉၁၇၇၀ | ၄၈၀.၀၀ | ၁၅၃၀၀ | ၄၀ | ၅၁၉.၁၀ | ၈၉၃၁၃ | – | ၀.၉၀ | ၂၄၅၇ | – | – | – | ၅၁၉.၁၀ |
| ၄ | ဖောင်းလောင်တမံ | ၅၁၂.၀၀ | ၁၂၂၅၇ | ၄၉၀.၅၀ | ၂၅၄၀ | – | ၅၀၉.၆၅ | ၁၀၅၃၀ | ၁ | ၂.၃၅ | ၁၇၂၇ | – | – | – | ၅၀၉.၇၀ |
| ၅ | ရေဆင်းတမံ | ၄၃၉.၀၀ | ၇၃၀၀၀ | ၃၆၈.၄၀ | ၁၀၄၀ | ၂၈၇ | ၄၃၇.၇၈ | ၆၉၃၄၀ | ၂၈၅ | ၁.၂၂ | ၃၆၆၀ | – | – | – | ၄၃၇.၇၉ |
| ၆ | ငလိုက်တမံ | ၅၃၅.၀၀ | ၇၅၀၀၀ | ၅၀၆.၀၀ | ၁၂၉၅၀ | ၃၉ | ၅၃၄.၉၅ | ၇၄၇၉၉ | – | ၀.၀၅ | ၂၀၁ | – | – | – | ၅၃၄.၉၅ |
| ၇ | သဲဖြူတမံ | ၄၁၈.၀၀ | ၈၇၁၈ | ၃၉၀.၀၀ | ၆၈၇ | ၂ | ၄၁၅.၇၃ | ၇၄၃၆ | ၁၁ | ၂.၂၇ | ၁၂၈၂ | – | – | – | ၄၁၅.၇၇ |
| ၈ | ဆင်သေတမံ | ၇၁၀.၀၀ | ၁၄၃၀၉၀ | ၆၇၄.၀၀ | ၁၇၃၀၃ | ၉၅ | ၇၀၃.၇၀ | ၁၀၈၅၂၂ | ၁၄၂ | ၆.၃၀ | ၃၄၅၆၈ | – | – | – | ၇၀၃.၇၂ |
| ၉ | ကင်းသာရေထိန်းတမံ | ၅၅၈.၅၀ | ၇၂ | ၅၄၅.၀၀ | ၈ | | | | | ရေတိုက်စား | | | | – | |
| ၁၀ | မုန်ရေထိန်းတမံ | ၆၀၂.၀၀ | ၅၀၀ | ၅၉၂.၀၀ | ၂၂၅ | ၁၁၃ | ၆၀၁.၉၀ | ၄၉၅ | ၆၁ | ၀.၁၀ | ၅ | – | – | – | ၆၀၁.၉၀ |
| ၁၁ | မြို့လှတမံ | ၈၇၀.၀၀ | ၁၄၆၀၀ | ၈၅၀.၀၀ | ၄၅၂၀ | ၃၅ | ၈၆၃.၄၅ | ၁၀၁၁၅ | ၂၈ | ၆.၅၅ | ၄၄၈၅ | – | – | – | ၈၆၃.၄၅ |
| ၁၂ | တောက်ပြုတမံ | ၆၇၉.၀၀ | ၂၄၉၁ | ၆၅၉.၀၀ | ၄၇၅ | ၁ | ၆၇၄.၀၀ | ၁၈၃၈ | ၁ | ၅.၀၀ | ၆၅၃ | – | – | – | ၆၇၄.၀၀ |

**မှတ်ချက်  – ပေါင်းလောင်းတမံတွင် HED ရေတံခါးရွက် အချပ် ၂၀ ထောင်ထားပါသည်။**

❖ ***ကျောဖုံးမှ***

တရုတ်(တိုင်ပေ)၊ လာအိုကလပ်တို့နှင့် တစ်အုပ်စုတည်းကျရောက်နေသည့် ရှမ်းယူနိုက်တက်အသင်းသည် အုပ်စုအဖွင့်ပွဲတွင် လာအိုကလပ်အသင်းကို အနိုင်ရခဲ့သဖြင့် နောက်တစ်ဆင့်တက်ရန် အခြေအနေကောင်းသွားခဲ့သည်။ ရှမ်းယူနိုက်တက် အသင်းသည် တောင်ပံတိုက်စစ် ကစားသမား ရဲရင့်အောင်၏ သွင်းဂိုးများဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းသည် ဂိုးသွင်းခွင့်ပိုမိုရရှိပြီး ယခုထက် ဂိုးပိုရသင့်သော်လည်း အဆုံးသတ်အားနည်းမှုကြောင့် နှစ်ဂိုးဖြင့်သာ ကျေနပ်ခဲ့ရခြင်းဖြစ်သည်။

ရှမ်း ယူနိုက်တက်အသင်းသည် ကျော်ဇင်ဖြိုး (ဂိုး)၊ ဖွဲ့ထက်မင်း၊ ဖွဲ့ခန့်မင်း၊ ဝီလျံ၊ အောင်ဝဏ္ဏစိုး၊ နန္ဒကျော်၊ ဟီရိုတာ၊ ဟိန်းဖြိုးဝင်း၊ ဘာကာယိုကို၊ ရဲရင့်အောင်၊ ရင်တာရိုတို့ဖြင့် ပွဲထွက်လာပြီး ပွဲစကတည်းက တိုက်စစ်ဖွင့် ကစားခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းအတွက် အနိုင်ဂိုးများကို ၁၁၊ ၁၆ မိနစ်တွင် ရဲရင့်အောင်က သွင်းယူခဲ့ပြီး အကွက်မြင် ဖန်တီးပေးမှုမှတစ်ဆင့် လှလှပပ သွင်းယူခဲ့ခြင်းဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းသည် ယင်းနောက်ပိုင်းတွင် အပိုင်အခွင့်အရေးများ ရသော်လည်း အဆုံးသတ်အားနည်းမှုကြောင့် ဂိုးထပ်မရခဲ့ပေ။

အုပ်စု (D) ဒုတိယနေ့ကို အောက်တိုဘာ ၃၀ ရက်တွင် ဆက်လက် ကျင်းပမည်ဖြစ်ပြီး တရုတ်(တိုင်ပေ)ကလပ် တိုင်နန်စီးတီးအသင်းနှင့် လာအိုကလပ် Young Elephant အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ရဲရင့်လွင်**
**ဓာတ်ပုံ–သော်လေး**


ရှမ်းယူနိုက်တက်အသင်း တောင်ပံတိုက်စစ်ကစားသမား ရဲရင့်အောင် အဖွင့်ဂိုးသွင်းယူစဉ်။

# တရားမဝင်ကုန်သွယ်မှုများအား သတင်းပေးတားဆီးနိုင်ခြင်းဖြင့် သတင်းပေးဆုငွေ ယူကြပါစို့

ဖိုးအောင်

နိုင်ငံတော်၏ စီးပွားရေးကဏ္ဍတွင် ကုန်သွယ်မှုကဏ္ဍသည် အရေးကြီးသောအပိုင်းက ပါဝင်ပြီး နိုင်ငံတော်၏ အခွန်ဘဏ္ဍာငွေရှာဖွေပေးသည့် အဓိကကဏ္ဍတစ်ရပ်ဟုလည်း ဆိုနိုင်ပေသည်။

ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတော်က မူဝါဒများချမှတ်ဆောင်ရွက်ပေးနေသကဲ့သို့ တစ်ဖက်တွင်လည်း စီးပွားရေးမသမာမှုများကို ကာကွယ်တားဆီးရန် ဆောင်ရွက်ရပါသည်။ တစ်ဖက်တွင်လည်း ဝိသမလောဘသား စီးပွားရေးသမားများက နိုင်ငံတော်အကျိုးနှင့် ပြည်သူ့အကျိုးကိုမငဲ့ဘဲ ရရာနည်းလမ်းရှာကြံ၍ တရားမဝင်တင်သွင်း၊ တင်ပို့ခြင်းများဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဆောင်ရွက်လျက်ရှိပါသည်။

တရားမဝင်ကုန်သွယ်မှုနှင့် ပတ်သက်၍ အဓိပ္ပာယ်အမျိုးမျိုးဖွင့်ဆိုမှုများအနက် **"နိုင်ငံတကာဥပဒေများအရ သတ်မှတ်ထားသည့် တရားမဝင်ကုန်စည်များကို ထုတ်လုပ်ခြင်း၊ ဝယ်ယူခြင်း၊ ပို့ဆောင်ခြင်း၊ ရွှေ့ပြောင်းခြင်း၊ လွှဲပြောင်းခြင်း၊ လက်ခံခြင်း၊ လက်ဝယ်ထားရှိခြင်း သို့မဟုတ် ဖြန့်ဖြူးခြင်းနှင့် အဆိုပါဆောင်ရွက်ချက်များကို အားပေးရန် ရည်ရွယ်သည့် မည်သည့်လုပ်ဆောင်မှုကိုမဆို တရားမဝင်ကုန်သွယ်မှု"** ဟု ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့က အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။

**နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာငွေများ ဆုံးရှုံး**

တရားမဝင်ကုန်သွယ်မှုများကြောင့် နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အဟန့်အတားဖြစ်စေပြီး နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာငွေများ ဆုံးရှုံးမှုဖြစ်ပေါ်စေပါသည်။ ထို့ပြင် အသေးစား၊ အငယ်စားနှင့် အလတ်စား ပြည်တွင်းစီးပွားရေးလုပ်ငန်းများမှ ထုတ်လုပ်သည့် ကုန်ပစ္စည်းများ ဈေးကွက်အတွင်း မျှတစွာ ယှဉ်ပြိုင်နိုင်မှုမရှိခြင်းကြောင့် ဈေးကွက်ပျောက်ဆုံးရပြီး ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ ရေရှည်ရှင်သန်နိုင်ရေးအတွက် ကြီးမားသည့် ခြိမ်းခြောက်မှုတစ်ခုပင်ဖြစ်သည်။

တရားမဝင်ကုန်သွယ်မှု များပြားလာခြင်းကြောင့် ကုန်ဈေးနှုန်းကြီးမြင့်မှုနှင့် ငွေကြေးမတည်ငြိမ်မှုများ ဖြစ်ပေါ်စေပြီး နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးများကို ထိခိုက်စေသည့်အတွက် တရားမဝင်ကုန်သွယ်မှုများအား အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ထိထိရောက်ရောက် ကာကွယ်တားဆီးရမည်ဖြစ်ပါသည်။ တရားမဝင်ကုန်သွယ်မှုနှင့်ပတ်သက်၍ ၂၀၁၈ ခုနှစ်တွင် ထုတ်ပြန်ထားသည့် ကမ္ဘာ့တရားမဝင်ကုန်သွယ်မှုအညွှန်းကိန်းတွင် မြန်မာနိုင်ငံသည် နိုင်ငံ ၈၄ နိုင်ငံအနက် အဆင့် ၈၂ နေရာတွင် ရပ်တည်နေပြီး ရမှတ် ၂၃ မှတ်သာရှိသည်ဟု သိရှိရပါသည်။



အေးရှားဝေါလ်ကုန်သေတ္တာ စစ်ဆေးရေးစခန်း၌ ဖမ်းဆီးရမိမှု။



ပဲခူးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

ကမ္ဘာလုံးဆိုင်ရာ တရားမဝင်ကုန်သွယ်မှုအခြေအနေ ညွှန်းကိန်းဆိုသည်မှာ အစိုးရ၏ မူဝါဒ၊ ရောင်းလိုအားနှင့် ဝယ်လိုအား၊ ပွင့်လင်းမြင်သာမှုရှိသည့် ကုန်သွယ်မှုနှင့် အကောက်ခွန်ဆိုင်ရာ လုပ်ငန်းစဉ် စသည့် အညွှန်းကိန်း လေးခုဖြင့် တိုင်းတာကြောင်း သိရှိရပါသည်။ မြန်မာနိုင်ငံ၏ တရားမဝင်ကုန်သွယ်မှုများကြောင့် ကမ္ဘာလုံးဆိုင်ရာ တရားမဝင်ကုန်သွယ်မှုအခြေအနေ ညွှန်းကိန်းမြင့်တက်လာမှုနှင့်စပ်လျဉ်း၍ နိုင်ငံအဆင့်၌ ဌာနအချင်းချင်း အကြား ပူးပေါင်းမှုမြှင့်တင်ရန်အတွက် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားရန်နှင့် တရားမဝင်ကုန်သွယ်မှုများ လျော့နည်းကျဆင်းပြီး နိုင်ငံတော်က ရသင့်ရထိုက်သည့် အခွန်အခများ အပြည့်အဝရရှိရေးအတွက် ပူးပေါင်းဆောင်ရွက်ရန် ရည်ရွယ်၍ **"တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ"** ကို ၂၀၂၁ ခုနှစ် ဒီဇင်ဘာလတွင် ပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီကလည်း နိုင်ငံနှင့် ပြည်သူလူထုအကျိုးငှာ အချိန်ဆိုင်းမနေဘဲ လျင်မြန်သောအရှိန်အဟုန်ဖြင့် လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ ဖွဲ့စည်းရသည့် ရည်ရွယ်ချက်နှင့် လုပ်ငန်းတာဝန်များကလည်း အထူးကောင်းမွန်လှပါသည်။

နိုင်ငံတော်၏ အခွန်ဘဏ္ဍာငွေများ နစ်နာဆုံးရှုံးမှုမရှိစေရေး၊ နိုင်ငံအတွင်းသို့ စားသုံးရန်မသင့်သည့် စားသောက်ကုန်များ ဝင်ရောက်မှုမရှိစေရေး၊ အရည်အသွေးနိမ့် လူသုံးကုန်ပစ္စည်းများ၊ တရားမဝင်ဆေးဝါးများနှင့် တားမြစ်ပိတ်ပင်ထားသည့် ကုန်ပစ္စည်းများ တင်သွင်း၊ တင်ပို့၊ သယ်ဆောင်မှုမရှိစေရေးအတွက် ထိထိရောက်ရောက် ကာကွယ်တားဆီးနိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။

**❑ နိုင်ငံတော်၏ အခွန်ဘဏ္ဍာငွေများ နစ်နာဆုံးရှုံးမှုမရှိစေရေး၊ နိုင်ငံအတွင်းသို့ စားသုံးရန်မသင့်သည့် စားသောက်ကုန်များ ဝင်ရောက်မှုမရှိစေရေး၊ အရည်အသွေးနိမ့် လူသုံးကုန်ပစ္စည်းများ၊ တရားမဝင်ဆေးဝါးများနှင့် တားမြစ်ပိတ်ပင်ထားသည့် ကုန်ပစ္စည်းများ တင်သွင်း၊ တင်ပို့၊ သယ်ဆောင်မှုမရှိစေရေးအတွက် ထိထိရောက်ရောက် ကာကွယ်တားဆီးနိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်**

တရားမဝင်ကုန်သွယ်မှုများသည် ဆယ်စုနှစ်များစွာ အမြစ်တွယ်ရှင်သန် ကြီးထွားနေသည့်အတွက် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးလုပ်ငန်းများ ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရေးသည် ပြည်သူလူထုတစ်ရပ်လုံး ပူးပေါင်းပါဝင်ဆောင်ရွက်မှသာ အထိရောက်ဆုံးကာကွယ်တားဆီးနိုင်မည်ဖြစ်သည်။ လက်ရှိတွင်လည်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးလုပ်ငန်းများတွင် တာဝန်သိနိုင်ငံသားစိတ်ဓာတ်ဖြင့် သတင်းပေးပို့သည့် ပြည်သူများ ပူးပေါင်းပါဝင်လျက်ရှိပါသည်။

သတင်းပေးပို့သူနှင့်ပတ်သက်သော အချက်အလက်များကိုလည်း လျှို့ဝှက်စွာ ထိန်းသိမ်းထားရှိပါသည်။ သတင်းပေးပို့မှုများအရ တားဆီးဖမ်းဆီးရမိသည့် တရားမဝင်ကုန်ပစ္စည်းအပေါ်တွင် ရွေးယူဒဏ်ငွေတပ်ရိုက်ခြင်း သို့မဟုတ် ကုန်ပစ္စည်းများအား ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းပြီး လေလံတင်ရောင်းချခြင်းတို့မှ ရရှိသည့်ငွေ၏ ၂၀ ရာခိုင်နှုန်း (ဥပမာ ငွေကျပ်သန်း ၁၀၀ ဖြစ်ပါက ကျပ်သန်း ၂၀) ကို သတင်းပေးသူများအား ပြည်ထောင်စုအစိုးရအဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ် (၇၀/၂၀၂၀) လုပ်ထုံးလုပ်နည်းနှင့်အညီ **သတင်းပေးဆုငွေများ လျှို့ဝှက်စွာ ဆက်သွယ်ချီးမြှင့်လျက်ရှိပါသည်။**

ထို့အပြင် တည်ဆဲပြည်ထောင်စု အခွန်အကောက်ဥပဒေတွင် တရားမဝင်ကုန်ပစ္စည်းများ ဖမ်းဆီးခြင်းမှရရှိသော ဖမ်းဆီးဆုငွေနှင့် သတင်းပေးဆုငွေများအား ဝင်ငွေခွန်ပေးဆောင်ခြင်းမှ ကင်းလွတ်ခွင့်ပြုထားသဖြင့် သတင်းပေးပြည်သူများအတွက် နိုင်ငံတော်က အခွင့်အရေးတစ်ရပ်အနေဖြင့် စီမံဆောင်ရွက်ပေးလျက်ရှိပါသည်။ ဆုငွေအဆင့်သို့ ရောက်ရှိရာ ဆုငွေများချီးမြှင့်ပေးသည့် အမှုတွဲ ၃၆၄၂ မှုရှိခဲ့ပြီး ထိုအမှုတွဲများတွင် တာဝန်သိပြည်သူများ၏ သတင်းပေးပို့မှုကြောင့် ဖမ်းဆီးနိုင်ခဲ့သည့် အမှုတွဲ ၃၃၃ မှု ပါဝင်ပါသည်။

**ပြည်သူများက ပိုမိုသတင်းပေးပို့နိုင်ပါက တရားမဝင်ကုန်သွယ်မှုများအား ပိုမိုတားဆီးထိန်းချုပ်နိုင်မည်**

သတင်းပေးသူများအတွက်လည်း သတင်းပေးဆုငွေကျပ် ၁၄၃၀ ဒသမ ၂၆၀ သန်း ချီးမြှင့်ခဲ့ပြီးဖြစ်ကြောင်း သိရပါသည်။ ကျန်ရှိသည့်အမှုတွဲများကိုလည်း အမြန်ဆုံးဆုငွေချီးမြှင့်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ ပြည်သူများက ပူးပေါင်းပါဝင်၍ ယခုထက် ပိုမိုသတင်းပေးပို့နိုင်ပါက တရားမဝင် ကုန်သွယ်မှုများအား ပိုမိုထိရောက်သော ဆောင်ရွက်မှုများဖြင့် တားဆီးထိန်းချုပ်နိုင်မည်ဟု ယုံကြည်မိပါသည်။

**အချို့သောပြည်သူများက သတင်းပေးတိုင်ကြားလိုသော်လည်း မည်သည့်နေရာတွင် မည်သူ့ကို သတင်းပေးရမည်ကို မသိကြပေ။ အချို့ပြည်သူများကလည်း မိမိသတင်းပေးခြင်းကြောင့် ဝိသမလောဘသား စီးပွားရေးသမားများ၏ အန္တရာယ်ပြုလာမည်ကို ကြောက်၍ နှုတ်ဆိတ်နေတတ်ကြပါသည်။** တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီက တရားမဝင်ကုန်သွယ်မှုများနှင့်ပတ်သက်၍ သတင်းပေးတိုင်ကြားနိုင်ရန်အတွက် နိုင်ငံပိုင်သတင်းစာများ၊ မြန်မာ့အသံနှင့် FM Radio များတွင် တိုင်ကြားနိုင်သည့် ဖုန်းနံပါတ်များ၊ E-mail လိပ်စာများ ဖော်ပြလျက်ရှိသည့်အပြင် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့များသို့ ဖုန်းဖြင့်လည်းကောင်း၊ စာဖြင့်လည်းကောင်း၊ E-mail ဖြင့်လည်းကောင်း၊ လူကိုယ်တိုင်ဖြင့်လည်းကောင်း ယုံကြည်စိတ်ချစွာ သတင်းပေးတိုင်ကြားနိုင်ပါသည်။

သတင်းပေးသူဆိုရာတွင် နိုင်ငံတော်က ဥပဒေတစ်ရပ်ရပ်ဖြင့် ပိတ်ပင်၊ တားမြစ်ထားသော သို့မဟုတ် အကောက်ခွန်ပေးဆောင်ရန် ပျက်ကွက်နေသော သို့မဟုတ် အကောက်ခွန်တိမ်းရှောင်ရန် ကြိုးစားနေသော သို့မဟုတ် အကောက်ခွန်မဲ့ဖြစ်သောပစ္စည်းများ ဖမ်းမိနိုင်ရေးအတွက် ပြည့်စုံတိကျသော အချက်အလက်များပေးပို့သူအား သတင်းပေးသူဟု မှတ်ယူနိုင်မည်ဖြစ်သည်။

သတင်းပေးသူနှင့်ပတ်သက်သည့် အချက်အလက်များအား အထူးလျှို့ဝှက်ထိန်းသိမ်းထားရှိသည့်အတွက် သတင်းပေးသူများအနေဖြင့် စိုးရိမ်မှုများမရှိရန် သက်ဆိုင်ရာ သတင်းလက်ခံသည့်ဌာနများကလည်း အာမခံဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရပါသည်။ သတင်းပေးတိုင်ကြားမှုများကြောင့် တရားမဝင်ကုန်သွယ်မှုများအား ထိထိရောက်ရောက် တားဆီးဆောင်ရွက်နိုင်ပါက အထက်တွင်ဖော်ပြခဲ့သည့် ပြည်သူ့အကျိုးစီးပွား ထိခိုက်နစ်နာဆုံးရှုံးမှုများနှင့် နိုင်ငံတော်က ရသင့်ရထိုက်သော အခွန်ဘဏ္ဍာငွေများ နစ်နာဆုံးရှုံးခြင်းမှ ကာကွယ်နိုင်မည်ဖြစ်ပါသည်။

သို့ဖြစ်၍ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီက တရားမဝင်ကုန်သွယ်မှုများလျော့နည်းပပျောက်စေရန်အတွက် မဟာဗျူဟာ၊ နည်းဗျူဟာများချမှတ်၍ ထိထိရောက်ရောက်ဆောင်ရွက်နေသကဲ့သို့ နိုင်ငံ့စီးပွားရေးကဏ္ဍနှင့် ပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုများကို ထိခိုက်နစ်နာစေသည့် တရားမဝင်ကုန်သွယ်မှုများအား ကာကွယ်တားဆီးနိုင်ရေး ပြည်သူများက အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ပူးပေါင်းပါဝင်၍ နိုင်ငံတော်ကချီးမြှင့်ပေးသည့် သတင်းပေးဆုငွေအား ဂုဏ်ယူစွာရယူကြပါစို့ဟု တိုက်တွန်းရေးသားတင်ပြလိုက်ရပါသည်။ ။

## ဒူးရင်းဆိပ်ကျေးရွာနေ ပြည်သူများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်

**သထုံ အောက်တိုဘာ ၂၇**

မွန်ပြည်နယ် သထုံမြို့နယ် ဒူးရင်းဆိပ်ကျေးရွာ၌ ပြီးခဲ့သည့် စက်တင်ဘာလအတွင်းက ရာဂီမုန်တိုင်းအရှိန်ကြောင့် မိုးအဆက်မပြတ် ရွာသွန်းပြီး ဒုံသမိချောင်းရေ မြင့်တက်ကာ ယာယီရေဘေးရှောင်ခဲ့ရသူများအတွက် အမျိုးသား သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီ၏ ထောက်ပံ့ပစ္စည်းများ ပေးအပ်ခြင်း အခမ်းအနားကို အောက်တိုဘာ ၂၅ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စုပေါင်းရုံးခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဆွေဝင်းက အမှာစကားပြောကြားပြီး ခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှူး ဒေါ်ဖြူဖြူအေးက သထုံမြို့နယ်အတွင်း ဖြစ်ပွားခဲ့သည့် ရေကြီးရေလျှံမှုများ၊ ထောက်ပံ့ခဲ့မှုများနှင့် အမျိုးသားသဘာဝဘေး စီမံခန့်ခွဲမှုကော်မတီက ထောက်ပံ့ပေးနေသည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။



ယင်းနောက် ရေဘေးကြောင့် ယာယီရွှေ့ပြောင်းခဲ့ရသည့် ဒူးရင်းဆိပ်ကျေးရွာနေ အိမ်ထောင်စုပေါင်း ၃၀ အတွက် အမျိုးသားသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီက ထောက်ပံ့သည့် ခေါက်ဆွဲခြောက်နှင့် စည်သွတ်ငါးသေတ္တာတို့ကို မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက တစ်ဦးချင်း လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

**သစ်တောမှန်လျှင် အသုံးဝင်၊ အစဉ်ထာဝရ ထိန်းသိမ်းကြ**

## မှော်ဘီမြို့နယ် ထိန်စွန်းကျေးရွာ၌ ကျေးရွာတွင်းလမ်းများ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုစစ်ဆေး

**ရန်ကုန် အောက်တိုဘာ ၂၇**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာတွင်းလမ်းများ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို အောက်တိုဘာ ၂၆ ရက်က တိုင်းဒေသကြီးဦးစီးမှူးနှင့် တာဝန်ရှိသူများက ထိန်စွန်းကျေးရွာ၌ ကွင်းဆင်းစစ်ဆေးသည်။



ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရန်ကုန်တိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးကျော်လင်းသန်း၊ မှော်ဘီခရိုင်ဦးစီးမှူး ဒေါ်ဆွေဆွေမြင့်၊ မြို့နယ်ဦးစီးမှူး ဦးစိုးကျော်သူနှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာမှတာဝန်ရှိသူများနှင့်အတူ ထိန်စွန်းကျေးရွာတွင် စုစုပေါင်း အရှည် ၇၆၆၃ ပေ၊ အကျယ် ၁၀ ပေ၊ ဒု ခြောက်လက်မရှိ ကွန်ကရစ်လမ်းခြောက်လမ်း ခင်းခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တိုင်းဒေသကြီး ဦးစီးမှူးက အဆိုပါကျေးရွာများရှိ ကျေးရွာသူ ကျေးရွာသားများနှင့် တွေ့ဆုံကာ လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

ထိန်စွန်းကျေးရွာရှိ အဆိုပါ ကွန်ကရစ်လမ်းများကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေကျပ် ၁၃၀ ဒသမ ၂၇၁ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၁၃၀ ဒသမ ၂၇၁ သန်း၊ စုစုပေါင်း ရန်ပုံငွေကျပ် ၂၆၀ ဒသမ ၅၄၂ သန်းကို အသုံးပြုကာ ဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုများဖြင့် ကျေးရွာသူ ကျေးရွာသားများ ကိုယ်တိုင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခု လုပ်ငန်းများ၏ ၅၅ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**မောင်ခိုင်**

## ရေကြောင်းသတိပေးချက် ထုတ်ပြန်ကြေညာ

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော POSCO International Corporation (Myanmar E&P) သည် ရွှေစီမံကိန်းတွင် Shwe Project Subsea System Inspection လုပ်ငန်းများအား MV. PTSC THAI BINH ဖြင့် ဆောင်ရွက်သွားမည့် တည်နေရာကိုဖော်ပြသည့် Coordinate များဖြစ်သော Point A မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၄၁ မိနစ် ၃၅.၄၄၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၃ မိနစ် ၃၇.၆၉၂ စက္ကန့်၊ Point B မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၄၀ မိနစ် ၂၄.၃၈၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၂ မိနစ် ၁၉.၄၂၈ စက္ကန့်၊ Point C မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၃၄ မိနစ် ၃၆.၈၀၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၅ မိနစ် ၃.၄၀၈ စက္ကန့်နှင့် Point D မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၃၅ မိနစ် ၂၀.၂၂ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၆ မိနစ် ၄၄.၉၂၈ စက္ကန့်တို့အတွင်းတွင် ၂၀၂၄ ခုနှစ် နိုင်ဝင်ဘာ ၂၂ ရက်နေ့မှ ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်နေ့အထိ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ ရွှေစီမံကိန်းတွင် Shwe Project Subsea System Inspection လုပ်ငန်းများအား MV. PTSC THAI BINH ဖြင့် လုပ်ငန်းများ ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများနှောင့်နှေးကြန့်ကြာမှုမဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါ တည်နေရာများမှ ၄ ကီလိုမီတာပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာများချထားခြင်းမပြုလုပ်ကြရန် အသိပေးကြေညာအပ်ပါသည်။ **ငါးလုပ်ငန်းဦးစီးဌာန**

## ရေကြောင်းသတိပေးချက် ထုတ်ပြန်ကြေညာ

၁။ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော South-East Asia Crude Oil Pipeline Company Limited သည် မဒဲကျွန်းရေနံတင်ချဆိပ်ကမ်းသို့ ရေနံတင်သင်္ဘောကြီးများဝင်ထွက်သွားလာနိုင်ရန် ရေလမ်းကြောင်းအား ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ (Dredging Project) ကို Trailing Suction Hopper Dredger, REEM ISLAND ဖြင့် ဆောင်ရွက်သွားမည့် ရေလမ်းကြောင်းတူးဖော်မည့်ဧရိယာ Coordinate များဖြစ်သော Point A1 မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၆ မိနစ် ၄၃.၅၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၃ မိနစ် ၁၅.၄၃ စက္ကန့်၊ Point A2 မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၆ မိနစ် ၂၂.၇၁ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၄ မိနစ် ၄၂.၄၃ စက္ကန့်၊ Point A3 မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၆ မိနစ် ၁၅.၄၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၅ မိနစ် ၀၃.၁၂ စက္ကန့်၊ Point A4 မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၆ မိနစ် ၂၇.၇၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၅ မိနစ် ၀၆.၃၈ စက္ကန့်၊ Point A5 မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၆ မိနစ် ၅၃.၆၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၃ မိနစ် ၁၈.၁၂ စက္ကန့်၊ Point B1 မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၈ မိနစ် ၁၆.၀၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၂၇ မိနစ် ၄၀.၁၀ စက္ကန့်၊ Point B2 မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၇ မိနစ် ၅၄.၉၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၂၉ မိနစ် ၈.၁၆ စက္ကန့်၊ Point B3 မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၈ မိနစ် ၂.၇၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၂၇ မိနစ် ၃၇.၈၀ စက္ကန့်၊ Point B4 မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၇ မိနစ် ၄၁.၇၃ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၂၉ မိနစ် ၅.၉၄ စက္ကန့်၊ Point C1 မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၉ မိနစ် ၅၄.၁၂ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၂၀ မိနစ် ၅၀.၅၁ စက္ကန့်၊ Point C2 မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၉ မိနစ် ၃၄.၂၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၂၂ မိနစ် ၁၂.၆၅ စက္ကန့်၊ Point C3 မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၉ မိနစ် ၄၀.၉၃ စက္ကန့်၊ အရှေ့ လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၂၀ မိနစ် ၄၆.၉၉ စက္ကန့်၊ Point C4 မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၉ မိနစ် ၂၁.၀၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၂၂ မိနစ် ၁၀.၁၆ စက္ကန့်၊ ရာသီဥတုဆိုးရွားပါက ခေတ္တနားခိုမည့် shelter area coordinate များဖြစ်သော No.1 မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၅ မိနစ် ၂၁.၂၀၄၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၇ မိနစ် ၀၅.၇၄၂၀ စက္ကန့်၊ No.2 မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၃ မိနစ် ၄၅.၄၆၄၁ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၉ မိနစ် ၁၀.၇၇၇၉ စက္ကန့်၊ No.3 မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၃ မိနစ် ၄၃.၉၅၀၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၉ မိနစ် ၃၆.၆၇၈၃ စက္ကန့်နှင့် No.4 မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၃ မိနစ် ၄၃.၈၉၇၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၉ မိနစ် ၅၈.၆၄၈၃ စက္ကန့်၊ အရေးပေါ်အခြေအနေတွင် ခေတ္တနားခိုမည့် shelter area coordinate များ လျာထားနေရာ(၁)ဖြစ်သော Point A မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၅ မိနစ် ၀၈.၈၁၈၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၄ မိနစ် ၄၀.၈၃၈၁ စက္ကန့်၊ Point B မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၅ မိနစ် ၀၃.၁၈၃၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၄ မိနစ် ၃၉.၆၃၂၉ စက္ကန့်၊ Point C မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၄ မိနစ် ၅၅.၁၆၀၁ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၅ မိနစ် ၀၉.၁၅၆၁ စက္ကန့် နှင့် Point D မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၅ မိနစ် ၀၇.၄၀၀၅စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၅ မိနစ် ၀၉.၀၁၂၈ စက္ကန့်၊ အရေးပေါ်အခြေအနေတွင် ခေတ္တနားခိုမည့် shelter area coordinate များ လျာထားနေရာ(၂)ဖြစ်သော Point A မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၄ မိနစ် ၅၈.၉၉၄၇ စက္ကန့်၊ အရှေ့ လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၅ မိနစ် ၁၄.၇၆၆၀ စက္ကန့်၊ Point B မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၄ မိနစ် ၅၂.၈၆၂၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၅ မိနစ် ၁၄.၈၈၁၈ စက္ကန့်၊ Point C မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၄ မိနစ် ၅၄.၂၁၄၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၅ မိနစ် ၃၁.၆၀၁၆ စက္ကန့်နှင့် Point D မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၄ မိနစ် ၅၉.၀၉၇၅ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၅ မိနစ် ၃၁.၄၆၁၉ စက္ကန့်နှင့် မြေသားစုပုံမည့်ဧရိယာ (Toss mud area) Coordinate များဖြစ်သော Center Point မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၃၂ မိနစ် ၄၉.၇၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၂၄ မိနစ် ၅၁.၃၉ စက္ကန့်တို့ အတွင်းတွင် ၂၀၂၄ ခုနှစ် အောက်တိုဘာ ၂၁ ရက်နေ့မှ ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်နေ့အထိ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ မဒဲကျွန်းရေနံတင်ချဆိပ်ကမ်းသို့ ရေနံတင်သင်္ဘောကြီးများ ဝင်ထွက်သွားလာနိုင်ရန် ရေလမ်းကြောင်းအား ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ (Dredging Project) ကို Hopper Dredger, REEM ISLAND ရေယာဉ်ဖြင့် လုပ်ငန်းများ ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများနှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါ တည်လုပ်ငန်းခွင်ဧရိယာမှ ၅၀၀ မီတာပတ်လည်အတွင်းနှင့် ရာသီဥတုဘေးအန္တရာယ် ခိုလှုံမည့်နေရာ (Shelter Anchorage) ဧရိယာမှ ၂၅၀ မီတာပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာများ ချထားခြင်း မပြုလုပ်ကြရန် အသိပေးကြေညာအပ်ပါသည်။ **ငါးလုပ်ငန်းဦးစီးဌာန**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည် ဆိုသည့် အကြောင်းအရာတို့အပေါ် အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စု ကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့်ဆက်ဆံမှု တစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင် ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကို ဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့် တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

## အင်းစိန်မြို့နယ်၌ ပြည်သူများ ဗဟုသုတရရှိရေး သုတစာပေစာဖတ်ဝိုင်း ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၇**

ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(အင်းစိန်)၊ မြို့နယ်စာပေဥယျာဉ် (Book Club) နှင့် မြို့နယ်စာရေးဆရာအသင်းတို့ ပူးပေါင်းကျင်းပသည့် ပြည်သူများ ဗဟုသုတရရှိရေး၊ မြန်မာစာပေ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးတို့အတွက် သုတစာပေ၊ စာဖတ်ဝိုင်းဆွေးနွေးပွဲကို အောက်တိုဘာ ၂၆ ရက် မွန်းလွဲပိုင်းက ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ကျင်းပသည်။

စာဖတ်ဝိုင်း ဆွေးနွေးပွဲတွင် ဆရာကြီး ဦးရန်နောင် (ရန်နောင်-ပညာရေး)၊ ဦးသက်တင် (မောင်သာတင့်-မြန်အောင်)၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်နှင်းကြည်နှင့် စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးတော်မြင့် (တော်မြင့်-ငှက်ဖျား)တို့က အမှာစကားများ ပြောကြားကြပြီး စာပေဥယျာဉ်အသင်းနှင့် သတင်းစာဆရာ အသင်းဥက္ကဋ္ဌ ဦးဘိုကြည် (ဒေါက်တာဗိုလ်သံမဏိ-တောင်တွင်းကြီး)က ပြည်သူများ ဗဟုသုတတိုးပွားရေး၊ မြန်မာစာပေ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးတို့အတွက် ယခုလို သုတစာပေ စာဖတ်ဝိုင်းဆွေးနွေးပွဲ ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် စာရေးဆရာ အသင်းဝင်များ ဖြစ်ကြသည့် ငြိမ်းဆုသွယ် (မြေလတ်သူ)က အထွက်တိုးစပါး စိုက်ပျိုးရေး



အကြောင်း၊ စိန်ညိုမင်း (ထန်းတပင်) က ကမ္ဘာပေါ်တွင် ထင်ရှား ကျော်ကြား ပုဂ္ဂိုလ်များ အကြောင်း၊ ဝင်းနွယ် (ပုသိမ်)က ဒေါက်တာ မတင်ဝင်းရေးသားသော မင်းယောကျ်ား မင်းမိန်းမ အကြောင်းတို့ကို စိတ်ဝင်စားဖွယ် ဆွေးနွေးပြောကြားပြီး တက်ရောက်လာကြသည့် ရန်မိုးအောင် (အင်းစိန်)၊ အောင်ချစ်မိုး(မင်္ဂလာဒုံ)၊ ကျော်ဇင်ဝင်း (မရမ်းကုန်း)၊ မင်းသီဟရာဇာ (လှိုင်သာယာ)၊ အောင်ငယ်စစ် (အင်းစိန်) နှင့် လှိုင်မေသစ်ဦးကြည်တို့က မေးမြန်းဆွေးနွေး အမြင်ချင်းဖလှယ်ခဲ့ကြောင်း သိရသည်။ **ဉာဏ်လင်း**

## ကျိုက္ခမီအသင်း(ရန်ကုန်)နှင့် အထက်တန်းကျောင်းတို့ပူးပေါင်း၍ စာစီစာကုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

**သံဖြူဇရပ် အောက်တိုဘာ ၂၇**

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်၌ ကျိုက္ခမီအသင်း(ရန်ကုန်)နှင့် အခြေခံပညာ အထက်တန်းကျောင်းတို့ပူးပေါင်းကျင်းပသော ဒုတိယအကြိမ် စာစီစာကုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျိုက္ခမီမြို့ အခြေခံပညာ အထက်တန်းကျောင်း ပညာ့ဗိမာန်ခန်းမ၌ ကျင်းပသည်။



ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးအောင်မိုးလွင်နှင့် ကျိုက္ခမီအသင်း(ရန်ကုန်)မှ အသင်းဥက္ကဋ္ဌ ဒေါ်အေးအေးသန့်တို့က အမှာစကားပြောကြားပြီး စိတ်ဓာတ်၊ စည်းကမ်း၊ ပညာ ခေါင်းစဉ်ဖြင့် စာစီစာကုံး ပထမအဆင့် (Grade-5)၊ ဒုတိယအဆင့်(Grade-6နှင့်Grade-7)၊ တတိယအဆင့် (Grade-8 နှင့် Grade-9) ကျောင်းသား ကျောင်းသူ စုစုပေါင်း ၄၂ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြကာ ပထမ၊ ဒုတိယ၊ တတိယနှင့် အထူးဆုရရှိခဲ့ကြသည့် ကျောင်းသား ကျောင်းသူ ၁၈ ဦးနှင့် မြို့နယ်အဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရကျောင်းသား ကျောင်းသူနှစ်ဦး၊ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းအောင် ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူ ခုနစ်ဦးတို့ကို ဆုများ ချီးမြှင့်သည်။ ကျိုက္ခမီမြို့အခြေခံပညာအထက်တန်းကျောင်း စာကြည့်တိုက်အတွက် လှိုင်မြို့နယ်စာရေးဆရာအသင်းဝင်များက သုတ/ရသ စာအုပ် ၂၆၇ အုပ်ကို ပေးအပ်လှူဒါန်းပြီး ကျိုက္ခမီ(မြို့မ) စာကြည့်တိုက် ဖွံ့ဖြိုးတိုးတက်ရေး အဆောက်အအုံ ပြန်လည်ပြုပြင်ခြင်းအတွက် ငွေကျပ်သိန်း ၅၀ ကို မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ပရီမီယာလိဂ်ပွဲစဉ် (၉) တွင် ဝက်စ်ဟမ်းက အကြိတ်အနယ်ကစားပြီး မန်ယူကို အနိုင်ယူ

ပရီမီယာလိဂ်ပွဲစဉ် (၉) မှ အောက်တိုဘာ ၂၇ ရက် ည ၈ နာရီခွဲက ယှဉ်ပြိုင်ကစားခဲ့သည့် ဝက်စ်ဟမ်းနှင့် မန်ယူအသင်းပွဲစဉ်တွင် ဝက်စ်ဟမ်းအသင်းက နှစ်ဂိုး - တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည်။

မန်ယူအသင်းသည် ရလဒ်ပိုင်းဆိုးရွားမှုကို ချေဖျက်ရန် ပြီးခဲ့သည့်ပွဲစဉ်မှ ကစားသမားစာရင်းကို သုံးဦးအပြောင်းအလဲပြုလုပ်ကာ ဂါနာချို၊ ဖာနန်ဒက်စ်၊ ရက်ဖို့ဒ်၊ ဟွိုက်လန်းတို့ ဦးဆောင်ပွဲထွက်လာခဲ့သည်။ ပြိုင်ဘက် ဝက်စ်ဟမ်းအသင်းကလည်း ဒဏ်ရာရသည့် ကစားသမားများကို ချန်လှပ်ကာ အားထားရသည့် ကစားသမား အစုံအလင်ဖြင့် မန်ယူအသင်းကို ရင်ဆိုင်လာခဲ့သည်။

မန်ယူအသင်းသည် ပွဲချိန်အစပိုင်းမိနစ်များတွင် ပြိုင်ဘက် ဝက်စ်ဟမ်းအသင်းဘက်သို့ ဂိုးရရှိနိုင်သည့် အခွင့်အရေးများနှင့်အတူ ထိုးဖောက်တိုက်စစ်ဆင်ကစားနိုင်ခဲ့သည်။ သို့သော်လည်း ပွဲချိန်ကြာလာသည်နှင့်အမျှ ကစားအားလျော့ကျလာပြီး ပြိုင်ဘက်အသင်း၏ ဖိအားပေးတိုက်စစ်ဆင်မှုများကိုသာ ခုခံကာကွယ်ခဲ့ရသည်။ လူစားလဲမှုများပြုလုပ်ကာ သွင်းဂိုးရရှိရေး ခြေကုန်ထုတ်လာသော ဝက်စ်ဟမ်းအသင်းသည် ပွဲချိန် ၇၄ မိနစ်တွင် ဦးဆောင်ဂိုးရရှိခဲ့ပြီး ခရစ္စဆန်စီယိုက သွင်းယူပေးနိုင်ခဲ့သည်။

ထို့နောက် မန်ယူအသင်းကလည်း ချေပဂိုးရရှိရေး ကြိုးစားလာခဲ့ရာ ပွဲချိန် ၈၁ မိနစ်တွင် ရရှိခဲ့သည်။ အဆိုပါချေပဂိုးကို လူစားဝင်တိုက်စစ်ကစားသမား ဇာဇီး၏ ဖန်တီးမှုမှ ကက်စမီရိုးက ခေါင်းတိုက်သွင်းယူပေးခဲ့သည်။ ပွဲချိန်ပြည့်ခါနီးတွင် အိမ်ရှင်ဝက်စ်ဟမ်းအသင်း ပယ်နယ်တီကန်သွင်းခွင့်ရရှိခဲ့ရာ အသင်းခေါင်းဆောင် ဘိုဝင်က အမှားအယွင်းမရှိ အဆုံးသတ်သွင်းယူနိုင်ခဲ့သည်။

အခြားပွဲစဉ်ရလဒ်များတွင် ချယ်ဆီးက နယူးကာဆယ်ကို အကြိတ်အနယ်ကစားပြီး နှစ်ဂိုး - တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သလို ခရစ္စတယ်ပဲလေ့စ်ကလည်း စပါးအသင်းကို တစ်ဂိုး - ဂိုးမရှိဖြင့် နိုင်ပွဲရရှိခဲ့သည်။

**အောင်ဇော်**



○ *ကျောဖုံးမှ*

စတင်ထွက်ခွာ၍ ရန်ကုန်ဘူတာသို့ နံနက် ၈ နာရီ မိနစ် ၂၀ တွင် ရောက်ရှိပြီး အမှတ် (၁၅)အဆန် ရန်ကုန်-ပဲခူး DEMU ရထားသည် ရန်ကုန်ဘူတာမှ ညနေ ၄ နာရီ ၄၅ မိနစ်တွင် ပြန်လည်ထွက်ခွာ၍ ပဲခူးဘူတာသို့ ည ၇ နာရီ ၅ မိနစ်တွင် ရောက်ရှိသဖြင့် ပဲခူးမှ ရန်ကုန်သို့ အလုပ်သွား အလုပ်ပြန် အဆင်ပြေမှုရှိကြောင်းနှင့် လမ်းခရီးတွင် ပုဇွန်တောင်၊ မလွှကုန်း၊ သဃ်န်းကျွန်း၊ တိုးကြောင်ကလေး၊ ရွာသာကြီး၊ လေးဒေါင့်ကန်၊ ဒါးပိန်၊ ကော့ချဲ၊ ထုံးကြီး၊ ကျောက်တန်း၊ တာဝ၊ ဘုရားသုံးဆူ စုစုပေါင်း ၁၂ ဘူတာ၌ ရပ်တန့်ပေးခြင်းကြောင့် လမ်းခရီးတွင် လိုက်ပါစီးနင်းကြသူများအတွက်ပါ အဆင်ပြေမှုရှိပြီး ရထားစီးခရီးသည်စီးနင်းမှု များပြားခြင်းဖြစ်သည်။ မြန်မာ့မီးရထားအနေဖြင့် ရထားစီးခရီးသွားပြည်သူများ စိတ်ချမ်းမြေ့စွာ ခရီးသွားလာနိုင်စေရေး အဆိုပါရထားအတွက် ဘူတာများတွင် လက်တန်းပါသံလှေကားများပြုလုပ်တပ်ဆင်ပေးထားပြီး ရထားဆိုက်ရောက်/ ထွက်ခွာချိန်များ၌ အဆင်ပြေလွယ်ကူစွာ လိုက်ပါစီးနင်းနိုင်စေရေး စီစဉ်ထားရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့၌ ငွေကျပ်သိန်း ၄၃၀၀ တန်ဖိုးရှိ ဘိန်းဖြူ ၈ ဒသမ ၆ ကီလို ဖမ်းဆီးရမိ

နေပြည်တော် အောက်တိုဘာ ၂၇

**စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့၌ ငွေကျပ်သိန်း ၄၃၀၀ တန်ဖိုးရှိ ဘိန်းဖြူ ၈ ဒသမ ၆ ကီလို ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၂၃ ရက် ည ၆ နာရီခွဲတွင် ကလေးမြို့ တောင်ဇလပ်ရပ်ကွက် နယ်မြေ(၆) အမှတ်(၉)လမ်းတွင် ရိုဒိန်းလျှန်နာ မောင်းနှင်ပြီး မောင်မောင်နိုင်ဝင်း(ခ)မောင်နိုင် လိုက်ပါလာသည့် TOYOTA MARK II မော်တော်ယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်မှ ဆပ်ပြာခွက် ၂၀၀ ဖြင့် ထည့်လျက် ဘိန်းဖြူ ၂ ကီလို ဖမ်းဆီးရမိခဲ့ပြီး ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်အရ ည ၈ နာရီခွဲတွင် ဘိန်းဖြူများရောင်းချခိုင်းသူ မျိုးကိုဦးနှင့် မဆန်ချင်းတိလ်တို့ နှစ်ဦးအား ကလေးမြို့ တောင်ဇလပ်ရပ်ကွက် နယ်မြေ(၁၀) ဘုရင့်နောင်လမ်းဆုံတွင် ဆပ်ပြာခွက် ၆၆၀ ဖြင့် ထည့်လျက် ဘိန်းဖြူ ၆ ဒသမ ၆ ကီလို၊ TOYOTA MARK II မော်တော်ယာဉ်တစ်စီးနှင့်အတူ ဆက်လက်ဖမ်းဆီးရမိခဲ့သဖြင့် စုစုပေါင်းဒေသကာလတန်ဖိုး ငွေကျပ်သိန်း ၄၃၀၀ တန်ဖိုးရှိ ဘိန်းဖြူ ၈ ဒသမ ၆ ကီလို သိမ်းဆည်းရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်များအရ သိမ်းဆည်းရမိဘိန်းဖြူများကို မန္တလေးမှ ဖိုးကျော် (ခ)ကျော်ကျော်(ခ)မော်သင်းနှင့်ဇနီး မခင်မိုးနွယ်(ခ) မိုးနွယ်တို့၏အစီအမံဖြင့် မိတ္ထီလာကူးစက်အဟောင်းများအတွင်း သို့ဝှက်ပြီး ကလေးမြို့သို့ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း၊ အမှုတွင်ဆက်စပ်ပါဝင်သူများနှင့် ၎င်းတို့ မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်ရာမှ ရရှိသည့် ငွေကြေးအကျိုးအမြတ်များ၊ ပိုင်ဆိုင်မှုများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ရေးအတွက် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေဖြင့် ဆက်လက်အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



ပြစ်မှုကျူးလွန်သူများကို သိမ်းဆည်းရမိသည့် ဘိန်းဖြူများနှင့်အတူ တွေ့ရစဉ်။

# တရားမဝင် လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ ယာဉ်အပိုပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၂၇**

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၂၆ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်း၌ ဘားအံမြို့မှရန်ကုန်မြို့သို့မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ယာဉ်အပိုပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၁၅၀၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Profia Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀) ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ လေဆိပ် (သွင်းကုန်) ၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၉၉၆၃၈၈) ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၆၃၄၉၆၃၈၈ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



မန္တလေးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

ထို့အတူ ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရဲသာ ယာယီယာဉ်စစ်ကွင်း၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး၊ လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၀၀၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Profia Truck တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၅၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံး လုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

အလားတူ မန္တလေးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ (၁၆)မိုင် ကျောက်ချောစစ်ဆေးရေးစခန်း၌ မူဆယ်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးနှင့် ပြင်ဦးလွင်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးတို့ပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၂၄ မျိုး၊ လူသုံးကုန်ပစ္စည်းငါးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၆၀၄၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Canter Truck တစ်စီး၊ Toyota Dyna Truck တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၆၀၀၀၀၀၀)ကို လည်းကောင်း၊ ကျွဲတပ်ဆုံ စစ်ဆေးရေးစခန်း၌ အောင်ပန်းမြို့မှ မကွေးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၉၄၀၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀၀) ကိုလည်းကောင်း၊ မြစ်ငယ်စစ်ဆေးရေးစခန်း၌ မူဆယ်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်ငါးစီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ခုနစ်မျိုး၊ လုပ်ငန်းသုံးပစ္စည်း တစ်မျိုး၊ စားသောက်ကုန်ပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၈၃၃၈၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Pajero သုံးစီး၊ Toyota Hiace တစ်စီး၊ စက်မှုဇုန်ထုတ် Sein Tun MPV Wagon တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၃၈၀၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၂၄၂၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံး လုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပဲခူးမြို့ ရပ်ကွက်ကြီး(၇)ရှိ ဂိုဒေါင်တစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၁၄ မျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၅၃၃၉၂၂ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံး လုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

အောက်တိုဘာ ၂၇ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ရတနာပုံတံတားပူးပေါင်း စစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Toyota Crown မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန် ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

အောက်တိုဘာ ၂၆ ရက်နှင့် ၂၇ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၃၁ မှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၅၄၃၃၇၂၃၁၀ ကို ဖမ်းဆီးရမိခဲ့သည်။ ယနေ့ဖမ်းဆီးရမိမှုများတွင် လူသုံးကုန်ပစ္စည်းများ ပြည်ပမှ တရားမဝင်တင်သွင်းလာမှုများကြောင့် သွင်းကုန်အစားထိုး ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် စက်မှုဇုန်များရှိ အသေးစား၊ အလတ်စားလုပ်ငန်းများကို ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေပြီး နိုင်ငံ၏ စီးပွားရေးဦးတည်ချက်များကိုပါ ထိခိုက်စေနိုင်သည်။ သို့ဖြစ်ပါ၍ ၎င်းတရားမဝင် တင်သွင်းမှုများအား သက်ဆိုင်ရာ တာဝန်ရှိသူများမှ ယခုထက် ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

❒ ***ကျော်ဖုံးမှ***

တိုက်စစ်ကစားသမား လီဝမ်ဒေါစကီး အထူးခြေစွမ်းပြသနိုင်ခဲ့ပြီး သုံးမိနစ်အတွင်း နှစ်ဂိုးသွင်းယူနိုင်ခဲ့သည်။ ထို့ကြောင့် ၎င်းသည် ယခုနှစ်ရာသီတွင် ဘာစီလိုနာအသင်းအတွက် ပြိုင်ပွဲစုံ သွင်းဂိုး ၁၇ ဂိုးအထိရှိလာပြီ ဖြစ်သည်။

အိမ်ရှင်ရီးရဲမက်ဒရစ်အသင်းသည် ဂိုးရရှိရန် နီးစပ်သည့် အခွင့်အရေးဖန်တီးမှု လေးကြိမ်ထက်မနည်း ရှိခဲ့ သော်လည်း လေးကြိမ်စလုံး ဂိုးအဖြစ်ပြောင်းလဲနိုင်ခြင်း မရှိခဲ့ချေ။ ပြိုင်ဘက် ဘာစီလိုနာအသင်းက ဂိုးရရှိရန် နီးစပ်သည့် အခွင့်အရေး ခြောက်ကြိမ်ထက်မနည်း ရရှိခဲ့ပြီး သုံးကြိမ် ဂိုးအဖြစ်ပြောင်းလဲနိုင်ခဲ့သည်။ ပွဲချိန် မိနစ် ၃၀ တွင် ရီးရဲမက်ဒရစ်အသင်း တိုက်စစ်ကစားသမား အမ်ဘာပေက ဘာစီလိုနာအသင်းဘက်သို့ ဂိုးသွင်းယူနိုင်ခဲ့သော်လည်း ဗွီအေအာရ် ပြန်လည်ကြည့်ရှုစစ်ဆေးပြီးနောက် ပယ်ဖျက်ခဲ့သည့်အတွက် နစ်နာခဲ့ရသည်။

ဘာစီလိုနာအသင်းအတွက် သွင်းဂိုးများကို လီဝမ်ဒေါစကီး၊ ယာမဲလ်နှင့် ရာဖင်ညာတို့က သွင်းယူပေးခဲ့သည်။ ဘာစီလိုနာအသင်းသည် ယခုပွဲစဉ်မတိုင်မီ ချန်ပီယံလိဂ်ပြိုင်ပွဲ အုပ်စုပွဲစဉ် (၃) တွင် ဘွန်ဒက်စ်လီဂါ နာမည်ကြီး ဘိုင်ယန်မြူးနစ် အသင်းနှင့် ယှဉ်ပြိုင် ကစားခဲ့ရာတွင်လည်း လေးဂိုး-တစ်ဂိုးရလဒ်ဖြင့် ဂိုးပြတ်နိုင်ပွဲကို ဖော်ဆောင်ထားသည်။

ဘာစီလိုနာ အသင်းသည် ယခုပွဲစဉ် နိုင်ပွဲရရှိခဲ့သည့်အတွက် လာလီဂါပွဲစဉ် (၁၁) အပြီးတွင် ရမှတ် ၃၀ ဖြင့် အမှတ်ပေးဇယားကို ဦးဆောင်နိုင်ခဲ့ပြီး ပြိုင်ဘက် ရီးရဲမက်ဒရစ်အသင်းက ရမှတ် ၂၄ မှတ်ဖြင့် ဒုတိယနေရာမှ အနီးကပ်ဖိအားပေးလျက်ရှိသည်။

**အောင်ဇော်**

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

**နေပြည်တော် အောက်တိုဘာ ၂၇**

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ရှစ်ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

## ပျောက်ဆုံးကြောင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၅)၊ သိန်းရိပ်သာလမ်း၊ အိမ်အမှတ် (၂၇/A-6)နေ (ဘ) ဦးဝေဖြိုးမြင့်၏ သမီး မမြမိုးသောက် ၁၂/တမန(နိုင်) ၁၃၉၉၃၀၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၄၅၉၈၉၉၅၄**

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

(ဘ) ဦးခင်မောင်ဝင်း ၏သား မောင်ဝင်းနိုင်ထွန်း ၅/ထခန(နိုင်) ၀၆၄၇၅၉ ၏ ပတ်စ်ပို့စာအုပ် (MB-999301)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၆၆၃၂၉၅၃၅၊ ၀၉-၄၂၈၉၅၆၂၄၆**

## ဖခင်အမည်မှန်

စဥ့်ကိုင်မြို့၊ အထက(ခွဲ)စော်ရဲ Grade-9 မှ မရတနာလှိုင်နှင့် Grade-12 မှ မောင်သိုင်းမင်းထက်တို့၏ ဖခင်အမည်မှန်မှာ ဦးဇော်ဝင်းသိန်း ဖြစ်ပါကြောင်း။

**ဦးဇော်ဝင်းသိန်း**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅ယ/၉၉၇၇၅ Honda Click 125 M/C ယာဉ်လက်ဝယ်ရှိသူ Rose KSN Co.,Ltd က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 49W/ 48497 Honda Scoopy 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ညိုမာဇင် ၅/ကသန(နိုင်)၀၆၉၂၇၉ကက (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမြို့နယ်၊ အထက-ခွဲ (ရာသချိုး) ကျောင်းမှ ကျောင်းစောင့် ဦးမြင့်လွင် (ခ) ဦးမြင့်နိုင် ၉/ဝတန (နိုင်)၀၂၂၅၈၁ မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဦးမြင့်လွင်(ခ)ဦးမြင့်နိုင်**

## အမည်မှန်

ပြင်ဦးလွင်မြို့၊ စနီးကွင်း ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-11 မှ (ဘ) ဦးအောင်လွင် ၉/မမန(နိုင်)၀၂၅၂၇၉ ၏ သမီး မသုံနံ့သာကို၏ အမည်မှန်မှာ မသုန်နံ့သာကို ဖြစ်ပါသည်။

**မသုန်နံ့သာကို**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၁)ရပ်ကွက်၊ အကွက်အမှတ်(H)၊ ဦးပိုင်အမှတ်(၇၆)၊ ၆၆ x ၆၇ လမ်းကြား၊ ၁၀၆ x ၁၀၇ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးတင်မောင်အုန်း ၏(SP ရရှိသူ ဒေါ်သဲနုထွေး) ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၂၄၇၂/၂၀၂၄) ဖြင့် ဝယ်ယူခဲ့သူ ဒေါ်သက်စုထွေး ၉/ခအဇ(နိုင်)၀၁၄၉၅၄၊ ဒေါ်ခိုင်ခိုင်ဦး ၉/အမဇ(နိုင်) ၀၁၉၄၂၄ တို့က အမှုတွဲအမှတ် ၄၆၈၆/၂၀၂၄-၂၀၂၅ ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဖခင်အမည်မှန်

စဥ့်ကိုင်မြို့နယ်၊ အထက(ခွဲ) စော်ရဲ Grade-9 မှ မရတနာဝင်း၏ ဖခင်အမည်မှန်မှာ ဦးသောင်းနိုင် ၉/တတဥ(နိုင်) ၀၈၇၇၃၆ ဖြစ်ပါကြောင်း။

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ဟေမာဇလရပ်ကွက်၊ အကွက်အမှတ်(၆၁၉)၊ ဦးပိုင်အမှတ်(၃က/၃)၊ ၇၈ လမ်း၊ ၂၉ x ၃၀ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးလူဝင်းကြူ၏(SP ရရှိသူ ဦးရန်နိုင်) ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၃၀၂၃/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်လှလှမြင့် ၉/မဟမ(နိုင်)၀၂၆၈၉၅ က အမှုတွဲအမှတ် (၄၆၈၁/၂၀၂၄-၂၀၂၅) ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၅)၊ ကွင်း/အကွက်အမှတ်(RA-V/ကွက်ပြင်)၊ ဦးပိုင်အမှတ်(၄၆-ဥ)၊ မြေဧရိယာ ၀ ဒသမ ၀၆၆ ဧကရှိ မြေကွက်အား မြေငှားဂရန် (ဦးပိုင်ခွဲ၊ အမည်ပြောင်း၊ သက်တမ်းတိုး) လျှောက်ထားနိုင်ရေး ဒေါ်သွယ်သွယ်အေး ၉/မမန(နိုင်)၀၇၉၀၅၂ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၁၀)၊ ဦးပိုင်အမှတ်(၆၇)၊ ၆၂ x ၆၃ ကြား၊ အနော်ရထာ x အောင်ဇေယျလမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်သန်းသန်းလွင်(ခ)ရှောက်ဝူ ၁၃/တကန(နိုင်)၁၉၅၉၅၃ က အမှုတွဲအမှတ် ၄၆၉၅/၂၀၂၄-၂၀၂၅ ဖြင့် သက်တမ်းတိုး၊ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အမည်မှန်

စဥ့်ကိုင်မြို့နယ်၊ အထက (ခွဲ) စော်ရဲ Grade-9 မှ မောင်ကျော်ရဲနောင်၏ အမည်မှန်မှာ မောင်ဖိုးထူး ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)၊ ကွင်း/အကွက်အမှတ်(၅/ပဒေသာ)၊ ဦးပိုင်အမှတ်(၁၄၁)၊ မြေဧရိယာ ၀ ဒသမ ၂၂၀ ဧကရှိ မြေကွက်အား မြေငှားဂရန် (ဂရန်သစ်၊ အမည်ပြောင်း၊ သက်တမ်းတိုး) လျှောက်ထားနိုင်ရေး ဒေါ်ခင်ပြုံးရီ ပါ(၃)ဦး ၉/မရတ(နိုင်)၀၄၅၀၄၃ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။ **မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

(ဘ) ဦးစိုးနိုင်လင်း ၏သား မောင်နိုင်ထက်အောင် ၉/လဝန (နိုင်) ၃၀၃၆၁၈ ၏ နိုင်ငံကူးလက်မှတ် (MF-420896)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါကအကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၉၂၇၃၈၇၅၃၊ ၀၉-၉၄၂၁၈၃၄၆၃**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက် အမှတ်(ဠ-၈)၊ ဦးပိုင်အမှတ် (၃၁)၊ ၆၄ x ၆၅လမ်းကြား၊ ကျန်စစ် x ဇော်ဂျီလမ်းကြားရှိ ဦးထွန်းအောင် အမည်ပေါက် တောဂရန်မြေကွက်အား ပြည်ကြီးတံခွန်မြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ်(၁၅၃/၂၀၂၃)တွင် ၂၇-၁၂-၂၀၂၃ ရက်က ချမှတ်ခဲ့သော စီရင်ချက်ဒီကရီအရ ဦးထွန်းအောင်ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၂၂၄၈/၂၀၂၄) ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ငွေငွေ ၅/တမန(နိုင်) ၀၀၅၈၂၀ က တောဂရန်စာချုပ်နှင့်အတူအမှုတွဲအမှတ် (၄၇၀၁/၂၀၂၄-၂၀၂၅)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)၊ ကွင်း/အကွက်အမှတ်(၁/ပဒေသာ)၊ ဦးပိုင်အမှတ်(၄၃၁)၊ မြေဧရိယာ ၀ ဒသမ ၀၄၆ ဧကရှိ မြေကွက်အား မြေငှားဂရန်(ဦးပိုင်ခွဲ၊ အမည်ပြောင်း) လျှောက်ထားနိုင်ရေး ဦးဝဏ္ဏအောင် ၅/ဘတလ(နိုင်)၀၀၀၄၈၈ နှင့် ဒေါ်တင်မမလှိုင် ၉/မကန(နိုင်)၀၉၅၅၈၆ တို့မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(H)၊ ဦးပိုင်အမှတ်(၄၃)၊ ၆၅ လမ်းနှင့် ၁၃၇ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးမြင့်အောင် ၉/မနမ(နိုင်)၀၄၆၉၂၂ က အမှုတွဲအမှတ် ၄၆၉၄/၂၀၂၄-၂၀၂၅ ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 73W/ 49074 Honda Wave 110 ယာဉ်လက်ဝယ်ရှိသူ Easy Rider Motorbike Co.,Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မိတ္ထီလာမြို့)**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ကဥ္စဏမဟီရပ်ကွက်၊ အကွက်အမှတ်(၆၄၀)၊ ဦးပိုင်အမှတ်(၂၂-ခ)(ခဲစင်း)၊ ၇၇ x ၇၈ လမ်းကြား၊ ၃၄ x ၃၅ လမ်းကြားရှိ ဘိုးဘမြေကွက် အမည်ပေါက်သူ SHOU MAY(a)LEE LEE MYINT ၏ (SPရရှိသူ ဒေါ်လှလှဝင်း(ခ)ဒေါ်ဂျီတီး၊ ဒေါ်နီနီစံ)တို့ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၆၈၁/၂၀၂၀) ဖြင့် ဝယ်ယူခဲ့သူ ဦးမျိုးမင်းထွန်း ၁/မကန(နိုင်)၀၉၅၅၆၆၊ ဒေါ်မာမာအေး ၁/မကန(နိုင်)၀၀၆၈၆၉တို့က အမှုတွဲအမှတ် ၀၅၂၆/ဘခွဲ(ပြောင်း)/၂၀၂၄-၂၀၂၅ ဖြင့် ဘိုးဘ/အမည်ပြောင်း/ဦးပိုင်ခွဲ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁)၊ ကွင်း/အကွက်အမှတ်(၁၀/တံတားဦးအနောက်)၊ဦးပိုင်အမှတ်(၈၁-ခ)၊ မြေဧရိယာ ၀ ဒသမ ၀၆၉ ဧကရှိ မြေကွက်အား မြေငှားဂရန် (အမည်ပြောင်း၊သက်တမ်းတိုး) လျှောက်ထားနိုင်ရေး ဦးတင်ကွမ်း ၁၃/လရန(နိုင်)၀၆၂၅၆၉နှင့် ဦးထွန်းဦး ၉/ခအဇ(နိုင်)၀၂၀၉၆၃ တို့မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၁၀)၊ ဦးပိုင်အမှတ်(၆၉)၊၆၂ x ၆၃ကြား၊ အနော်ရထာ x အောင်ဇေယျလမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးကျော်ညွှန့် ၁၃/သပန(နိုင်)၀၃၂၀၀၂ က အမှုတွဲအမှတ် ၄၆၉၇/ ၂၀၂၄-၂၀၂၅ ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၁ယ/၆၁၃၉၈ New Aibo 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးသူရိန်ဦး ၅/စတန(နိုင်)၃၃၇၀၁၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ကဥ္စဏမဟီရပ်ကွက်၊ အကွက်အမှတ်(၆၄၀)၊ ဦးပိုင်အမှတ် (၂၂-ခ)(ခဲစင်း)၊ ၇၇ x ၇၈ လမ်းကြား၊ ၃၄ x ၃၅ လမ်းကြားရှိ ဘိုးဘမြေကွက် အမည်ပေါက်သူ SHOU MAY(a)LEE LEE MYINT ၏ (SPရရှိသူ ဒေါ်လှလှဝင်း(ခ)ဒေါ်ဂျီတီး၊ ဒေါ်နီနီစံ)တို့ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၄၈၇၂/၂၀၂၀) ဖြင့် ဝယ်ယူခဲ့သူ ဦးဒီပါတ် ၉/ပဥလ(နိုင်)၀၁၂၅၃၃ က အမှုတွဲအမှတ် ၀၅၂၅/ဘခွဲ(ပြောင်း)/၂၀၂၄-၂၀၂၅ ဖြင့် ဘိုးဘ/အမည်ပြောင်း/ဦးပိုင်ခွဲ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)၊ ကွင်း/အကွက်အမှတ်(၁/ပဒေသာ)၊ ဦးပိုင်အမှတ်(၂၃၈)၊ မြေဧရိယာ ၀ ဒသမ ၀၄၆ ဧကရှိ မြေကွက်အား မြေငှားဂရန်(အမည်ပြောင်း) လျှောက်ထားနိုင်ရေး ဒေါ်ဖြူဖြူဝင်း ၅/တဆန(နိုင်)၀၀၀၄၅၈နှင့် ဒေါ်တင်တင်ဝင်း ၅/တဆန(နိုင်)၀၈၃၆၆၆ တို့မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၃)ရပ်ကွက်၊ အကွက်အမှတ်(ဈ-၇)၊ ဦးပိုင်အမှတ် (၈-က)၊ လမ်း၆၀၊ ၁၀၇ x ၁၀၈ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်ဆီမေ ၁၃/သနန (နိုင်)၀၁၅၅၂၀ ၏ (SP ရရှိသူ ဦးအာဒယ်လ် (ခ) အောင်ထက်ခိုင်)က အမှုတွဲအမှတ်(၄၆၈၇/၂၀၂၄-၂၀၂၅)ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 55W/ 59989 Honda Click 125 M/C ယာဉ်လက်ဝယ်ရှိသူ DT Naing Oo Co.,Ltd က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာနွယ်စဉ်ရပ်ကွက်၊ အကွက်အမှတ်(၄၁၃-လ/အပိုင်း-၉)၊ ဦးပိုင်အမှတ် (၁၉-ဆ+၂၀-စ)(ခဲစင်း)၊ ၇၁ x ၇၂ လမ်းကြား၊ ၃၈ x ၃၉ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်စမ်းစမ်းဝင်း၏(SPရရှိသူဒေါ်တင်တင်ခိုင်)ထံမှမှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၃၀၇၆/၂၀၂၄) ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ခင်နီလာကျော် ၉/မဟမ(နိုင်)၀၀၁၄၇၄ က အမှုတွဲအမှတ် (၄၆၈၅/၂၀၂၄-၂၀၂၅) ဖြင့် ဦးပိုင်ခွဲ/အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၂)၊ ကွင်း/အကွက်အမှတ်(၁၆/မီးကြာရိုးတောင်)၊ ဦးပိုင်အမှတ်(၁၄)၊ မြေဧရိယာ ၀ ဒသမ ၀၉၃ ဧကရှိ မြေကွက်အား မြေငှားဂရန်(အမည်ပြောင်း)လျှောက်ထားနိုင်ရေး ဒေါ်လီးအိုင်လျှန့် ၁/လဂန(နိုင်)၀၀၀၀၈၄ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)၊ ကွင်း/အကွက်အမှတ်(၅/ပဒေသာ)၊ ဦးပိုင်အမှတ်(၁၆၁)၊ မြေဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိ မြေကွက်အား မြေငှားဂရန်(ဂရန်သစ်၊ အမည်ပြောင်း၊ သက်တမ်းတိုး) လျှောက်ထားနိုင်ရေး ဒေါ်နှင်းဦး ၉/မမန(နိုင်)၀၃၀၄၉၃ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းကြေညာအပ်ပါသည်။ **မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတိုးရပ်ကွက်၊ အကွက်အမှတ်(ဇဇ-၁၁)၊ ဦးပိုင်အမှတ်(၁၆)၊ ၄၉ x ၅၀ လမ်းကြား၊ ၁၀၇ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်ငြိမ်းထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၃၀၇၄/၂၀၂၄) ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ချင်ဖန်း ၁၃/လရန(နိုင်)၂၃၆၆၀၂ က အမှုတွဲအမှတ် ၄၆၈၈/၂၀၂၄-၂၀၂၅ ဖြင့် အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4M/6772 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၉)တွင်နေထိုင်သော ဦးမျိုးမင်းသန့် ၉/ခမစ(နိုင်)၀၂၄၁၇၉နှင့် ဒေါ်လှလှအေး ၉/ပဥလ(နိုင်)၀၁၄၄၁၁ တို့၏ သမီးဖြစ်သူ မဇွန်ဇွန်မော် ၉/ပဥလ(နိုင်)၁၀၁၆၁၄ သည် မိဘ၏ဆိုဆုံးမမှုအား နာယူမှုမရှိဘဲ မိဘအားစိတ်ဆင်းရဲအောင် အမျိုးမျိုးပြုလုပ်သောကြောင့် ၎င်းအားယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင် မဇွန်ဇွန်မော်နှင့် ပတ်သက်သော ကိစ္စအဝဝများအား လုံးဝ (လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**ဦးမျိုးမင်းသန့်-ဒေါ်လှလှအေး**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပန်းဥယျာဉ်နှင့်ကစားကွင်းများဌာနမှ ချမ်းမြသာစည်မြို့နယ် ၁၁၇ လမ်း၊ ၅၂ x ၅၃ လမ်းကြား မြရည်နန္ဒာ ရပ်ကွက် မမ-၁၂ ရေိယာ (၁ ဒသမ ၁၃၃) ဧက မြေနေရာလွတ်တွင် ရေကူးကန်၊ ကလေးကစားကွင်း၊ အပန်းဖြေပန်းခြံနှင့်စားသောက်ဆိုင်လုပ်ငန်းများလုပ်ကိုင် ရန်အတွက် အောက်ပါအစီအစဉ်အတိုင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ငှားရမ်းမည် ဖြစ်ပါသည်-

(က) **လျှောက်လွှာရောင်းချမည့်ရက်** - ၂၂-၁၁-၂၀၂၄ ရက်မှ ၅-၁၂-၂၀၂၄ ရက်ထိ (ရုံးချိန်အတွင်း)

( ခ ) **အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်ရက်** - ၉-၁၂-၂၀၂၄ရက်(တနင်္လာနေ့) ညနေ (၁၆:၃၀)နာရီ

( ဂ ) **အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်နေရာ** - ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာန (၆၂) Aလမ်း၊ (၄၀ x ၄၁)လမ်းကြား၊ မနော်ရမ္မံရုံး

၂။ အထက်ပါ တင်ဒါပုံစံကို တစ်စုံလျှင်ငွေကျပ် ၁၀၀၀၀/-နှုန်းဖြင့် ရုံးချိန်အတွင်း ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာန (၆၂)Aလမ်း၊ (၄၀ x ၄၁) လမ်းကြားတွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်သိလိုပါက ဖုန်း-၀၉-၇၇၄၄၆၄၃၅၂ သို့ ဆက်သွယ် စုံစမ်းမေးမြန်းနိုင်ပါသည်။

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်မိတ်ဆွေဖြစ်သူ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁) ကွင်း/အကွက်အမှတ်(RA-III/ကွက်ပြင်)၊ ဦးပိုင်အမှတ်(၂၄၀-က)၊ ဧရိယာ ၀ ဒသမ ၃၂ ဧကအား ဂရန်စာချုပ် စာချုပ်နံပါတ်-(၇၁၀/၉၃-၉၄)အရ ဦးကြည်ပန်းလုံ(ခ) ဦးကြည်အောင် အမည်ဖြင့် နှစ်(၃၀)ဂရန်ရရှိထားပါသည်။ ဂရန်အမည်ပေါက်သူ ဦးကြည်ပန်းလုံ(ခ) ဦးကြည်အောင် ထံမှ ဒေါ်သင်းသင်းရွှေသည် အရောင်းအဝယ် စာချုပ်ဖြင့် ဝယ်ယူခဲ့ပြီး အထွေထွေကိုယ်စားလှယ်လွှဲစာရယူခဲ့ပါသည်။ အဆိုပါ ဧရိယာမှ ခွဲ၍ အကွက်အမှတ်-(A-1) (၃၅ ပေ x ၄၀ ပေ) အကျယ်ရှိ မြေနှင့် မြေပေါ် မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ရောင်းချသူ ဒေါ်သင်းသင်းရွှေထံမှ ၃၁-၁၂-၂၀၂၂ ရက်တွင် ဒေါ်ဝင်းဝင်းငွေနှင့် ဦးမျိုးမင်းသိန်းတို့မှ အပြီးအပိုင်ဝယ်ယူခဲ့ပါသည်။ ယခု အဆိုပါမြေအား ကျွန်ုပ်မိတ်ဆွေဖြစ်သူများမှသာ ဝယ်ယူပြီးသည့်အချိန်မှစ၍ ယနေ့အချိန်ထိ လက်ရှိထားပိုင်ဆိုင်ပြီးဖြစ်သဖြင့် ကျွန်ုပ်မိတ်ဆွေဖြစ်သူများမှသာ တရားဝင်ရောင်းချပိုင်ခွင့်ရှိပြီး အခြားမည်သူ တစ်ဦးတစ်ယောက်မျှ ရောင်းချပိုင်ခွင့်မရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဟန်နီငွေအောင် (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၁၈၈)**
**ရပ်ကွက်ကြီး(၁၀)၊ ပြင်ဦးလွင်မြို့။**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရပ်ကွက်၊ အကွက်အမှတ်(၅၁၃/၃)၊ ဦးပိုင်အမှတ် (၂၃၄-ဇ/၂၃၄-ဈ)၊ ၂၈ x ၂၉ လမ်းကြား၊ ၅၆ လမ်းရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်နီနီမြင့် ၉/မနတ(နိုင်)၀၁၅၉၉၇ က အမှုတွဲအမှတ် (၄၇၆၉/၂၀၂၄-၂၀၂၅) ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

**(တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)**
**မဟာအောင်မြေခရိုင် တရားရုံးတော်**
**၂၀၁၅ ခုနှစ်၊ တရားမကြီးမှုအမှတ်-၃၃၆ နှင့် ဆက်နွှယ်သည့်**
**၂၀၂၄ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၁၆၇**

ဦးခင်မောင်ပွား } နှင့် { ၁။ ဒေါ်နွယ်နွယ်(ခ)ဒေါ်နွဲ့နွဲ့ခင်
၂။ ကိုကျော်သူ
၃။ ကိုရဲအောင်
၄။ ကိုရန်အောင်
၅။ ကိုမျိုးကျော်သီဟ
၆။ မသီတာစိမ်း
၇။ မပိုပို

**(တရားနိုင်)** **(တရားရှုံးများ)**

၁။ ကိုကျော်သူ၊ ၂။ ကိုရန်အောင်၊ ၃။ မသီတာစိမ်း ၄။ မပိုပို(အတူနေမိသားစု)၊ အကွက်(ပပ-၈)၊ ဦးပိုင်(၇၀)၊ လမ်း၊ ၁၃၄ လမ်းနှင့် ၁၃၅ လမ်းကြား၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့ (ယခုနေရပ်လိပ်စာမသိသူ)များ သိစေရမည် ။

၂၀၁၅ ခုနှစ်၊ တရားမကြီးမှုအမှတ်-၃၃၆ တွင် ကျရှိသည့်ဒီကရီကို အတည်ပြုလုပ် ရန် ဤရုံးတော်တွင် တရားနိုင် ဦးခင်မောင်ပွားက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန်အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက် (၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၃ ရက်)မွန်းမတည့်မီ ၉:၃၀ နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်တွင် ဤရုံးတော်တံဆိပ် ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အောင်မြင့်သန်း)**
**တွဲဖက်ခရိုင်တရားသူကြီး(၂)**
**မဟာအောင်မြေ ခရိုင်တရားရုံး**

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

**(တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)**
**မဟာအောင်မြေခရိုင်တရားရုံးတော်**
**၂၀၁၅ ခုနှစ်၊ တရားမကြီးမှုအမှတ်-၃၅ နှင့် ဆက်နွှယ်သည့်**
**၂၀၂၄ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၈၀**

ဦးမြင့်အောင် } နှင့် { ၁။ ဦးလှမြင့်
၂။ ကိုဟန်သူထက်
၃။ ဦးအောင်ကျော်နိုင်
၄။ ဒေါ်လောလန့်(ခ) ဒေါ်မိုးသူဇာ

**(တရားနိုင်)** **(တရားရှုံးများ)**

ချမ်းအေးသာစံမြို့နယ်၊ ၂၉ လမ်း ၈၁-၈၂ လမ်းကြား၊ အမှတ်(၁၃၉) နွေနန္ဒာ ရောင်းဝယ်ရေးနေ (၁)ဦးဟန်သူထက်၊ မဟာအောင်မြေမြို့နယ်၊ ဟေမမာလာ တောင်ရပ်ကွက် ၃၇လမ်း၊ ၇၈-၇၉ လမ်းကြား တိုက်အမှတ်(၆)၊ ဒုတိယထပ်နေ (၂) ဦးအောင်ကျော်နိုင်၊ (၃) ဒေါ်လောလန့်(ခ) ဒေါ်မိုးသူဇာ (ယခုနေရပ်လိပ်စာမသိ)သူများ သိစေရမည်။

၂၀၁၅ ခုနှစ်၊ တရားမကြီးမှုအမှတ်-၃၅ တွင် ရရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဦးမြင့်အောင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင်ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက် (၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၇ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၂၄ ခုနှစ်၊ အောင်တိုဘာလ ၂၂ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ရတနာဖြိုးဝေ)**
**ဒုတိယခရိုင်တရားသူကြီး(၃)**
**မဟာအောင်မြေခရိုင်တရားရုံး**

## ဦးမျိုးတင့် နှင့် အများသိစေရန်ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ယခင် ကွင်းအမည် (ဖျောက်ဆိပ်ကုန်း)၊ ကွင်းအမှတ်(၅၁၇-က) မှ ယခု (ဆ)ရပ်ကွက်၊ အကွက်အမှတ်(ဓဓ-၁၅)၊ ဦးပိုင်အမှတ်(၆၈)၊ ဧရိယာ ၀ ဒသမ ၀၅၅၁ ဧက အကျယ်အဝန်းရှိ မြေကွက်အား ဂရန်အမည်ပေါက်သူ ဦးမျိုးတင့် (ဘ) ဦးအေးမောင် (ဘီအာ-၀၁၂၇၀၀)ထံမှ ကျွန်တော် ဦးမောင်မောင်အောင်သည် အရောင်းအဝယ် ကတိစာချုပ်ဖြင့် ဝယ်ယူကာ လက်ရှိပိုင်ဆိုင်လျက်ရှိပါသည်။ အဆိုပါ အရောင်းအဝယ်ကတိစာချုပ်တွင် အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုလိုသည့်အချိန်တွင် လာရောက်ချုပ်ဆိုပေးပါမည်ဟု ဝန်ခံကတိပြုထားပြီးဖြစ်၍ ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း နောက်ဆုံးထား၍ ကျွန်ုပ်ထံသို့ ဆက်သွယ်ကာ အရောင်းအဝယ် မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးပါရန် အသိပေးကြေညာအပ်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးနောက် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် လာရောက် ချုပ်ဆိုပေးရန် ပျက်ကွက်ပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ် ကြောင်း၊ ဦးမျိုးတင့် နှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးမောင်မောင်အောင် (ဘ) ဦးသိန်းအောင်**
**၉/မနမ(နိုင်)၀၈၃၃၃၃**
**ဖုန်း-၀၉-၈၇၅၇၇၅၈၇၇**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ မဟာဗေယျာဘုံရပ်ကွက်၊ အကွက်အမှတ်(၅၁၄/၁၀)၊ ဦးပိုင်အမှတ်(၇၆/ခဲစင်း)၊ ၅၇ x ၅၈ ကြား၊ ၂၂ x ၂၆ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ (ဖခင်) ဦးမောင်မောင် ၉/မရတ(နိုင်)၀၅၉၉၈၉ မှ သား၊ သမီးများဖြစ်ကြသော ဦးဇော်ဘိုဘိုမောင်၊ ဦးကျော်ဘိုဘိုမောင်၊ ဒေါ်ကေသွယ်မောင်မောင်တို့အား ပေးကမ်းမည်ဖြစ်ပါသဖြင့် ဂရန်စာချုပ်တင်ပြ၍ ခဲစင်းပြမှတ်ပုံတင် အပေးစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ သီရိဟေမာအရှေ့ရပ်ကွက်၊ အကွက်အမှတ်(၂၅၀)၊ ဦးပိုင်အမှတ် (၂၄-က)၊ ၈၆-ရွှေတချောင်းလမ်း၊ ၂၈ x ၂၉ ကြားရှိ ဘိုးဘမြေကွက် အမည်ပေါက်သူ ဒေါ်ပြန့် ကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ်(၃၀၇၀/၂၀၂၄)ဖြင့်အမွေဆက်ခံခဲ့သည့် ဒေါ်တင်လတ် ၉/မနမ(နိုင်)၀၇၀၁၉၂၊ ဒေါ်ရင်ရင်အေး ၉/မနတ(နိုင်)၁၃၂၀၈၉၊ ဦးသန်းနိုင် ၉/မနတ(နိုင်)၀၃၃၆၉၈၊ ဒေါ်တင်တင်ရီ ၉/မနတ(နိုင်)၀၀၈၀၉၃၊ ဦးသောင်း ၉/မနတ(နိုင်)၀၅၇၁၆၀၊ ဒေါ်ရင်ရင်လှိုင် ၉/မနတ(နိုင်)၀၉၆၇၆၈၊ ဦးသန့်စင် ၉/ခအဇ(နိုင်)၀၁၃၁၉၂၊ ဒေါ်နီနီခိုင် ၉/မနတ(နိုင်)၀၄၈၃၃၉ တို့ကဘိုးဘ အမည်ပေါက်မြေပုံ တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ အကွက်အမှတ်(၈၉၆)၊ ဦးပိုင်အမှတ် (၄-ည)၊ ၃၁ x ၃၂ ကြား၊ ၆၅ x ၆၆ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးဇော်မင်းထွဋ် ၉/ပမန(နိုင်)၁၈၃၃၂၄ ၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၆၀၀၃/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးစိုးဝင်းအောင် ၉/မရတ(နိုင်)၀၄၂၂၄၈ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ပျောက်ဆုံးကြောင်း

